The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday , 16 November 2016 (၈၇၄၇)



# စီးပွားရေးဇုန်များတည်ဆောက်ရာတွင် ပြည်တွင်းတည်ငြိမ်အေးချမ်းမှု ပံ့ပိုးပေးနိုင်ရေး ထည့်သွင်းစဉ်းစားရမည်

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာအထူးစီးပွားရေးဇုန်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

အဖွင့်မိန့်ခွန်းပြောကြား

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဖွင့်မိန့်ခွန်းပြောကြားစဉ်။**

(သတင်းစဉ်)

# မောင်တောမြို့နယ်တွင် စပါး စတင်ရိတ်သိမ်း

**မောင်တော နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အနှံ့အပြားတွင် စပါးများ ရင့်မှည့်နေပြီဖြစ်၍ ရိတ်သိမ်းခြွေလှေ့မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

"ကျွန်တော်တို့မိသားစုက လယ်ယာလုပ်ငန်းတစ်ခုတည်းနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုနေရတာပါ။ ကျွန်တော့်မိသားစုပိုင်တာ လယ်ဧက ၂၀ ရှိပါတယ်။ တစ်ဧက အထွက်နှုန်းကတော့ စပါးတင်း ၅၀၊ ၆၀ ဝန်းကျင်လောက်ထွက်ပါတယ်။ အခုနောက်ပိုင်း မိုးစပါးအထွက်နှုန်းက လျော့သွားတယ်။ အရင်ကဆို အထွက်နှုန်း ဒီထက်ပိုများပါတယ်" ဟု မောင်တောမြို့နယ် မြို့သူကြီးကျေးရွာမှ လယ်သမားတစ်ဦးက ပြောသည်။

မောင်တောခရိုင်တွင် လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြကြောင်းနှင့် မိုးစပါးများရိတ်သိမ်းပြီးပါက ဆောင်းသီးနှံများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြောင်း၊ ဆောင်းသီးနှံအနေဖြင့် ပဲအမျိုးမျိုး၊ ငရုတ်၊ ခရမ်းသီး၊ ခရမ်းချဉ်သီး တို့ကို စိုက်ပျိုးကြကြောင်း သိရသည်။

"ဒီနှစ်မိုးစပါးစိုက်တာ စုစုပေါင်း ၁၄ ဧက ရှိပါတယ်။ ကျွန်တော်က ကိုယ်ပိုင်လယ်မြေမရှိပါဘူး။ သူများဆီက အငှားယူစိုက်ပျိုးရတာဖြစ်ပါတယ်။ တစ်ဧကကို ငှားရမ်းခ ၂၅ တင်း ပေးရပါတယ်။ ဒီနှစ်ကတော့ အရင်ထက် အထွက်နှုန်းနည်းနည်းပိုမယ်လို့ ထင်ပါတယ်။ မနှစ်ကဆို ကိုယ့်အတွက် သိပ်မကျန်လိုက်ဘူး။ ဒီနှစ်တော့ အနည်းဆုံး စပါးတင်းပေါင်း ၂၀၀ လောက်တော့ ကိုယ့်အတွက် ကျန်မယ်လို့ ထင်ပါတယ်" ဟု မြို့သူကြီးကျေးရွာမှ ဦးအေးသာကျော်က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့



မောင်တောမြို့နယ် မြို့သူကြီးကျေးရွာတွင် ရင့်မှည့်နေသည့်စပါးများကို လယ်သမားများရိတ်သိမ်းနေစဉ်။



ကြေးမုံ

## အများပြည်သူအကျိုးစီးပွား အလေးထား

သတင်းမီဒီယာခေတ်ကာလတွင် မီဒီယာအသီးသီးတို့က ၎င်းတို့၏ မီဒီယာမူဝါဒ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြဋ္ဌာန်းထားသော ကျင့်ဝတ်တို့ကို မျက်မှောက်ပြုကာ ရေးသားတည်းဖြတ်ဖော်ပြတတ်ကြသည်။ သတင်းမီဒီယာအားကောင်းလာသော မျက်မှောက်ကာလ၌ သတင်းတည်းဖြတ်မှုနှင့် ပုံနှိပ်ဖော်ပြသည့် အကြောင်းအရာပိုင်းနှင့်ပတ်သက်ပြီး သတင်းမီဒီယာကျင့်ဝတ်ကို ပြဋ္ဌာန်းထားရာ လိုက်နာကျင့်သုံးကြသည်ဆိုသော်လည်း အားနည်းချက်များရှိနေသည်ကို ဝန်ခံရမည်ဖြစ်သည်။

ပြဋ္ဌာန်းထားသောကျင့်ဝတ်များတွင် တိကျမှု၊ ဘက်မလိုက်မှုနှင့်မျှတမှုကို ဦးစွာဖော်ပြထားရာ အဆိုပါအချက်သည် သတင်းမီဒီယာသမားများအတွက် နိစ္စဓူဝအထူးလိုက်နာဆောင်ရွက်ရမည်ဟု ကျွန်ုပ်တို့မှတ်ယူပါသည်။ အခြားအချက်မှာ ယနေ့ကာလမီဒီယာများ အလေးထားဆောင်ရွက်လာသော အများပြည်သူအကျိုးစီးပွားဟူသော အချက်ပင်ဖြစ်သည်။ ကျင့်ဝတ်လမ်းညွှန်ချက်များအား ဖောက်ဖျက်သည်ဟု သတ်မှတ်ယူဆနိုင်သော လုပ်ဆောင်ချက်များသည် အများပြည်သူအကျိုးစီးပွားဖြစ်စေသည်ဟု ခိုင်လုံပါက လက်ခံအသိအမှတ်ပြုရမည်ဖြစ်သည်။

အများပြည်သူအကျိုးစီးပွားဟုဆိုရာတွင် သတ်မှတ်ချက်များ များပြားလှသဖြင့် အယူအဆ လွဲမှားမှုများဖြစ်နိုင်သည်။ ထင်ရှားသောဥပမာအဖြစ် ရာဇဝတ်မှု၊ အဂတိလိုက်စားမှု၊ ဆိုးရွားသော ကျင့်ဝတ်ဖောက်ဖျက်မှုများကဲ့သို့ အမှုကိစ္စများအား ထောက်လှမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့်ကြိုတင်ကာကွယ်တားဆီးခြင်း၊ အများပြည်သူကျန်းမာရေးနှင့်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ အများပြည်သူ ရေလိုက်လွဲစေရန် ကြိုးပမ်းမှုများကို ကာကွယ်တားဆီးခြင်းနှင့် အများပြည်သူ၏ သတင်းအချက်အလက်သိပိုင်ခွင့်ကို ဖြည့်ဆည်းပေးခြင်းတို့ရှိသည်။

အများပြည်သူအကျိုးစီးပွားဆိုသည်နှင့် အများပြည်သူ စိတ်ဝင်စားမှု မတူညီသည်ကိုလည်း သတိပြုမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် စပ်စုလိုစိတ်သက်သက်၊ သိက္ခာချလိုစိတ်သက်သက်ဖြင့် လုပ်ဆောင်လိမ့်မည်မဟုတ်ချေ။ မည်သို့သော အခြေအနေမျိုးတွင်မဆို ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များ မှန်ကန်မျှတကြောင်းကို အများပြည်သူ အကျိုးစီးပွားအား အခြေခံကြောင်းနှင့် တရားဝင်ဖြစ်ကြောင်းကို ဖော်ထုတ်ပြသရန် ကြိုးစားသွားမည်ဖြစ်သည်။

ယနေ့ကာလတွင် သတင်းဖြစ်လျှင်ပြီးစတမ်း၊ သတင်းမှန်လျှင်ထည့်စတမ်းမူဝါဒကို ကျွန်ုပ်တို့လက်မခံပါ။ အချို့သော မှုခင်းသတင်းများမှာ မကောင်းမှုကိုရှောင်ကြဉ်ရန်ထက် မကောင်းမှုကိုအားပေးသည့် ရေလာမြောင်းပေး၊ နည်းပေးလမ်းပြသဘောဆောင်တတ်သည်လည်း ရှိသည်။ ထို့ကြောင့် သတင်းမှန်သော်လည်း အများပြည်သူအကျိုးစီးပွားကို ရှေးရှုပြီး ဖော်ပြရန်သင့်၊ မသင့်စဉ်းစားဆုံးဖြတ်ရမည်သာဖြစ်သည်။

သတင်းလည်းမှန်စေ၊ ပြည်သူကိုလည်း အကျိုးပြုစေဟူသော မူဝါဒသည်သာ အပြစ်ကင်းစင်၍ မှန်ကန်သည့်မူဝါဒဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ပါသည်။ သို့သော်လည်း ၎င်းမူဝါဒကို အလွဲသုံးနေသည့်သဘောများကိုလည်း မြင်တွေ့နေရသည်။ မတရားပြုမှု၊ လိမ်လည်မှု၊ အလွဲသုံးစားပြုမှု အစရှိသော အမှုတို့၌ တစ်ခါတစ်ရံ ယင်းတို့ကို ပြည်သူတို့နှင့်မသက်ဆိုင်၊ ပုဂ္ဂလိကအရေးသာဖြစ်သည်ဟူ၍ ချန်ထားမိတတ်သည်။ ၎င်းသို့ဖုံးဖိသည် ရှိသော် မသမာမှုကို အားပေးရာရောက်နိုင်သည်။ တစ်ခါတစ်ရံတစ်ဆင့်စကားဖြင့် မမှန်မကန် ရေးသားမိသည်လည်းရှိသည်။ ၎င်းသို့ရေးသော် ကျင့်ဝတ်ဖောက်ဖျက်၍ အမှုရောက်သည်။

မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီခေတ်ကာလတွင် ကျွန်ုပ်တို့အနေဖြင့် တိကျမှု၊ ဟန်ချက်ညီမှု၊ မျှတမှု၊ တစ်ပါးသူကို လေးစားမှု စသည့်တာဝန်များရှိနေပြီး ပြည်သူလူထု၏ သတင်းသိပိုင်ခွင့် အခွင့်အရေးကိုလည်း အာမခံချက်ပေး အလေးထားရမည်ဖြစ်သည်။ တစ်သီးပုဂ္ဂလအခွင့်အရေးများကို အလေးထားရမည်ဖြစ်ပြီး မီဒီယာများ၏ အမြင့်ဆုံးသော ပရော်ဖက်ရှင်နယ်ကျင့်ဝတ်စံနှုန်းများကို လိုက်နာရမည်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် မည်သူ့ကိုထိခိုက်ထိခိုက် မှန်လျှင်ပြီးစတမ်းဟူသော အစွန်းတရားကိုလည်းကောင်း၊ ပုဂ္ဂလိကအကြောင်းအရာများသည် ပြည်သူ့အကျိုးနှင့်မဆိုင်ဟူသော အစွန်းတရားကိုလည်းကောင်း အစွန်းနှစ်ပါးမှလွတ်သည့် သဘောတရားများနှင့် အများပြည်သူနှင့်နိုင်ငံအကျိုးရှိစေမည့် ကျင့်ဝတ်များနှင့်အညီ လိုက်နာအားထုတ်ကြရမည်ဟု ခံယူထားပါ သည်။ ။

# ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်းအတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၅**



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမဆောင်တွင် မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ အထူးအဖွဲ့များနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံမှာကြားသည်။

ဆက်လက်၍ အမှတ်(၂) အာဆီယံ ဟိုင်းဝေးလမ်းမကြီးဖြစ်သည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (တာကော်-မိုင်းပြင်း-ကျိုင်းတုံအပိုင်း) ကီလိုမီတာ ၆၂၀ နှင့် ၆၃၉ ကီလိုမီတာကြားတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ခရိုင်နှင့် အထူးအဖွဲ့တို့မှ ကျောက်ခင်းခြင်း၊ Box Culvert တည်ဆောက်ခြင်းနှင့် ကျောက်စီမြေကာနံရံ တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လမ်းအင်္ဂါရပ်နှင့်အညီ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် သက်တမ်းကြာမြင့်ပြီဖြစ်သော တံတားအမှတ် (၃/၂၈၄) တာကော်တံတားသို့ ရောက်ရှိပြီး တံတားအောက်ပိုင်းနှင့် အပေါ်ပိုင်း ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (တာကော်-တောင်ကြီး)အပိုင်း ၃၇၅ ကီလိုမီတာနှင့် ၄၅၃ ကီလိုမီတာ) အကြားတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လမ်းအထူးအဖွဲ့-၄ မှ စက်ယန္တရားများဖြင့် ကျောက်တောင်မိုင်းခွဲ လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို လည်းကောင်း၊ ကွန်ဟိန်းတံတားကြံ့ခိုင်မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

နိုဝင်ဘာ ၁၄ ရက်တွင် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော မိတ္ထီလာ- တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (မိတ္ထီလာ-တောင်ကြီးအပိုင်း) အား စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိတ္ထီလာမြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်ထားရှိမှုအခြေအနေကို လည်းကောင်း၊ ရန်ကုန်-တောင်ငူ-မိတ္ထီလာ-မန္တလေး ပြည်ထောင်စုလမ်းမကြီး (မိတ္ထီလာ-တပ်ကုန်းအပိုင်း) လမ်းပြုပြင် ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရှင်ဥပဂုတ္တမထေရ်မြတ် ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၁၅** - မွန်ပြည်နယ် မော်လမြိုင်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှင်ဥပဂုတ္တမထေရ်မြတ် ပူဇော်ပွဲနှင့် ဆွမ်းအိုးမျှောပွဲကို နိုဝင်ဘာ ၁၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၄ နာရီခန့်တွင် သံလွင်မြစ်ကမ်းနားလမ်းတစ်လျှောက်၌ပြုလုပ်ရာ စေတနာရှင်ပြည်သူများက ဆွမ်းအိုးသပိတ်များဖြင့် လာရောက်ဖူးမြော် လှူဒါန်းကြပြီး ကမ်းနားလမ်းရှိ ရပ်ကွက်များမှ စတုဒိသာများဖြင့် စည်ကားသိုက်မြိုက်စွာ ကျွေးမွေးဧည့်ခံကြသည်။ ထို့နောက် ညနေ ၃ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သလွံစေတီတော်မြတ်ကြီး၌ ဆွမ်းခြောက်လောင်းလှူပွဲကျင်းပရာ သံဃာတော်အပါး ၁၁၈ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**




## နှင်းဆီကုန်းဘိုးဘွားရိပ်သာ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ (၅၅) ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော်ကို ဒီဇင်ဘာ ၃ ရက်(စနေနေ့)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဈေးပွဲတော်တွင် ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများ၊ ပညာရေးမိသားစုများနှင့် ပုဂ္ဂလိကစေတနာရှင်များက မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများ၊ ရှမ်းအစားအစာ၊ ကိုရီးယားအစားအစာ၊ အဝတ်အထည်၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်နှင့် လက်ဆောင်ပစ္စည်းဆိုင်၊ စာအုပ်ဆိုင်များက ညနေ ၃ နာရီမှ စတင်ရောင်းချကြမည်ဖြစ်သည်။ ရောင်းချရငွေများကို ပြန်လည်လှူဒါန်းကြမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲတွင် ဘောလုံးပေါက်၊ မြားပစ်ကစားနည်းများ ပါဝင်မည့်အပြင် "ပန်းသီးတို့အဖွဲ့"က အငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်းနှင့် ပျော်ပွဲရွှင်ပွဲဝင်ကြေးမှာ ကလေး၊ လူကြီးတစ်ဦးလျှင် ကျပ် ၂၀၀ ဖြစ်ကြောင်း သိရသည်။

**(ကိုချစ်)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အောဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၁၃၅၁

■ **ရွှေဖုံးမှ**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ပြည်သူပြည်သားများ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် နေထိုင်နိုင်ရန်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အဓိကဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ရုပ်ပိုင်းဆိုင်ရာအရ ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်သလို အခြားစိတ်ပိုင်းဆိုင်ရာ၊ ဉာဏ်ပိုင်းဆိုင်ရာ၊ အနုပညာပိုင်းဆိုင်ရာ တိုးတက်မှုလည်း မရှိနိုင်ပါကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရန် ပြည်သူများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု အလုံအလောက်ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စီးပွားရေးဇုန်များကို တည်ဆောက်ရာတွင် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုအတွက် ပံ့ပိုးပေးနိုင်ရေးကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အောင်မြင်မှုရရန် စီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်မှုသည် များစွာအရေးကြီးပါကြောင်း၊ ယခုရေတိုအတွင်း ဖြစ်မြောက်အောင် လုပ်ကိုင်ရမည့်ကိစ္စသည် အလုပ်အကိုင်အခွင့်အလမ်းဖြစ်ပါကြောင်း၊ အလုပ်အကိုင်မရှိခြင်းသည် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာမက လူသားများ၏ အကျင့်စာရိတ္တကို ပျက်စီးစေပါကြောင်း၊ အကျင့်စာရိတ္တမကောင်းပါက မည်သို့မျှ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကိုထူထောင်နိုင်မည်မဟုတ်ပါကြောင်း၊ ပြည်သူလူထုအတွက် ပညာရေးနှင့် ကျန်းမာရေးစနစ်ကို ပြည့်ပြည့်စုံစုံပံ့ပိုးပေးနိုင်ရန် ငွေကြေးတောင့်တင်းရေးသည် အရေးကြီးပါကြောင်း၊ မိမိတို့ပြည်သူများ ဖူဖူလုံလုံ ပြည့်ပြည့်စုံစုံဖြစ်အောင် အချိန်တိုအတွင်းရောက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။



**မြန်မာအထူးစီးပွားရေးဇုန်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။**

အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများ၏ အောင်မြင်မှုဖြင့် မိမိတို့နိုင်ငံ၏ တည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုအပေါ် နိုင်ငံတကာမှ ယုံကြည်မှုရရှိရေးကိုလည်း တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်များသည် နိုင်ငံရေးနှင့် စီးပွားရေးအရ သိမ်မွေ့သည့်နေရာတွင် ရှိပါကြောင်း။

မိမိတို့အထူးစီးပွားရေးဇုန်များနှင့်စပ်လျဉ်း၍ သတိပြုရမည်မှာ လုပ်ရမည့်ကိစ္စ မလုပ်ခြင်း၊ အမုန်းမခံနိုင်ခြင်း၊ ကျွမ်းကျင်ပိုင်နိုင်မှုမရှိခြင်းနှင့် လုပ်ငန်းကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကြောင့် နောက်ဆုံးတွင် မိမိတို့ပြည်သူများ နစ်နာမည်ကို စိုးရိမ်မိပါကြောင်း။

ယခုစီးပွားရေးဇုန်များသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ပြေး စီမံကိန်းများဖြစ်ပါကြောင်း၊ ရှေ့ပြေးကောင်းမှ အနာဂတ်ကောင်းမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းလက်တွေ့ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထူးစီးပွားရေးဇုန်များသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်ဆက်စပ်မှုရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဝင်များအနေဖြင့် စေတနာရှေ့ထားပြီး ပေးဆပ်လိုမှုဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဆက်အောင်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာထွန်းနိုင်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်တို့က ဇုန်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးဖေဇင်ထွန်း၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးဝင်းခိုင်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံဆိုင်ရာကိစ္စများနှင့် ဥပဒေပိုင်းဆိုင်ရာ ဆောင်ရွက်သင့်သည်များကို ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းပေးသည်။

**(သတင်းစဉ်)**



**မြန်မာအထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းတင်ပြစဉ်။**



**သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဆက်အောင် သီလဝါအထူးစီးပွားရေးဇုန် ဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြစဉ်။**



မောရဝတီကျေးရွာတွင် စက်ဖြင့် စပါးရိတ်သိမ်းနေစဉ်။

❒ **မောင်တောမြို့နယ်မှ**

မောင်တောခရိုင်အတွင်း အဓိကအားထားစိုက်ပျိုးသော စပါးမျိုးမှာ မနော်သုခ-၂၊ ဆင်းသွယ်လတ်၊ ရတနာအောင်၊ သီးထပ်ရင်နှင့် ဗီယက်နမ် ဟူသည့် သက်ငယ်၊ သက်လတ် စပါးမျိုးများဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးစပါးကို သုံးဧကလောက်ပဲ စိုက်ပျိုးခဲ့တာပါ။ မိသားစုကလည်းနည်းတော့ အရင်ကလောက် စပါးကို မစိုက်ပျိုးဖြစ်တော့ဘူး။ ဒီဒေသမှာက မိုးစပါးပိုထွက်ပါတယ်။ နွေစပါးကတော့ အထွက်နှုန်း နည်းနည်းလျော့တာပေါ့။ ဒါပေမယ့် အခုနောက်ပိုင်း အထွက်နှုန်းကတော့ လျော့တာချည်းပါပဲ။ ကျွန်တော်တို့က မြေဆီဩဇာမှ မကျွေးနိုင်တာ။ မြေဆီဩဇာကလည်း အရင်ကလို မဟုတ်ဘူး။ ဈေးက အလွန်ကြီးတော့ လယ်သမားတွေ အနေနဲ့မတတ်နိုင်ဘူး။ ဒါကြောင့် စပါးအထွက်နှုန်းတွေလျော့လာတာ။ အရင်ကတော့ ဓာတ်မြေဩဇာမကျွေးနိုင်ရင်တောင် သဘာဝနွားချေးတို့၊ ဆိတ်ချေးတို့ ကျွေးတာရှိသေးတယ်။ အခုနောက်ပိုင်း မြေဆီဩဇာဆိုလို့ ဘာမှကို မကျွေးကြတော့တာ"ဟု မောင်တောမြို့နယ် အင်းဒင်ကျေးရွာမှ ဦးရွှေလှိုင်မောင်က ပြောသည်။

မိမိတို့အဖွဲ့ မောရဝတီကျေးရွာဘက်သို့ရောက်ခဲ့စဉ်က စပါးရိတ်စက်များကို အသုံးပြု၍ စပါးများရိတ်သိမ်းနေသည်ကို တွေ့ရှိခဲ့ရပြီး စပါးရိတ်စက် ၄၀ ကို ဌာနမှ ငှားရမ်းပေးကာ ဌာနဝန်ထမ်းများ အကူအညီနှင့် သင်တန်းတက်ရောက်ခဲ့သူများဖြင့် စပါးများ ရိတ်သိမ်းနေကြကြောင်း သိရသည်။

ဘူးသီးတောင် - မောင်တောကားလမ်း၊ မောင်တော-ကြိမ်ချောင်းလမ်း၊ ထိုမှ တောင်ပြိုလက်ဝဲမြို့သွားရာလမ်းနှင့် မောင်တောမှ အလယ်သံကျော်ကျေးရွာတို့သို့ သွားရာလမ်းဘေးတစ်လျှောက် သတင်းသွားယူစဉ် ရင့်မှည့်အောင်မြင်နေသော စပါးခင်းများတွေ့ခဲ့ရပြီး လူအင်အားဖြင့်လည်းကောင်း၊ စက်ကိရိယာများဖြင့်လည်းကောင်း ရိတ်သိမ်းခြွေလှေ့နေသည်ကို တွေ့မြင်ခဲ့ရသည်။

လယ်သမား အများစု၏ စကားသံများအရ စပါးခင်းကို စိုက်ပျိုးပြီး နောက်ပိုင်းတွင် မြေဩဇာကျွေးခြင်း၊ ပိုးသတ်ဆေးများ အသုံးပြုနိုင်ခြင်းမရှိသဖြင့် တစ်ဧကအထွက်နှုန်းမှာ နည်းပါးနေရာ သွင်းအားစုများ ထည့်သွင်းနိုင်အောင် ကူညီပံ့ပိုးပေးနိုင်ပါက ပြည်နယ်နှင့် ဒေသအတွက် အကျိုးများမည်ကို မြင်တွေ့ခဲ့ရပါကြောင်း။

**သတင်း-ကိုသက်နှင့်အဖွဲ့**
**ဓာတ်ပုံ-မင်းထက်၊ ဖိုးထောင်**

# ပညာရေးဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ပညာသင်နှစ် နွေသင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နိုင်ငံခြားဘာသာတက္ကသိုလ်များအတွက် ပထမနှစ် နွေသင်တန်းများကို ၈-၁၂-၂၀၁၆ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပထမနှစ် နွေသင်တန်းဝင်ခွင့်ရသူများစာရင်းကို ၁၇-၁၁-၂၀၁၆ ရက်မှစပြီး သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ကြောင်းနှင့် ပညာရေးဝန်ကြီးဌာန website http://www.myanmar-education.edu.mm/ တွင်လည်း ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံးကို ၁-၁၂-၂၀၁၆ ရက်နေ့မှ စတင်၍ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စတုဒိသာကျွေးမွေးလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် (၁၄၇)လမ်း မိသားစုနှင့် တစ်ဦးချင်း ပုဂ္ဂလိကအလှူရှင်တို့က ၁၃၇၈ ခုနှစ် တန်ဆောင်တိုင် ဆီမီးထွန်းညှိပူဇော်ပွဲအထိမ်းအမှတ်အဖြစ် တန်ဆောင်မုန်းလဆန်း (၁၄) ရက်ညတွင် မုန့်ဟင်းခါးနှင့် "လှ" နို့အေးချောင်း၊ လပြည့်နေ့ညတွင် မဲဇလီဖူးဟင်းချိုနှင့် လပြည့်ကျော်(၁)ရက် ယနေ့ညတွင် ပေါင်မုန့်ထုပ်များ စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းဝေငှခဲ့ကြောင်း သိရသည်။ **(ကိုချစ်)**

# ဘင်္ဂလားဒေ့ရှ်က တရုတ်နိုင်ငံမှ ရေငုပ်သင်္ဘောများ ဝယ်ယူ



**ဒါကာ နိုဝင်ဘာ ၁၅**
ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဘင်္ဂလားပင်လယ်အော်ရှိ ၎င်းတို့၏ရေတပ်စွမ်းပကားကို မြှင့်တင်သည့်အနေဖြင့် တရုတ်နိုင်ငံမှ ဝယ်ယူခဲ့သော ရေငုပ်သင်္ဘောများကို တနင်္လာနေ့တွင် ပထမဆုံးအကြိမ်ပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရေငုပ်သင်္ဘောနှစ်စင်းအတွက် အမေရိကန်ဒေါ်လာ ၂၀၃ သန်း ပေးချေခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။ ယင်းကဲ့သို့ ဝယ်ယူခဲ့ခြင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့် တရုတ်နိုင်ငံနှင့်စစ်ဘက်ဆိုင်ရာဆက်ဆံရေး တိုးတက်မှုရှိကြောင်း ထင်ဟပ်နေခြင်းဖြစ်သည်။

ရေငုပ်သင်္ဘောနှစ်စင်းသည် လာမည့်နှစ်စတွင် နိုင်ငံ၏ရေတပ်သင်္ဘောအုပ်စုတွင် ပါဝင်လာမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်တပ်မတော်၏ ပြောရေးဆိုခွင့်ရှိသူအမျိုးသမီး တာပိုရှီ ရာဘီယာက ပြောကြားသည်။

"ဒီရေငုပ်သင်္ဘောတွေက ဘင်္ဂလားဒေ့ရှ်ကာကွယ်ရေးတပ်မတော်အတွက် ပထမဆုံးအကြိမ် ဝယ်ယူနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ရာဘီယာက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်သည် လွန်ခဲ့သည့်နှစ်များကတည်းက ၎င်း၏ကာကွယ်ရေးစွမ်းရည်ကို တိုးမြှင့်နေခဲ့သည်။ အိမ်နီးချင်းမြန်မာနိုင်ငံနှင့်နယ်စပ်အနီးတွင် လေတပ်အခြေစိုက်စခန်းသစ်တစ်ခုတည်ဆောက်ခြင်း၊ နိုင်ငံတစ်ဝန်းတွင်လည်း စစ်စခန်းသစ်များဖွင့်လှစ်ခြင်းနှင့် ရေတပ်အတွက် စစ်သင်္ဘောသစ်များထပ်မံဖြည့်စွက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

၂၀၁၃ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာသည် လေ့ကျင့်ရေးတိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် တင့်ကားဖျက်ဒုံးကျည်များဝယ်ယူရန် ဒေါ်လာတစ်ဘီလီယံတန်ဖိုးရှိ စာချုပ်တစ်ခုကို ရုရှားနိုင်ငံနှင့် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။

**အေအက်ဖ်ပီ။**

# ထရန့်အနေဖြင့် သမ္မတတာဝန်ကို လက်တွေ့ကျကျလုပ်ဆောင်နိုင်မည်ဟု အိုဘားမား မျှော်လင့်

**ဝါရှင်တန် နိုဝင်ဘာ ၁၅**
ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်သည် မဲဆွယ်စည်းရုံးခဲ့စဉ်က ပြောကြားခဲ့သည့် အငြင်းပွားဖွယ်လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် အခြားသော မူဝါဒများမှသွေဖည်၍ အိမ်ဖြူတော်တွင် လက်တွေ့ကျကျ လုပ်ဆောင်သွားလိမ့်မည်ဟု ယူဆကြောင်း အမေရိကန်သမ္မတ ဘာရက် အိုဘားမားက ပြောကြားသည်။



အိုဘားမားက အဆိုပါမှတ်ချက်စကားကို ရွေးကောက်ပွဲပြီးနောက် တနင်္လာနေ့တွင် ပထမဆုံးအကြိမ် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ယင်းသတင်းစာရှင်းလင်းပွဲကို အိုဘားမား၏ သမ္မတသက်တမ်းအတွင်း နောက်ဆုံးအကြိမ် ပြည်ပခရီးစဉ်မတိုင်မီ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခြင်းနှင့် အာဏာပိုင်အစိုးရအဖြစ်အုပ်ချုပ်ရခြင်း မတူညီကြောင်း အိုဘားမားက ထရန့်ကို အကြံပြုပြောကြားခဲ့သည်ဟု ဆိုသည်။ ၎င်း၏ အကြံပြုချက်ကို ထရန့် လက်ခံသဘောပေါက်လိမ့်မည်ဟု ထင်မြင်ကြောင်း ဆက်လက်ပြောကြားသည်။

သမ္မတရုံးဆိုသည်မှာ အခြားသောနေရာများထက် တက်ကြွလှုပ်ရှားနေရသည့် နေရာတစ်ခုဖြစ်သည်ဟု အိုဘားမားက ပြောကြားသည်။ သမ္မတရာထူးတာဝန်သည် အမှန်တကယ် ပြောင်းလဲလိုသည့်အရာများကို ပြောင်းလဲပေးနိုင်သည့်နေရာတစ်ခု မဟုတ်ကြောင်း ထရန့် မကြာမီ သဘောပေါက်နားလည်မှာပါဟု အိုဘားမားက ပြောကြားသည်။

မဟာမိတ်နိုင်ငံများနှင့် ဆက်ဆံရေး ပြန်လည်သုံးသပ်မည်ဟု ထရန့်၏ မကြာသေးမီက ပြောကြားချက်နှင့် ပတ်သက်၍လည်း ထရန့်သည် အမေရိကန်၏ အဓိကကျသည့် မဟာဗျူဟာဆက်ဆံရေးကို ထိန်းသိမ်းလုပ်ဆောင်သွားရန် အလေးအနက်စိတ်ဝင်စားကြောင်း ပြသခဲ့သည်ဟု အိုဘားမားက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

❐

# ဥရောပလုံခြုံရေး ကာကွယ်ရေးအစီအစဉ် အီးယူကာကွယ်ရေးနှင့်နိုင်ငံခြားရေးဝန်ကြီးများ သဘောတူ

**ဘရပ်ဆဲလ် နိုဝင်ဘာ ၁၅**
လျှပ်တစ်ပြက်တုံ့ပြန်တိုက်ခိုက်ရေးတပ်ဖွဲ့များကို ပြည်ပသို့ ပထမဆုံးအကြိမ် စေလွှတ်ရေးကို ခွင့်ပြုပေးမည့် ကာကွယ်ရေးအစီအစဉ်တစ်ရပ်ကို ဥရောပသမဂ္ဂ(အီးယူ)က သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့က ငြိမ်းချမ်းရေးထိန်းသိမ်းမှုတာဝန်ကို လွှဲပြောင်းရယူခြင်းမရှိမီ တည်ငြိမ်မှု ထိန်းသိမ်းနိုင်ရေးအတွက် ဥရောပသမဂ္ဂကတပ်ဖွဲ့များ စေလွှတ်ခွင့်ရှိစေမည့် အစီအစဉ်တစ်ရပ်ကို အီးယူကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီလိုက်ကြခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်က ဥရောပမဟာမိတ်နိုင်ငံများနှင့်ပတ်သက်၍ မဲဆွယ်စည်းရုံးရေးကာလအတွင်း ဝေဖန်မှုများပြုလုပ်ခဲ့ပြီးနောက် ဥရောပနိုင်ငံများမှ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးများက ၎င်းတို့၏ စုပေါင်းကာကွယ်ရေးမဟာဗျူဟာကို ပြောင်းလဲရန် ဆွေးနွေးခဲ့ကြသည်။

ဥရောပလုံခြုံရေးကိစ္စရပ်များတွင် အမေရိကန်၏ အခန်းကဏ္ဍမပါဘဲ မိမိဘာသာမိမိရပ်တည်လုပ်ကိုင်သွားရန် အီးယူက လိုလားလျက်ရှိသည်။

ဥရောပတိုက်သည် မိမိ၏လုံခြုံရေးအတွက် မိမိကိုယ်တိုင် လုပ်ဆောင်နိုင်စွမ်းရှိရန်လိုလားကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဂျင်းယက်လီဒါရီပန်က သတင်းထောက်များအား ပြောကြားသည်။

ဥရောပသမဂ္ဂ၏ လုံခြုံရေး အစီအစဉ်သစ်မှာ ၁၆ မျက်နှာပါရှိပြီး လုံခြုံရေးဆိုင်ရာ အထူးလုပ်ငန်းတာဝန်များနှင့် ရည်မှန်းချက်များပါဝင်သည်။

**ရိုက်တာ။**

# အဂတိလိုက်စားမှုအရှုပ်တော်ပုံအရ ရုရှားစီးပွားရေးဝန်ကြီးကို ထိန်းသိမ်း

**မော်စကို နိုဝင်ဘာ ၁၅**
အဂတိလိုက်စားမှု အရှုပ်တော်ပုံတစ်ရပ်အရ ရုရှားစီးပွားရေးဝန်ကြီး အလက်ဇီ ယူလျူကာယက်ကို ထိန်းသိမ်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် (၆၀) အရွယ်ရှိ နည်းပညာရှင် အုပ်ချုပ်ရေးသမားတစ်ဦးဖြစ်သူ ယူလျူကာယက်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးအရ ထိန်းသိမ်းလိုက်သည်ဟု နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ထုတ်ပြန်ကြေညာသည်။

နိုင်ငံပိုင် ရို့စ်နက်ရေနံကုမ္ပဏီက အခြားနိုင်ငံပိုင်ကုမ္ပဏီတစ်ခုဖြစ်သော ဘက်ရှ်နက်ရေနံကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူခွင့်ရရှိရေးအတွက် အစိုးရထံမှ ခွင့်ပြုချက်ရရှိရေးကြိုးပမ်းရာတွင် ယူလျူကာယက်က ရို့စ်နက်ကုမ္ပဏီထံမှ လာဘ်ငွေဒေါ်လာ နှစ်သန်းရယူခဲ့သည်ဟု နိုင်ငံပိုင်အေဂျင်စီဖြစ်သော စုံစမ်းစစ်ဆေးရေးကော်မတီက ပြောကြားခဲ့ပြီးနောက် အထက်တန်းတာဝန်ရှိသူတစ်ဦးက ထိန်းသိမ်းလိုက်ခြင်းဖြစ်သည်။

ယူလျူကာယက်ကို ရာဇဝတ်ကြောင်းအရ အမှုဖွင့်ထားပြီး မကြာမီတွင် စုံစမ်းစစ်ဆေးရေးမှူးများက ၎င်းအား စွဲချက်တင်ရန် စီစဉ်ထားကြောင်း



စုံစမ်းစစ်ဆေးရေးကော်မတီကထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံ၌ အထက်တန်းအဆင့် တာဝန်ရှိသူတစ်ဦးကို ထိန်းသိမ်းခြင်းမှာ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခဲ့ပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။ ယူလျူကာယက်သည် ၂၀၁၃ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။ **ရိုက်တာ။**

# ထရန့်နှင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန် အာဘေး ကြိုးပမ်းမည်

**တိုကျို နိုဝင်ဘာ ၁၅**
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက နိုဝင်ဘာ ၁၇ ရက်တွင် နယူးယောက်မြို့တော်၌ အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်နှင့်တွေ့ဆုံရန် စီစဉ်လျက်ရှိသည်။

အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန်မျှော်လင့်ချက်များဖြင့် လွတ်လပ်သောကုန်သွယ်မှုအပါအဝင် ကိစ္စရပ်များကို ဒေါ်နယ်ထရန့်နှင့်ဆွေးနွေးရန် စီစဉ်နေကြောင်း ရှင်ဇိုအာဘေးက ဥပဒေပြုအမတ်များကို ပြောကြားသည်။ ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ကုန်သွယ်မှုသဘောတူညီချက်၏အရေးပါမှုကို အလေးပေးရန် လည်းရည်ရွယ်ကြောင်း၊ ရီပတ်ဘလီကန်ပါတီ ကြေညာထားသော မူဝါဒလမ်းစဉ်၏ အရေးပါသောအစိတ်အပိုင်းတစ်ရပ်အဖြစ် လွတ်လပ်သော ကုန်သွယ်မှုမူဝါဒတစ်ရပ်၏တန်ဖိုးကို ထရန့်က နားလည်သဘောပေါက်မည်ဟု သူယုံကြည်ကြောင်း အာဘေးက ပြောကြားသည်။

ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်သဘောတူညီချက် (TPP)ကို ရှေ့ဆက်မလုပ်ဆောင်နိုင်ပါက တရုတ်နိုင်ငံပါဝင်ပြီး အမေရိကန်ပြည်ထောင်စုမပါဝင်သည့် ဒေသဆိုင်ရာကျယ်ပြောသော စီးပွားရေးမိတ်ဖက်ဆောင်ရွက်မှု (RCEP)မှာ အရေးပါသောအဆင့်သို့ ရောက်ရှိလာဟု အာဘေးက ဆိုသည်။

ပီရူးနိုင်ငံတွင် နိုဝင်ဘာ ၁၄ ရက်က စတင်ခဲ့သော အေပက်ထိပ်သီးညီလာခံ၏ ဆက်စပ်အစည်းအဝေးများအတွင်း TPP အဖွဲ့ဝင် နိုင်ငံ့ခေါင်းဆောင်များ တွေ့ဆုံရန် စီစဉ်ထားသည်။ TPP အတည်ပြုလက်မှတ်ရေးထိုးမည့် ၎င်းတို့၏ကတိကဝတ်များကို တာဝန်ရှိသူများက ထပ်လောင်းအတည်ပြုစေလိုကြောင်း အာဘေးက ဆက်လက်ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**

# ရုရှားတိုက်လေယာဉ်တစ်စင်း မြေထဲပင်လယ်တွင်းပျက်ကျ၊ လေယာဉ်မှူးလွတ်မြောက်

**မော်စကို နိုဝင်ဘာ ၁၅**
ရုရှားစစ်ဘက်မှ အမ်အိုင်ဂျီ-၂၉ ဂျက်တိုက်လေယာဉ်တစ်စင်းသည် နိုဝင်ဘာ ၁၄ ရက်က မြေထဲပင်လယ်အတွင်းသို့ ပျက်ကျခဲ့ရာ လေယာဉ်မှူးမှာ အရေးပေါ်ထိုင်ခုံသုံး၍ လေထီးဖြင့်ခုန်ချနိုင်သဖြင့် အသက်ဘေးမှ လွတ်မြောက်သွားခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အိုင်ဂျီ-၂၉ ဂျက်တိုက်လေယာဉ်သည် လေ့ကျင့်ပျံသန်းနေစဉ် စက်ချွတ်ယွင်းမှုကြောင့် မြေထဲပင်လယ်တွင်းရှိ ရုရှားလေယာဉ်တင်သင်္ဘော အက်ဒမိုင်ယယ်ကုဇနက်ဆော့ဗ်ပေါ်သို့ ဆင်းသက်ရန် ချဉ်းကပ်လာစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ယင်းမတော်တဆမှု မည်သည့်နေရာတွင် ဖြစ်ပေါ်ခဲ့ခြင်းနှင့်ပတ်သက်၍ ကြေညာချက်တွင် ဖော်ပြခဲ့ခြင်းမရှိပေ။ အချို့သော သတင်းမီဒီယာများကမူ ယင်းဖြစ်ရပ်မှာ နိုဝင်ဘာ ၁၃ ရက်တွင် ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

ရုရှားနိုင်ငံ၏ တစ်စင်းတည်းသော လေယာဉ်တင်သင်္ဘောကြီး အက်ဒမိုင်ယယ်ကုဇနက်ဆော့ဗ်ကို ရုရှားရေတပ်မှ စစ်ရေယာဉ်များနှင့်အတူ ဆီးရီးယားနိုင်ငံရှိ အကြမ်းဖက်သမားများအား တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်ရန်အတွက် မြေထဲပင်လယ်တွင်း ဖြန့်ကြက်ထားခြင်းဖြစ်သည်။

**ဆင်ဟွာ။**

❐

# မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၅**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ အမှုဆောင်အရာရှိချုပ် မစ္စတာ အလက်ဇန္ဒားဖဲလ်မင်း ဦးဆောင်သော အမေရိကန် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# မြန်မာ-အမေရိကန် ပထမအကြိမ် မိတ်ဖက်အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**
မြန်မာ-အမေရိကန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပထမအကြိမ် မိတ်ဖက်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အစည်းအဝေးတွင် မြန်မာ-အမေရိကန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel၊ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Patrick Murphy နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၅**
မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်အား အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာအလက်ဇန္ဒားဖဲလ်မင်း ဦးဆောင်သော စီးပွားရေးအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာ၌ မြန်မာ-အမေရိကန် နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်ရေး အမေရိကန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရန်အတွက် ဘဏ်လုပ်ငန်းကဏ္ဍအနေဖြင့် နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်းစနစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေပေးချေမှုစနစ် အဆင့်အတန်းမြင့်မားလာစေရေးတို့အတွက် စီစဉ်ထားရှိကြောင်း၊ ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောဥပဒေ၊ စည်းမျဉ်းများကိုလည်း ထုတ်ပြန်ထားရှိပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်နေသော Citi Bank ကိုလည်း မြန်မာနိုင်ငံတွင် ဘဏ်ခွဲလာရောက်ဖွင့်လှစ်ရန် ဖိတ်ခေါ်ပါကြောင်း ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**






# သထုံမြို့ ဘင်လှိုင်ရပ်ကွက်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရိုးရာမပျက် ကျင်းပ

**သထုံ နိုဝင်ဘာ ၁၅**
မွန်ပြည်နယ် သထုံမြို့ ဘင်လှိုင်ရပ်ကွက်တွင် နှစ်စဉ်ကျင်းပသော ရပ်ကွက်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယခုနှစ်တွင် (၃၈) ကြိမ်မြောက်အဖြစ် ဒေဝါဝင်း၊ ရာဇာဝင်းစုံလင်စွာဖြင့် ရိုးရာအစဉ်အလာမပျက် စုပေါင်းကျင်းပခဲ့ကြောင်း သိရသည်။

တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (နိုဝင်ဘာ ၁၅ ရက်) မွန်းလွဲ ၂ နာရီမှစတင်ကာ ကိုးနဝင်းရပ် ဗဟိုမဏ္ဍပ်မှ စတင်လောင်းလှူကြပြီး ဘင်လှိုင်ရပ်ကွက်တစ်ခုလုံးရှိ မဏ္ဍပ်ပေါင်း ၃၀ ကျော်မှ ဆွမ်းဆန်စိမ်း၊ ပဒေသာပင်များ၊ သစ်သီးပဒေသာပင်များနှင့် အခြားလှူဖွယ်ပစ္စည်းများကို စာရေးတံမဲဖြင့် စည်ကားစွာ လောင်းလှူခဲ့ကြခြင်းဖြစ်သည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းပွဲမှာ ဘင်လှိုင်ရပ်ကွက်အတွင်း နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များ ပင့်ဆောင်ပူဇော်ခြင်းအထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပခြင်းဖြစ်ပြီး သထုံမြို့နယ်အတွင်းရှိ သံဃာတော် အပါး ၁၅၀၀ ကျော်နှင့် သီလရှင် အပါး ၂၀၀ ကျော်တို့အား ဒေသခံပြည်သူများက စုပေါင်းလောင်းလှူကြခြင်းဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# မြန်မာနိုင်ငံတွင် ရောဂါထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) တည်ထောင်နိုင်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၅**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တာဝန်ရှိသူများနှင့် အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာန Centers for Disease Control and Prevention (US CDC)မှ တာဝန်ရှိသူများတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ရောဂါထိန်းချုပ်ရေး ဗဟိုဌာန (Myanmar CDC) တည်ထောင်နိုင်ရေးအတွက် ပြုလုပ်သော ဆွေးနွေးပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံရှိ ရောဂါထိန်းချုပ်ရေးဗဟိုဌာန (US CDC) ကဲ့သို့ အစစအရာရာ ပြည့်စုံစေရန် လတ်တလောတွင် မဖြစ်နိုင်သေးသော်လည်း မကြာမီနှစ်များတွင် မြန်မာပြည်သူများအတွက် US CDC ကဲ့သို့ ရောဂါများကို ကာကွယ်နိုင်မည့် ကူးစက်ပြန့်ပွားမှုများကို ထိန်းချုပ်နိုင်မည့် ရောဂါထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) တည်ထောင်နိုင်ရန် မျှော်လင့်ထားပါကြောင်း၊ အဆိုပါဌာနအနေဖြင့် ကူးစက်တတ်သော ရောဂါများကိုသာမက မကူးစက်တတ်သောရောဂါများ (ဥပမာ- သွေးတိုး၊ နှလုံး၊ ဆီးချို) စသည့် ရောဂါများကိုပါ ကာကွယ်ထိန်းချုပ်မှုများ ပြုလုပ်နိုင်ရန်ရည်ရွယ်ပါကြောင်း။

ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် (Myanmar CDC) အနေဖြင့် ကျန်းမာရေး ဝန်ထမ်းများအတွက် လက်တွေ့ကပ်ရောဂါဗေဒနှင့် အခြား လက်တွေ့ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပေးခြင်း၊ ရောဂါဗေဒဆိုင်ရာ ရည်ညွှန်းဓာတ်ခွဲခန်းများအဖြစ် ဆောင်ရွက်ပေးခြင်း၊ ရောဂါထိန်းချုပ်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ပုံမှန်ထက်ပို၍ ထူးကဲစွာ ရောဂါဖြစ်ပွားမှုအခြေအနေများကို ထိန်းချုပ်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဦးဆောင်ကွပ်ကဲမှုပေးနိုင်မည့် ဌာနအဖြစ် ဆောင်ရွက်ခြင်း၊ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးခြင်း၊ ရောဂါနှိမ်နင်းရေး လုပ်ငန်းများကိုဆန်းစစ်ခြင်း၊ သုံးသပ်ခြင်းစသောလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊

မြန်မာနိုင်ငံအနေဖြင့် လူတိုင်း လက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံစောင့်ရှောက်မှုစနစ်များ ရရှိစေရန် ဆောင်ရွက်ရာတွင် မလိုလားအပ်သော ရောဂါဆန်းများ၊ ပုံမှန်ထက် ထူးကဲစွာ ရောဂါဖြစ်ပွားမှု အခြေအနေများသည် ဆောင်ရွက်ဆဲလုပ်ငန်းများကို နှေးကွေးစေနိုင်သည့်အတွက် (Myanmar CDC)ကဲ့သို့ ဌာနသည် အဆိုပါအခြေအနေများကို ရင်ဆိုင်ဖြေရှင်းရာတွင် အလွန်ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊

Myanmar CDC အဖြစ် ပေါ်ပေါက်လာရန် လုပ်ဆောင်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့် အခြေအနေများ လက်တွေ့လုပ်ဆောင်နိုင်မည့် လုပ်ငန်းများပေါ် မူတည်၍ အဆင့်လိုက် လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ပြီး အားလုံးအတူတကွ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်လျှင် ပြည်သူလူထု၏ ကျန်းမာရေး အဆင့်အတန်းမှာ များမကြာမီကာလအတွင်း အဆင့်မြင့်လာမည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး၊ ကူးစက်) ဒေါက်တာသန်းထွန်းအောင်က မြန်မာနိုင်ငံတွင် ရောဂါထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) တည်ထောင်နိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာန Centers for Disease Control and Prevention (US CDC )မှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲမှုဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ကိုယ်စားလှယ်များ၊ US CDC မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတွင် ရောဂါထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) တည်ထောင်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျင့်ဝတ်နှင့်အညီဖြစ်သင့်သည်များ

ဝေယံမောင်

**ကြားခဲ့ဖူးသည်**

အမေရိကန်သတင်းစာလုပ်ငန်းရှင်ကြီး ဂျိုးဇက်ပူလစ်ဇာက စာနယ်ဇင်းတို့လိုက်နာသင့်သော စည်းမျဉ်းသုံးခုရှိပြီး ယင်းတို့မှာ တိကျမှု၊ တိကျမှု၊ တိကျမှု ဟုဆိုပါသည်။

**သိခဲ့ဖူးသည်**

သတင်းထောက်ဆိုတာ လုပ်ကြံဖန်တီးမှုတွေမလုပ်ရဘူး၊ အကြံအဖန်တစ်ခုမှမပါဘူးဟု ရဲရဲတင်းတင်းပြောဆိုနိုင်သူဖြစ်ရပါမည်ဟု ဟီရိုရှီးမားအဏုမြူဗုံးဖောက်ခွဲမှုကိုရေးသားခဲ့သည့် သတင်းထောက်စာရေးဆရာ ဂျွန်ဟာဆေးက ဆိုပါသည်။

**မှားတတ်ကြသည်ဆိုသော်လည်း**

လူသားတိုင်း အမှားနှင့်မကင်းနိုင်ပါ။ သို့သော်လည်း သာမန်လူသားတို့ထက် ကြီးလေးသောတာဝန်ကို ထမ်းဆောင်နေရသည့်စာနယ်ဇင်းသမား(ဝါ)သတင်းမီဒီယာသမားများအနေဖြင့် မိမိရေးသားပြုစုလိုက်သောသတင်းတစ်ပုဒ်၊ အကြောင်းအရာတစ်ခုမှားယွင်းမှုကြောင့် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်း တစ်ခု (သို့မဟုတ်) အများ၏ဂုဏ်သိက္ခာကို ထိခိုက်နစ်နာမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ကြရန် အထူးအရေးကြီးလှပါသည်။

ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် သတင်းမီဒီယာဥပဒေအရ စာနယ်ဇင်းကို နိုင်ငံ၏စတုတ္ထမဏ္ဍိုင်ဟု အလေးအမြတ်ပြုထားပါသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို ထိန်းကျောင်းပေးရန်နှင့် ယင်းမဏ္ဍိုင်(၃)ရပ်နှင့် နိုင်ငံသူ နိုင်ငံသားများဖြစ်သည့် ပဉ္စမမဏ္ဍိုင် ပြည်သူများအကြား ပေါင်းကူးပေးရန် တာဝန်ရှိသူများဟု သတ်မှတ်ထားပါသည်။

အထူးသဖြင့် ပြည်သူများ မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်နေသည့်အခါသမယတွင် မီဒီယာသည် "ဒီမိုကရေစီကိုကာကွယ်စောင့်ရှောက်ရန်"အတွက် အများပြည်သူကို မှန်မှန်ကန်ကန်တင်ပြခြင်းနှင့် မြန်မာ့လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားကို မဆိုင်းမတွ တုံ့ပြန်ခြင်းတို့ ဆောင်ရွက်ရန်တာဝန်ရှိပါသည်။

ထိုသို့ နိုင်ငံနှင့် လူမျိုးအတွက် ကြီးလေးသောတာဝန်များကို မချို့မယွင်းအပြစ်ကင်းအောင်၊ မလွဲမမှားအမှန်တရားပေါ် ရပ်တည်နိုင်အောင် ထိန်းကျောင်းတည့်မတ်ပေးနိုင်သည်က သတင်းမီဒီယာသမားတို့ လိုက်နာစောင့်ထိန်းအပ်သော ဝတ္တရား(ဝါ)ကျင့်ဝတ်နှင့်အညီ လုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။

**ကျင့်ဝတ်နှင့်အညီသတင်းမီဒီယာ**

ထုတ်ပြန်ထားသည့်သတင်းမီဒီယာဥပဒေတွင် သတင်းမီဒီယာသမားများသည် ကျင့်ဝတ်စည်းကမ်းများကိုလိုက်နာရန် တာဝန်ရှိသည်ဟု အတိအလင်းဖော်ပြထားပါသည်။ ယင်းကျင့်ဝတ်စည်းကမ်းများတွင် "သတင်းတိုင်းအချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှ ပြည့်စုံစေရန် စိစစ်ခြင်း"သည်လည်း အပါအဝင်ဖြစ်ပါသည်။

ယင်းအပြင် သတင်းစာကျွမ်းကျင်ပညာရှင်များအဖွဲ့ (Society of Professional Journalists - SPJ) က ၁၉၉၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ သတင်းသမားများလက်ခံကျင့်သုံးလျက်ရှိသည့် စာနယ်ဇင်းကျင့်ဝတ်တွင်လည်း "ရရှိနိုင်သည့် သတင်းအရင်းအမြစ်များအားလုံးမှ သတင်းမှန်ကန်မှုကို စစ်ဆေးရမည်ဖြစ်ပြီး အမှုမဲ့အမှတ်မဲ့ အမှားများကိုရှောင်ရှားသင့်သည်။ ရည်ရွယ်ချက်ဖြင့် မိမိလိုရာဆွဲရေးခြင်းကို မည်သည့်အခါမျှခွင့်မပြု" ဟူသော အချက်ပါဝင်နေပါသည်။

သတင်းမီဒီယာဟူသည် သတင်းမီဒီယာကျင့်ဝတ်နှင့်ကိုက်ညီသည်နှင့်အမျှ၊ သတင်းအမှန်ကို ဖော်ပြနိုင်သည်နှင့်အမျှ မဏ္ဍိုင်(၃)ရပ်၏ လေးစားတန်ဖိုးထားယုံကြည်မှု၊ ပြည်သူများ၏ အားကိုးချစ်ခင်ယုံကြည်မှု၊ နိုင်ငံတကာသတင်းမီဒီယာသမား၏ အသိအမှတ်ပြုယုံကြည်မှုတို့ တိုးမြှင့်ရရှိလာမည်သာ ဖြစ်ပါသည်။ မီဒီယာကျင့်ဝတ်သည် ယင်းမီဒီယာသမားများ၏ တန်ဖိုး၊ ဂုဏ်သိက္ခာနှင့် ပရော်ဖက်ရှင်နယ်အဆင့်အတန်းကို ပြဆိုနေပါ၏။

**ကြားနေရသည်**

သို့သော်လည်း အချို့သောသတင်းသမား၊ မီဒီယာသမားများက မပြောသည်ကိုအပြောလုပ်ကြသည်။ လုပ်ကြံဖန်တီးမှုတွေ ပါဝင်နေသည်။ အမှန်တရားကို မျက်ကွယ်ပြုနေကြသည်။ ဩဇာတိက္ကမရှိသောမီဒီယာအဖွဲ့အစည်းကိုဦးဆောင်နေသူများကိုယ်တိုင် လွဲမှားစွာပြောဆိုနေကြသည်။ ပြောသည့်အကြောင်းအရာများကလည်း အဖွဲ့အစည်းများကို ဦးစီးဦးဆောင်ပြုနေသူများနှင့် ယင်းအဖွဲ့အစည်းများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော၊ နားလည်မှုလွဲမှားသွားစေနိုင်သောစကားများဖြစ်သည်။ ယခုလိုမပြောခဲ့သည်များ၊ မလုပ်ခဲ့သည်များအား ပြောခဲ့သည်၊ လုပ်ခဲ့သည်ဟု မှားယွင်းပြောဆိုနေမှုများက တာဝန်ကြီးမားလွန်းလှပါသည်။ ဘေးထွက်ဆိုးကျိုး ပြင်းထန်သွားနိုင်ပါသည်။ ပြောချင်ရာ ပြော၍မရပါ။ ပြောတာမှန်၍ မှန်တာပြောရပါမည်။

"သတင်းထောက်ဆိုတာ လုပ်ကြံဖန်တီးမှုတွေမလုပ်ရဘူး" ဟူသည့် ဂျွန်ဟာဆေးကို သတိရလိုက်မိပါ၏။

**သိမ်းကျုံးပုတ်ခတ်ပြောဆိုခြင်းသည် သတင်းမီဒီယာကျင့်ဝတ်နှင့်ညီပါသလား**

မကြာသေးမီက စာနယ်ဇင်းအဖွဲ့အစည်း တစ်ခုကိုတာဝန်ယူထားသည့် ပုဂ္ဂိုလ်တစ်ဦးက "သတင်းမီဒီယာဥပဒေကို အစိုးရအဖွဲ့အစည်းများလိုက်နာမှုမရှိ"ဟု သတင်းစာတစ်စောင်နှင့် အင်တာဗျူးတွင် ဖော်ပြလာသည်။ စာလုံးမည်းကြီးဖြင့် ထင်းနေအောင် ခေါင်းစဉ်တပ်ထားပြီး စာကိုယ်ထဲတွင်လည်း တွေ့ဆုံသူ၏ပြောစကား "အဲဒီဥပဒေကို အစိုးရအဖွဲ့အစည်းတွေက မလိုက်နာဘူး" ဟုဖော်ပြပါရှိပါသည်။

ဖြစ်စဉ်တစ်ခုအပေါ် သုံးသပ်ပြောဆိုရင်းက နိုင်ငံတော်၏ ယန္တရားအရပ်ရပ်၊ တာဝန်အစုစုကို ပြည်သူ့ကိုယ်စားဆောင်ရွက်နေသည့် အစိုးရအဖွဲ့အစည်းအားလုံးကို ပုတ်ခတ်လိုက်သည့်စကား၊ စွပ်စွဲလိုက်သည့် စကား၊ ဝေဖန်မှုဟု မသတ်မှတ်နိုင်သည့်စကား ဖြစ်ပါသည်။

ဥပဒေအထက်တွင် မည်သူမျှမရှိပါ။ ဒီအကြောင်းအရာကို ဖတ်မိသူများက နိုင်ငံတော်၏ အစိုးရအဖွဲ့အစည်းအားလုံးက သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သည့် သတင်းမီဒီယာဥပဒေကို လိုက်နာမှုမရှိဟု မှားယွင်းပြောကြားသည်ကို အမှန်ထင်သွားပါလျှင် ပြည်သူများက အားကိုးယုံကြည်စွာ ရွေးချယ်တင်မြှောက်လိုက်သောအစိုးရအပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်လာနိုင်သလို မမှန်မကန်ပြောကြားသူအတွက်လည်း တာဝန်ကြီးမားလွန်းလှပါဘိ။

သတင်းစာလုပ်ငန်းရှင်ကြီး ဂျိုးဇက်ပူလစ်ဇာ၏ စာနယ်ဇင်းတို့ လိုက်နာရမည့် စည်းမျဉ်းသုံးခု တိကျမှု၊ တိကျမှု၊ တိကျမှုဟူသောလမ်းညွှန်ချက်နှင့် လိုက်နာမှုမရှိသည့် သတင်း၊ သတင်းမီဒီယာ ဥပဒေပုဒ်မ(၉)ပါ သတင်းမီဒီယာသမားတိုင်း လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းပါ အချက်အလက်များနှင့် မကိုက်ညီဘဲပြောဆိုသည့် စကားများဖြစ်နေ၍ စိတ်မကောင်းဖြစ်ရသည်ထက် စိတ်ပျက်ဖွယ်ရာအခြေအနေဟုပင် ဆိုရပါမည်။ ထိုမှတစ်ဆင့်တက်၍ နစ်နာသူများဘက်က ဥပဒေနှင့်အညီ ခုခံကာကွယ်ပိုင်ခွင့်ကို ကျင့်သုံးခဲ့မည်ဆိုပါသော် မလိုလားအပ်သည့်အမှုအခင်းများ ဖြစ်ပွားပေတော့မည်။

**လွတ်လပ်စွာပြောဆိုရေးသားခွင့်ဟုဆိုရာဝယ်**

ပြည်သူကရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရစတင်တာဝန်ယူသည့် ယခင်အစိုးရ၏သက်တမ်းမှစ၍ မြန်မာနိုင်ငံတွင် တွင်တွင်ကျယ်ကျယ် ခေတ်စားလာသည်က Freedom of Press၊ Freedom of Expression စသည့် ကြွေးကြော်သံများဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေးအပ်ထားပြီးဖြစ်သည့် "ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိကြောင်း" ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် အပြီးရုပ်သိမ်းခဲ့သည့် ဆင်ဆာစနစ်က သက်သေပြနေပါသည်။

သို့သော် လွတ်လပ်စွာပြောဆိုခွင့်ကို တလွဲအသုံးချနေသူများအတွက် နိုင်ငံကျော်အနုပညာရှင်လည်းဖြစ်၊ နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦးလည်းဖြစ်ပြီး ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့သူအစိုးရများ၏ အားနည်းချက်များကိုပွင့်လင်းမြင်သာစွာထောက်ပြဝေဖန်ရဲသူ ဦးဇာဂနာကိုယ်တိုင်က "လွတ်လပ်စွာ ပြောဆိုခွင့်ဆိုတာ လွတ်လပ်စွာ စော်ကားခွင့်မှမဟုတ်တာ၊ လွတ်လပ်စွာပြောဆိုခွင့်ကို ကျွန်ုပ်တို့က အင်မတန်အလေးထားပါတယ်၊ လွတ်လပ်စွာပြောဆိုခွင့်ဆိုတာ လွတ်လပ်စွာဆဲရေးခွင့်မဟုတ်သလို လွတ်လပ်စွာစော်ကားခွင့်လည်း မဟုတ်ဘူးလေ"ဟု သူ့ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်းထုတ်ဖော်ခဲ့ပါ၏။ သတိချပ်စရာပင်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း ယခုလဆန်းပိုင်းတွင်ကျင်းပခဲ့သည့် ပဉ္စမအကြိမ် မီဒီယာဖွံ့ဖြိုးမှုညီလာခံတွင် သတင်းမီဒီယာတို့၏ ကျင့်ဝတ်နှင့်အညီ အလေးထားဖော်ပြရေး၊ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးတို့ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ပါသေးသည်။

**ကျင့်ဝတ်နှင့်မညီ ဘာဖြစ်မလဲ**

ကျင့်ဝတ်နှင့်မညီဆောင်ရွက်မှုများကြောင့် ဦးစွာထိခိုက်ရမည်က နိုင်ငံသူ နိုင်ငံသားများဖြစ်ပါ၏။ သတင်းအမှားကို အမှန်ထင်၍ ဖြစ်ပေါ်လာခဲ့သည့်နောက်ဆက်တွဲအကျိုးဆက်က ဥပမာပြု၊ တိုင်းတာ၍မရနိုင်လောက်အောင် ကြီးမားကျယ်ပြန့်နိုင်ပါသည်။

ဒုတိယထိခိုက်မည်မှာ မဟုတ်မမှန်ပြောဆိုခြင်းခံရသည့်၊ ရေးသားခြင်းခံရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများပင်ဖြစ်ပါ၏။ သတင်းအမှားကြောင့် လူပုဂ္ဂိုလ်အနေဖြင့် ဘဝပျက်သွားရမှုများ (သို့မဟုတ်) ဘဝသေသွားလောက်အောင် ဖြစ်ပွားနိုင်မှုများ၊ အဖွဲ့အစည်းအနေဖြင့်ဆိုလျှင်လည်း လူ့ဘောင်လောကအတွင်းတွင် မည်သို့မျှ နာလန်မထူနိုင်လောက်အောင် ကျဆုံးသွားနိုင်သည်များ ဖြစ်ပွားစေနိုင်ပါသည်။

တတိယထိခိုက်နိုင်သူများက ကိုယ်တိုင်ပြုလုပ်ခဲ့ကြသူများဖြစ်ပါ၏။ တစ်ဖက်နစ်နာသူက ခံစားရမှုအတိုင်းအတာအလျောက်၊ နစ်နာမှုအလျောက် ဥပဒေနှင့်အညီ တုံ့ပြန်ဆောင်ရွက်ပိုင်ခွင့်ရှိပါသည်။ သတင်းအချက်အလက်မခိုင်မာဘဲ ပြောတုန်းကပြော၊ ရေးတုန်းကရေး၊ ဖော်ပြတုန်းကဖော်ပြပြီး ပြဿနာတက်ပြီဆိုပါမှ မည်သည့်နည်းလမ်းနှင့်ပဲဆောင်ရွက်ရမည်၊ မည်သည့်ပုံစံမျိုးတော့မလုပ်ရ စသည်ဖြင့် စောဒကတက်နေ၍မရပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များပါ ပုဒ်မ ၃၄၇ တွင် "နိုင်ငံတော်၌ မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်"ဟုလည်းကောင်း၊ ပုဒ်မ ၃၇၅ တွင် "ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိစေရမည်။"ဟု လည်းကောင်း ပြဋ္ဌာန်းဖော်ပြပါရှိပါသည်။ အခြေခံဥပဒေကပေးထားသော အခွင့်အရေးကို နိုင်ငံသားအားလုံး တစ်ပြေးညီအပြည့်အဝအသုံးချပိုင်ခွင့်ရှိနေပါသည်။

သို့သော် ယနေ့အချိန်ကာလသည် နိုင်ငံသူနိုင်ငံသားများ၏ ပေါင်းစည်းစွမ်းအားဖြင့် နိုင်ငံသစ်ကို ထုဆစ်ပုံဖော်နေချိန်တွင် မဏ္ဍိုင်အချင်းချင်းအကြား မလိုလားအပ်သော သံသယပွားမှု၊ အချင်းများမှု၊ ဖြေရှင်းနေရမှုများဖြင့် အချိန်ကုန်မခံစေချင်ပါ။ ယင်းတို့၏အကျိုးဆက်ကြောင့် ဒီမိုကရေစီခရီးလမ်း တုံ့ဆိုင်းနှောင့်နှေးမှုများလည်း မဖြစ်စေချင်ပါ။ ဤသည်ကား စာရေးသူ၏ ဆန္ဒအမှန်ပင်ဖြစ်ပါသည်။

**တောင့်တတဲ့လိုအင် ဖြစ်ချင်တဲ့ဆန္ဒ**

သို့ဖြစ်ရာ ကျွန်ုပ်တို့ မြန်မာမီဒီယာသမားများသည် စတုတ္ထမဏ္ဍိုင်အဖြစ် ခိုင်ခိုင်မတ်မတ်၍ နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို အခါမလပ်ထမ်းဆောင်နိုင်ကြပါစေကြောင်း။

ကျင့်ဝတ်စည်းကမ်းနှင့်ညီညွတ်သည့် မီဒီယာသမားများအဖြစ် နိုင်ငံတော်အစိုးရအပါအဝင် နိုင်ငံသူနိုင်ငံသားအားလုံးတို့၏ လေးစားချစ်ခင်ယုံကြည်အားထားမှုကို ရယူနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

**သတင်းမီဒီယာဟူသည် သတင်းမီဒီယာကျင့်ဝတ်နှင့် ကိုက်ညီသည်နှင့်အမျှ၊ သတင်းအမှန်ကို ဖော်ပြနိုင်သည်နှင့်အမျှ မဏ္ဍိုင်(၃)ရပ်၏ လေးစားတန်ဖိုးထားယုံကြည်မှု၊ ပြည်သူများ၏ အားကိုးချစ်ခင်ယုံကြည်မှု၊ နိုင်ငံတကာသတင်းမီဒီယာသမား၏ အသိအမှတ်ပြုယုံကြည်မှုတို့ တိုးမြှင့်ရရှိလာမည်သာ ဖြစ်ပါသည်။ မီဒီယာကျင့်ဝတ်သည် ယင်းမီဒီယာသမားများ၏ တန်ဖိုး၊ ဂုဏ်သိက္ခာနှင့် ပရော်ဖက်ရှင်နယ်အဆင့်အတန်းကို ပြဆိုနေပါ၏။**

## ရွှေပေါက်ကံ (၁၇) ရပ်ကွက်၌ နိဗ္ဗာန်ဈေးပွဲတော်နှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကျင်းပ

**ရွှေပေါက်ကံ နိုဝင်ဘာ ၁၅။** ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၇)ရပ်ကွက် လူငယ်များဦးဆောင်၍ (၁၉)ကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်နှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပကြောင်း သိရသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၂ ရက်မှစတင်၍ ရွှေပေါက်ကံမြို့သစ် တောင်ငူလမ်းမတစ်လျှောက်၌ ရောင်စုံမီးများဖြင့် ထွန်းညှိအလှဆင်ထားပြီး နိဗ္ဗာန်ဈေးပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းတွင် တောင်ငူလမ်းမကြီးတစ်လျှောက်၌ကျင်းပရာ ရပ်ကွက်အတွင်းရှိ အလှူရှင် ၁၂၀ ကျော်တို့က စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို နိဗ္ဗာန်ဈေးပွဲအဖြစ် စုပေါင်းလှူဒါန်းကြရာ ရပ်ကွက်နေပြည်သူများနှင့် အခြားရပ်ကွက်များမှ ပြည်သူများ လာရောက်ကုသိုလ်ယူဆင်နွှဲကြောင်း သိရသည်။

**သာညက်(ရန်ကင်း)**

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး

## မြင့်သူရ

စင်ကာပူနိုင်ငံတွင် ကျွန်တော့်သားမိသားစုရှိ၍ ပထမတစ်ခေါက် အလည်ခရီးသွားရောက်စဉ်က ငါးလကျော် နေထိုင်ခဲ့ပြီး မကြာသေးမီက ဒုတိယအခေါက် သွားရောက်စဉ်က တစ်လနေထိုင်ခဲ့သည်။ စင်ကာပူသည် နိုင်ငံသေးငယ်သော်လည်း အရှေ့တောင်အာရှတွင်သာမက အာရှတွင်ပါ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ ထိပ်သီးနိုင်ငံစာရင်းတွင် ပါဝင်သည်။ ခေါင်းဆောင်များ အရည်အချင်းရှိကြပြီး ပြည်သူများစည်းကမ်းရှိကြသဖြင့် နှစ် ၅၀ ခန့်အတွင်း ကမ္ဘာက လေးစားတန်ဖိုးထားလောက်အောင် အံ့မခန်းတိုးတက်လာသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

စင်ကာပူတွင် ဘတ်စ်ကားကို စီးစီး၊ ရထားကိုစီးစီး၊ တက္ကစီကို ငှားစီးစီး အားလုံးသည် သစ်လွင်သပ်ရပ်သန့်ရှင်းကာ သားနားသည်။ အဲကွန်းဖြင့် အေးမြ ဇိမ်ရှိလှသည်။ ပထမတစ်ခေါက်ရောက်ရှိခဲ့သည်မှာ ကိုးနှစ်ကျော် ရှိခဲ့ပြီဖြစ်ပြီး ယခုဒုတိယအခေါက် ရောက်သွားသည့်အခါတွင်လည်း ကျွန်တော့်သားမိသားစုက ချန်ဂီလေဆိပ်တွင် လာကြိုနေသည်။ ချန်ဂီလေဆိပ်သည် ကမ္ဘာ့အကောင်းဆုံးတတိယရရှိထားသည့် လေဆိပ်ဖြစ်သည်။ လေဆိပ်မှ ဂျူရောင်းအနောက်ရှိ နေအိမ်သို့ တက္ကစီစီးပြီးသွားကြရာ တက္ကစီ၏ ရှေ့ခန်းခုံတွင် ကျွန်တော်ဝင်ထိုင်ပြီး ကားလေးစထွက်လာရုံရှိသေးသည် တက္ကစီယာဉ်မောင်းက ကျွန်တော့်ဘက်လှည့်ကာ ထိုင်ခုံခါးပတ်ပတ်ရန်ဒေါသသံဖြင့် အင်္ဂလိပ်လို အသံကျယ်ကျယ်ဖြင့် ပြောလိုက်၍ ကျွန်တော်ခါးပတ်ကို ဆွဲပတ်လိုက်ရသည်။ "အော်. . ဟုတ်သားပဲ" ဟူ၍ စိတ်ထဲမှ အသိပြန်ဝင်ပြီး သူ့ကို စိတ်မဆိုးဘဲ ပြုံးလိုက်မိသည်။ ပထမတစ်ခေါက်ကျွန်တော်စင်ကာပူတွင် ကြာကြာနေသွားစဉ်က တက္ကစီစီးတိုင်း ဤသို့ခါးပတ်ပတ်ရသည့်အတွေ့အကြုံရှိခဲ့သော်လည်း မြန်မာနိုင်ငံပြန်ရောက်ပြီးနောက် ကျွန်တော်တို့ဆီမှ အဲကွန်းမပါ (များသောအားဖြင့်) ခါးပတ်မပတ်ရဘဲစီး ရသော တက္ကစီများနှင့် ပြန်လည်ဆုံတွေ့တာကြာပြီဖြစ်၍ စင်ကာပူပြန်ရောက်သွားတော့လည်း ခါးပတ်ပတ်ရန် မေ့သွားခဲ့ခြင်းဖြစ်သည်။

စင်ကာပူက ကားလမ်းများပေါ်တွင် မော်တော်ယာဉ်ပေါင်းစုံ အသွားအလာများသော်လည်း ယာဉ်ကြောကျပ်တည်းခြင်း လုံးဝမရှိ၊ လူကူးမျဉ်းကျားများတွင် ကားများက ရပ်ပေးကြသည်။ လူကူးခုံးကျော်တံတားများကလည်း တစ်ခုနှင့်တစ်ခု သိပ်မဝေးလှ။ နှစ်ထပ်ကားများ၊ မြေအောက်ကားလမ်း၊ မြေအောက်ရထားလမ်း၊ မိုးပျံရထားလမ်းစသည်တို့နှင့် ခေတ်မီသားနားသည့် ကားမှတ်တိုင်များ၊ ဘူတာရုံများကလည်း စင်ကာပူနိုင်ငံ၏ လူနေမှုအဆင့်မြင့်သည့် ပြယုဂ်အချို့ဖြစ်သည်။ ယခုတစ်ခေါက် စင်ကာပူမှ ပြန်ရောက်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထွက် တက္ကစီကားတစ်စီးပေါ် တက်လိုက်သည့်အချိန်မှ စ၍နတ်ပြည်မှ ငရဲပြည်ပြန်ရောက်လာသလိုမျိုးခံစားရသည်။

မိုးရွာနေချိန်တွင် မိုးပက်သဖြင့် တက္ကစီ၏ မှန်တံခါးများအလုံပိတ်ထားရသည်။ အပြင်၌ မိုးရွာနေသော်လည်း အဲကွန်းမရှိသည့်တက္ကစီထဲတွင် အိုက်လှောင်ကာ ချွေးများပင်ထွက်သည်။ လေဆိပ်မှ လှိုင်မြို့နယ်ရှိ ကျွန်တော့်အိမ်သို့ တက္ကစီကားလေးဖြင့် ပုံမှန်အားဖြင့် မိနစ် ၂၀ခန့်မောင်းရုံဖြင့် ရောက်နိုင်သော်လည်း ယာဉ်ကြောများတောက်လျှောက် ပိတ်ကျပ်နေသဖြင့် နှစ်နာရီခန့်စီးပြီးမှ ပြန်ရောက်လေသည်။ ရန်ကုန်မြို့တွင် နေရာများစွာ၌ ယာဉ်ကြောကျပ်တည်းမှု ပြဿနာဖြစ်ခဲ့သည်မှာ ကြာပေပြီ။ ပြီးခဲ့သည့် အစိုးရသက်တမ်းငါးနှစ်အတွင်း အဆိုးရွားဆုံးဖြစ်ခဲ့ပြီး ယခုအစိုးရသစ် လက်ထက်အထိ နည်းလမ်းများ ရှာကြံကြိုးပမ်းနေသော်လည်း ပြေလည်မှုမရရှိသေးပေ။

ရန်ကုန်မြို့တွင် ဘတ်စ်ကားမှတ်တိုင်အများစုမှာ စနစ်တကျဆောက်လုပ်ထားမှုမရှိသေး၊ လူကူးခုံးကျော်တံတားများလည်း လုံလုံလောက်လောက်မရှိသေး။ လမ်းဖြတ်ကူးရန် မျဉ်းကျားများလည်း ပီပီပြင်ပြင်မရှိသေး။ ရှိသည့်နေရာများတွင်လည်း ကားများက ရပ်မပေး။ ကားဦးလျှင် ကားဖြတ်၊ လူဦးလျှင် လူဖြတ်နှင့် အန္တရာယ်များလှသည်။ ကားပါကင်များလည်း လုံလုံလောက်လောက် မရှိသဖြင့် စည်းကမ်းမဲ့ကားရပ်မှု၊ စည်းကမ်းမဲ့ကားမောင်းမှုများလာခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုဖြစ်လာခြင်း စသည့် အကြောင်းများကြောင့် ယာဉ်မတော်တဆမှုများ အဖြစ်များနေရသည်။ ရန်ကုန်တိုင်းဒေသကြီး၌ တစ်လအတွင်း ယာဉ်တိုက်မှု ၂၁၈ မှုဖြစ်ခဲ့ပြီး ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူ ၄၆ဦးနှင့် ဒဏ်ရာရသူ ၂၃၆ ဦးရှိနေကြောင်း အမှတ် (၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတိယရဲမှူးကြီး အောင်ကိုဦး၏ ဇူလိုင် ၁၁ရက်က ပြောကြားချက်များက စိတ်မချမ်းမြေ့စရာ။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီကို အမျိုးသားအဆင့်ဖွဲ့စည်းခဲ့ပြီး ယာဉ်ကြောပိတ်ဆို့မှု လျှော့ချရေးအပါအဝင် လုပ်ငန်းတာဝန် ၁၁ရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၀ ရက်က နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ (၂၇/၂၀၁၆) တွင် ဖော်ပြထားချက်အရသိရသည်။ အဆိုပါကောင်စီတွင် ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ (၂) ဦးဟင်နရီဗန်ထီးယူနှင့် ဒုတိယဥက္ကဋ္ဌများအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့ ဆောင်ရွက်ကြမည်ဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် ပြန်ကြားရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စက်မှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစား၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဌာနဆိုင်ရာနှင့်အဖွဲ့အစည်းအချို့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းထားသည်။

အဆိုပါ ကောင်စီသည် ကုန်းလမ်းပို့ဆောင်မှု အန္တရာယ် ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံချက် (၂၀၁၄-၂၀၂၀)တွင်ပါရှိသည့် လုပ်ငန်းစဉ်များကိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် ပါဝင်ဆောင်ရွက်ရမည့် ဌာန၊ အဖွဲ့အစည်းများ၏ တာဝန်ရှိသူများကို ဖော်ထုတ်သတ်မှတ်ပေးရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုံလောက်သောငွေကြေးရန်ပုံငွေနှင့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေရေး ဆောင်ရွက်ပေးရန်နှင့် ငွေကြေးသုံးစွဲမှုများကို စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်သွားရန်တို့အပါအဝင် လုပ်ငန်း ၁၁ ရပ်ဖြင့် ဆောင်ရွက်သွားရန် ဖြစ်သည်။ တာဝန်ပေးထားသော ပုဂ္ဂိုလ်များ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်သတ်မှတ်ချက်များကို ကြည့်လျှင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းရေး၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်လာရန် ထိရောက်စွာ အကောင်အထည်ဖော်သွားနိုင်မည့် အခြေအနေများကို တွက်ဆနိုင်လေသည်။

ယနေ့ကမ္ဘာပေါ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးနေရသည့် လူဦးရေသည် တစ်နှစ်လျှင် ၁ ဒသမ ၃သန်းခန့်ရှိပြီး သန်း ၅၀ ကျော်ဒဏ်ရာ အနာတရဖြစ်နေကြကြောင်း၊ ယင်းသေဆုံးမှုများအနက်မှ ၉၀ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်နေကြောင်း၊ ယင်းနိုင်ငံများတွင် ယာဉ်အရေအတွက် တစ်စတစ်စ များပြားလာသော်လည်း လမ်းအန္တရာယ်ကင်းရှင်းရေးအစီအစဉ်များနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ပြည့်စုံလုံလောက်မှုမရှိကြခြင်းကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယာဉ်စီးရေတိုးပွားလာသည်နှင့်အမျှ တစ်ဖက်တွင် ယာဉ်မတော်တဆမှုဖြစ်စဉ်များပြားလာသည်ကိုတွေ့ရကြောင်း၊ နိုင်ငံတကာတွင် လက်ခံထားသည်မှာ အသက်ကယ်ထိုင်ခုံခါးပတ်ပတ်သည့် အလေ့အကျင့်ကိုသာ အပြည့်အဝဆောင်ရွက်နိုင်ပါက ယင်းနိုင်ငံ၏ ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးမှုကို ၂၀ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်ဟု ဆိုကြောင်း၊ ယာဉ်မောင်းရင်းလက်ကိုင်ဖုန်းအသုံးမပြုရန်၊ မူးယစ်သောက်စားပြီး ယာဉ်မမောင်းကြရန်၊ မော်တော်ဆိုင်ကယ်စီးသူများ ဦးထုပ်ကို စနစ်တကျ မဆောင်းဘဲ မစီးကြရန် ကိစ္စများသည် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အဓိကဆောင်ရွက်ရမည့် ဦးစားပေး Issue များဖြစ်ကြောင်း ၇-၇-၂၀၁၆ ရက်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီညှိနှိုင်းအစည်းအဝေးတွင် အဆိုပါကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားချက်များသည် အထူးအလေးထားမှတ်သားဆောင်ရွက်ကြရမည့် အချက်များဖြစ်ပါကြောင်း။

**ယနေ့ကမ္ဘာပေါ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးနေရသည့် လူဦးရေသည် တစ်နှစ်လျှင် ၁ ဒသမ ၃ သန်းခန့်ရှိပြီး သန်း ၅၀ ကျော်ဒဏ်ရာ အနာတရဖြစ်နေကြကြောင်း၊ ယင်းသေဆုံးမှုများအနက်မှ ၉၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်နေကြောင်း၊ ယင်းနိုင်ငံများတွင် ယာဉ်အရေအတွက် တစ်စတစ်စများပြားလာသော်လည်း လမ်းအန္တရာယ်ကင်းရှင်းရေး အစီအစဉ်များနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ပြည့်စုံလုံလောက်မှုမရှိကြခြင်းကြောင့်. . .**

## သထုံမြို့ရှိ ရွှေစာရံစေတီတော်အား မြို့လုံးကျွတ် ကြာသင်္ကန်းကပ်လှူပူဇော်

**သထုံ နိုဝင်ဘာ ၁၅**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော တန်ဆောင်တိုင် ရွှေကြာသင်္ကန်းတော် ဆက်ကပ်ပွဲကို ယခုနှစ်တွင်လည်း မြို့လုံးကျွတ် အစဉ်အလာမပျက် ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

တန်ဆောင်မုန်း လပြည့်နေ့ ညနေ ၃ နာရီခန့်မှ စတင်ကာ သထုံမြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ကြာသင်္ကန်းကပ် အဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များက ရွှေကြာသင်္ကန်းတော်နှင့် လှူဖွယ်ပစ္စည်းများကို စီတန်းကိုင်ဆောင်ကာ လှည့်လည်ကြပြီး စေတီတော်ထက်သို့ ကပ်လှူပူဇော်ကြသည်။


"နှစ်စဉ်နှစ်တိုင်း လပြည့်နေ့ရောက်ရင် ရွှေစာရံစေတီတော်မှာ တစ်မြို့လုံးမှာရှိတဲ့ အသင်းအဖွဲ့တွေကနေ ကြာသင်္ကန်းလာရောက်ဆက်ကပ်လှူဒါန်းလေ့ရှိတယ်။ ဒီဘက်နယ်တစ်ကြောမှာတော့ ဒီဓလေ့က သထုံတစ်မြို့နယ်ထဲပဲရှိတယ်။ ကျင်းပလာခဲ့တာလည်း နှစ်ပေါင်းရာကျော်နေပြီ အကြိမ်ရေတောင် မမှတ်မိတော့ဘူး။ နှစ်စဉ်နှစ်တိုင်းလိုလိုလာပြီး ဆက်ကပ်လှူဒါန်းတဲ့ အဖွဲ့တွေများလာတယ်" ဟု ရွှေစာရံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ဦးက ပြောသည်။



ကြာသင်္ကန်း ပြုလုပ်ရာတွင် သင်္ကန်းစအား တစ်ပေအကျယ်ဖြင့် အရှည်အား လိုသလောက် သတ်မှတ်ကာ ချုပ်လုပ်ပြီး ပန်းကနုတ်များ အရောင်များထည့်သွင်းကာ စေတီတော်အား ကပ်လှူပူဇော်ကြခြင်းဖြစ်သည်။ ယခင်နှစ်တွင် လာရောက်ကပ်လှူသည့် အဖွဲ့ ၁၆ ဖွဲ့မျှရှိခဲ့ပြီး ယခုနှစ်တွင် ၁၈ ဖွဲ့ရှိ ကြောင်း စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

**သက်ဦး(သထုံ)**

■




## မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း

**လှိုင်းဘွဲ့ နိုဝင်ဘာ ၁၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မြို့မကျောင်းပရိယတ္တိစာသင်တိုက်က ကြီးမှူး၍ မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက် ၇ နာရီတွင် ကျင်းပခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာမိဘပြည်သူများက လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၄၃ ကျောင်းမှ သံဃာတော်အရှင်သူမြတ် ၃၁၅ ပါးအား စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြသည်။

ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက် ပြည်သူများအား မြို့မကျောင်းပရိယတ္တိစာသင်တိုက်တွင် စတုဒိသာဖြင့် ကျွေးမွေးဧည့်ခံပြီး မွန်းလွဲ ၁ နာရီတွင် ကထိန်သင်္ကန်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

❐

# ဝေဟင်မှကျလာသည့် ဒုံး (သို့) ဂြိုဟ်တုအစိတ်အပိုင်းဟု ယူဆရသော ကြီးမားသည့်သတ္တုထည်ကြီးကို မူလနေရာမှ စတင်ပြောင်းရွှေ့သယ်ယူ




**ဖားကန့် နိုဝင်ဘာ ၁၅**
ကချင်ပြည်နယ် ဖားကန့်မြို့နယ် အတွင်း ဝေဟင်မှကျလာသည့် ဒုံး(သို့မဟုတ်)ဂြိုဟ်တုအစိတ်အပိုင်း တစ်ခုဟုယူဆရသော ကြီးမားသော သတ္တုထည်အပိုင်းအစကြီးကို ယနေ့ နံနက်ပိုင်းမှစတင်၍ မူလပြုတ်ကျသည့် နေရာမှ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် သို့စတင်ပြောင်းရွှေ့သယ်ယူခဲ့ကြောင်း ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

"ဒီသတ္တုထည်ကြီးကို မူလ ကျလာခဲ့တဲ့နေရာကနေ ဒီနေ့မှာ စတင်ပြောင်းရွှေ့ပါတယ်။ အဲ့ဒီမူလ ပြုတ်ကျတဲ့နေရာကနေ ဖားကန့်မြို့ နယ်မြေခံတပ်မကို သယ်ဆောင် ပြီးတော့ နောက်နေ့မှာ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်ကို သယ်ဆောင်မှာ ဖြစ်ပါတယ်"ဟု မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောသည်။

အဆိုပါသတ္တုထည် ပစ္စည်းကြီး သည် အလေးချိန် ငါးတန်ခန့် ရှိသည့်အတွက် မူလပြုတ်ကျသည့် နေရာမှနေ၍ လူအင်အား၊ စက်ယန္တရားများဖြင့် ဝိုင်းဝန်း လုပ်ဆောင်ပြီး ၁၀ ဘီးယာဉ်ပေါ်သို့ ခက်ခဲစွာ တင်ဆောင်ခဲ့ရကြောင်း သိရ သည်။

"ဒီသတ္တုထည်ပစ္စည်းကြီးက ငါးတန်လောက်ရှိတဲ့အတွက် ကား ပေါ်ကို နံနက် ၁၀ နာရီခွဲလောက် မှာ တော်တော်လေးခက်ခက်ခဲခဲနဲ့ တင်ခဲ့တယ်။ ကျွန်တော်တို့ ကျောက်စိမ်းတောင် ကုမ္ပဏီက နေပြီး နယ်မြေခံတပ်ရဲ့ လုံခြုံရေး အကူအညီယူပြီး နယ်မြေခံ တပ်မစခန်းကို သယ်ဆောင်ဖို့ လူအင်အား၊ စက်ယန္တရားအင်အားနဲ့ အသုံးပြုပြီး ဝိုင်းဝန်းကူညီဆောင်ရွက် ပေးခဲ့တယ်။ မြစ်ကြီးနားကို သယ်မယ် လို့ သိရတယ်"ဟု ယင်းသတ္တုထည် ပစ္စည်းကြီး သယ်ယူပို့ဆောင်ရာတွင် ကိုယ်တိုင်လိုက်ပါ တာဝန်ယူခဲ့သူ တစ်ဦးဖြစ်သည့် ကိုမိုးမင်းစံက ပြောသည်။

ဒုံး (သို့) ဂြိုဟ်တုအစိတ်အပိုင်း တစ်ခုဟု ယူဆရသည့် အဆိုပါ သတ္တုထည်ပစ္စည်းကြီးသည် နိုဝင်ဘာ ၁၀ ရက် နံနက် ၆ နာရီခွဲခန့်က ကျလုံးခင်းကျေးရွာအုပ်စု မော်စီစာ ကျေးရွာအနောက်ဘက် တစ်မိုင်ခန့် အကွာ ခိုင်လုံနှင့် ပြည်တန်ရတနာ ကျောက်မျက်ကုမ္ပဏီလုပ်ကွက်ကြား နေရာ၌ကျယ်လောင်သော အသံကြီး နှင့် ကောင်းကင်မှ ကျလာခဲ့ခြင်းဖြစ် သည်။ အဆိုပါသတ္တုအပိုင်းအစကြီး သည် အလျား ၁၂ ပေ၊ အချင်း ခြောက်ပေ၊ လုံးပတ် ပေ ၃၀ ခန့်၊ ခန့်မှန်းအလေးချိန် ငါးတန်ခန့်ရှိပြီး တစ်ဖက်ပိတ်၊ တစ်ဖက်ပွင့်အနေ အထားဖြစ်ကြောင်း သိရသည်။

**သတင်း - တင်မောင်လွင်**
**ဓာတ်ပုံ - မိုးမင်းစံ(ဖားကန့်)**

---

**❂ လမ်းမတော်မှ**

ခေတ်တွေလည်းအဆင့်ဆင့်ပြောင်းလာတော့ တချို့လမ်းတွေမှာ မီးထွန်းပွဲမလုပ်ဖြစ်တော့ဘဲ အနော်ရထာလမ်းမှာပဲ လုပ်ဖြစ်တော့ပါတယ်။ ဒီနေ့ခေတ်မှာဆိုရင် မီးထွန်းပွဲတော်ကို ကိုယ့်လမ်းအလိုက် ထွန်းကြပြီး မိန်းလမ်းမကြီးတွေမှာကျတော့ စားသောက်ဆိုင်တွေ၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်တွေနဲ့ အခြားအထည်အလိပ် ပစ္စည်းဆိုင်တွေပါ တွင်တွင်ကျယ်ကျယ် ဖွင့်လှစ်ရောင်းချလာကြပါတယ်။ ဘာပဲဖြစ်ဖြစ် အဘတို့ လမ်းမတော်မိသားစုအနေနဲ့ အခုလို အခါကြီးရက်ကြီးတန်ဆောင်တိုင်မှာ ကိုယ့်မြို့နယ် ကိုယ့်ရပ်ကွက် ကိုယ့်လမ်းမအလိုက် အခုလို စည်ကားလာတာတွေ့ရတော့ တစ်မျိုးကြည်နူးစရာဖြစ်ရသလို မြန်မာ့ရိုးရာ မီးထွန်းပွဲတော်ရဲ့ ရိုးရာအမွေအနှစ်တွေကို ထိန်းသိမ်းရာလည်းရောက်ပါတယ်။ ဒီအတွက်လည်းဂုဏ်ယူမိပါတယ်" ဟု လမ်းမတော်မြို့နယ် (၆)ရပ်ကွက်နေ အသက် (၇၈) နှစ် အရွယ်ရှိ အဘ ဦးလှဆွေက ပြောသည်။

လမ်းမတော် တန်ဆောင်တိုင်မီးထွန်းဈေးပွဲတော်ကို လမ်းမတော်မြို့နယ်အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး နှစ်စဉ်တန်ဆောင်မုန်းလဆန်း ၁၃ ရက် မှ စတင်ကာ လပြည့်ကျော် ၁ ရက်အထိ လေးရက်ကြာ နေ့စဉ် ညနေ ၃ နာရီမှ ည ၁၁ နာရီအထိ ကျင်းပကြောင်း သိရသည်။ မီးထွန်းဈေးရောင်းပွဲတော်၌ လူကြီး ၊ လူငယ် စီးနိုင်သော ချား ရဟတ်ယာဉ်များ၊ ကလေးကစားကွင်းများနှင့် အခြားပျော်ပွဲရွှင်ပွဲ ကစားကွင်းများပါဝင်ကြောင်းသိရသည်။ ဈေးရောင်းပွဲတော်တွင် လူသုံးကုန် အဝတ်အထည်အမျိုးမျိုး၊ အခြားလူသုံးကုန် ပစ္စည်းများ၊ စားသောက်ဆိုင်နှင့် အကြော်အလှော်ဆိုင်များ ပါဝင်ရောင်းချလျက်ရှိကြောင်းသိရသည်။ ရန်ကုန်မြို့အနေဖြင့် သီတင်းကျွတ်လ၌ ပုဇွန်တောင်ရေကျော်မီးထွန်းပွဲတော် စည်ကားသလို တန်ဆောင်မုန်းလတွင်လည်း လမ်းမတော် မီးထွန်းပွဲတော်မှာ စည်ကားကြောင်းသိရသည်။

ယခုအခါတွင် ပွဲတော်လာ ဧည့်ပရိသတ်များမှာ လမ်းမတော်မြို့နယ်အပြင် အခြားမြို့နယ်အသီးသီးမှ ခရီးသွားပြည်သူများ ပါဝင်နေသဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိကြောင်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ပွင့်သစ္စာ**

**❒ မဒေါက်မြို့မှ**

ညောင်လေးပင်မြို့နယ် မဒေါက်မြို့တန်ဆောင်တိုင်ကာလ မီးမျှောပူဇော်ပွဲသည် မြန်မာနိုင်ငံရှိ ပွဲတော်များအနက် အနယ်နယ်အရပ်ရပ်မှ ဧည့်ပရိသတ်များ စုဝေးလာရောက်ကြသည့် ဒေသတွင်းပွဲတော်တစ်ခုဖြစ်သည်။

**(ခွန်ဆက်နေ)**

■



အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ မီးရှို့ဖျက်ဆီးသွားသည့် နေအိမ်များအား တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြိမ်းသတ်နေစဉ်။

# အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက မောင်တောမြို့နယ်အတွင်းရှိ ရေခပ်ချောင်းဂွဆုံကျေးရွာရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၁၅**
မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ မီးရှို့ဖျက်ဆီးသွားသည့် ကျေးရွာများအား တပ်မတော်မှ ရဟတ်ယာဉ်ဖြင့် ယမန်နေ့ ညနေပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ရေခပ်ချောင်းဂွဆုံကျေးရွာတွင် ညနေ ၃ နာရီခန့်က အဆောက်အအုံတချို့ မီးလောင်နေကြောင်းတွေ့ရှိရသဖြင့် ပတ်ဝန်းကျင်ရှိ တပ်မတော်စစ်ကြောင်းများသို့ အကြောင်းကြား၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရသည်။

အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ၎င်းကျေးရွာရှိလူနေအိမ် ၁၇ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

မောင်တောနယ်မြေအတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများနှင့် ဖျက်ဆီးမှုများ လုပ်ဆောင်လျက်ရှိသော အကြမ်းဖက်သမားများအနေဖြင့် နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့များအပေါ် အထင်အမြင်လွဲမှားစေရန် ကျေးရွာများအား မီးရှို့ဖျက်ဆီးလျက်ရှိပြီး ထိုသို့လုပ်ဆောင်မှုကို သတင်းမီဒီယာများနှင့် ချိတ်ဆက်ကာ လိမ်လည်သတင်းဖြန့်ချိခြင်းနှင့် နိုင်ငံတကာမှအထောက်အပံ့များ ရရှိအောင် လုပ်ကြံဖန်တီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မောင်တောမြို့နယ်အတွင်း မသင်္ကာဖွယ်တွေ့ရှိသူ ၃၅ ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၃ နာရီ ၂၀ မိနစ်ခန့်က ဝက်ပြင်ကျေးရွာတွင် ရှင်းလင်းစဉ် မသင်္ကာဖွယ် နူရ်ဘော်ဘီ(ဘ)နူရ်ဟူဆောင်း အပါအဝင် လေးဦးကို လည်းကောင်း၊ အောင်မင်္ဂလာကျေးရွာတွင် ည ၁၁ နာရီခွဲခန့်တွင်ဝင်ရောက်လာသော သဲချောင်းကျေးရွာနေ မသင်္ကာဖွယ် မာမွတ်ကာစီ(ဘ) အာမွတ်ဒူဆောင်းအား လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့ ညနေ ၃ နာရီတွင် ရေတွင်းကျွန်းကျေးရွာတွင် ရှင်းလင်းစဉ် တိုက်ပွဲဖြစ်ပွားပြီးနောက် တိမ်းရှောင်ထွက်ပြေးလာသည့် အခြားကျေးရွာများမှ ခွေလာ(ဘ)ရှုလာဟာ ဒူလာအပါအဝင် ၃၀ အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ စစ်ဆေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

■



မောင်တောမြို့နယ်အတွင်း မသင်္ကာဖွယ် ဖမ်းဆီးရမိသူ အချို့ကို တွေ့ရစဉ်။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ စစ်တွေမြို့သို့ ရောက်ရှိ

**စစ်တွေ နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့မှ အဖွဲ့ဝင် ခုနစ်ဦးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ထွက်ခွာရာ စစ်တွေမြို့သို့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

ကော်မရှင်အဖွဲ့ဝင်များမှာ ဦးဝင်းမြ၊ ဒေါက်တာသာလှရွှေ၊ မစ္စ လက်တီတီရာ ဗန်ဒန်အာဆမ်၊ ဦးအေးလွင်၊ ဒေါက်တာမြသီတာ၊ ဦးခင်မောင်လေး၊ ဒေါ်ခင်စောတင့်တို့ဖြစ်ပြီး မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့နှင့်လည်းကောင်း၊ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် စစ်တွေဟိုတယ်ခန်းမ၌ စစ်တွေမြို့ မြို့မိမြို့ဖ ဦးမောင်သာစိန် ဦးဆောင်သော အဖွဲ့ဝင် ကိုးဦးနှင့်လည်းကောင်း၊ စစ်တွေမြို့နယ် ဘင်္ဂါလီရပ်မိရပ်ဖ ဦးကျော်လှအောင် ဦးဆောင်သော အဖွဲ့ဝင်ငါးဦးနှင့် လည်းကောင်း တွေ့ဆုံခဲ့သည်။

အဆိုပါ ကော်မရှင်အဖွဲ့သည် နိုဝင်ဘာ ၁၆ ရက်တွင် စစ်တွေမြို့ရှိ ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ လူမှုအသိုက်အဝန်းနှစ်ခုမှ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဒေသခံများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း (ခရိုင်ပြန်/ဆက်)**



**တန်ဆောင်မုန်းလပြည့်နေ့က ငွေဆောင်ကမ်းခြေတွင် လာရောက်အပန်းဖြေကြသည့် ခရီးသွားဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- မှုမှု (မြန်/ဆက်)**

# မောင်တောဆေးရုံတွင် ကျန်းမာရေးဝန်ဆောင်မှု ၂၄ နာရီ တာဝန်ချထား

ကျွန်တော်တို့သတင်းအဖွဲ့ မောင်တောမြို့သို့ ရောက်ရှိစဉ် မောင်တောမြို့နယ် ဆေးရုံသို့သွားရောက် သတင်းရယူရာ ဆေးရုံရှိ ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာစိုးအောင်သန်းက သိရှိလိုသည်များကို ပြောပြသည်။

၎င်းက မောင်တောဆေးရုံ၌ လက်ရှိကျန်းမာရေးစောင့်ရှောက်ပေးနေမှုများ၊ အဖြစ်များသော ရောဂါများ၊ ကျေးလက်ဒေသများတွင် ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ ပြောကြားခဲ့သည်များကို တင်ပြလိုက်ပါသည်-

"ကျွန်တော်တို့ မောင်တောမြို့နယ်ဆေးရုံမှာ မြို့နယ်ဆရာဝန်ကြီးရယ်၊ ခွဲစိတ်အထူးကုဆရာဝန်အနေနဲ့ ကျွန်တော်ရှိပါတယ်။ သမားတော်ရှိပါတယ်။ မေ့ဆေးအထူးကုရှိပါတယ်။ လက်ထောက်ဆရာဝန်လေးယောက်ရှိပါတယ်။ သူနာပြုဆရာမကတော့ ၁၈ ယောက်ရှိပါတယ်။

**ကျန်းမာရေးဝန်ဆောင်မှု**

"ကျန်းမာရေးဝန်ဆောင်မှုအနေနဲ့ ၂၄ နာရီလုံး ဆေးရုံမှာ ဆရာဝန်ရော၊ ဆရာမတွေရော တာဝန်ချထားပေးပါတယ်။ လက်ထောက် ဆရာဝန်လေးယောက်ကတော့ တစ်ရက်ခြားစီတာဝန်ယူပါတယ်။ ကျွန်တော်တို့ကတော့ သူတို့ခေါ်တာနဲ့ အမြဲတမ်းလာကြည့်ပါတယ်။ သမားတော်ကလည်း နေ့စဉ်လာပါတယ်။ ညဘက်လိုရင်လည်း လာပါတယ်။ နောက်ဆေးဝါးကလည်း ကျွန်တော်တို့ ဝန်ကြီးဌာနက ချပေးတဲ့ ဆေးဝါးတွေရှိပါတယ်။ အဲဒီထက်ပိုပြီး လိုအပ်ရင် ကျွန်တော်တို့ဆီမှာ မရှိရင်တော့ အပြင်က ဝယ်ခိုင်းတာမျိုးရှိပါတယ်။ ဒါကလည်း မဖြစ်မနေသုံးဖို့ လိုအပ်မှပါ။ ဘယ်လိုလူနာမဆို လက်ခံကုသပေးနေပါတယ်။ အကြမ်းဖက်မှု ဖြစ်စဉ်တွေရှိပေမယ့် တစ်လျှောက်လုံးမှာလည်း ၂၄ နာရီ အချိန်ပြည့် ဖွင့်ထားပါတယ်။ အမြဲတမ်းဝန်ဆောင်မှုပေးနေပါတယ်။ ဆေးရုံကို မပိတ်ပါဘူး။ ရောဂါဖြစ်ပြီဆိုတာနဲ့ လာကြပါတယ်။ ကျွန်တော်တို့အားလုံး ကျန်းမာရေးဝန်ဆောင်မှုအတွက် အဆင်သင့်ရှိနေပါတယ်။



**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်နှင့်အဖွဲ့**
**ဓာတ်ပုံ - ဖိုးထောင်နှင့် မင်းထက်**

**အဖြစ်များတဲ့ရောဂါ**

"အဖြစ်များတာက တီဘီနဲ့ ဖျားနာမှုပါပဲ။ နောက် သွေးတိုးပေါ့။ ကလေးတွေဆို အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတွေဖြစ်ပါတယ်။ အခုက အရေးပေါ်အခြေအနေနဲ့ ထိခိုက်ဒဏ်ရာရတာတွေ ကုသပေးနေပါတယ်။ သေနတ်ဒဏ်ရာတို့၊ နောက်ဓားခုတ်ခံရတဲ့ ဒဏ်ရာတွေ ကုသပေးရပါတယ်။

**စစ်တွေနှင့် ရန်ကုန်သို့ လွှဲပြောင်းပေးပို့**

"လူနာတွေကို တတ်နိုင်သလောက်တော့ ဒီမှာကုသပေးပါတယ်။ လိုအပ်ရင်တော့ စစ်တွေနဲ့ ရန်ကုန်ဆေးရုံကိုလွှဲပို့ပေးပါတယ်။

**အကြမ်းဖက်မှုဖြစ်စဉ်နောက်ပိုင်းလူနာကုသရမှုအခြေအနေ**

"လာတဲ့ လူနာအရေအတွက် နည်းနည်းတော့ နည်းသွားတယ်။ ဒါပေမယ့် ထိခိုက်ဒဏ်ရာကတော့ ပိုတိုးလာပါတယ်။ ဓားဒဏ်ရာတို့၊ သေနတ်ဒဏ်ရာတို့ပေါ့။ ကျေးရွာတွေကနေ မဖြစ်မနေ လာကိုလာမှရမယ့် လူနာဆိုမှပဲ ရောက်လာကြတယ်။ ဖျားနာတာတို့ ဘာတို့တော့ လျော့သွားပါတယ်။ နယ်က လူတွေက မလာနိုင်တော့ဘူးလေ။

**ကျေးရွာတွေအတွက် ကုသပေးမှုအပိုင်း**

"ပေါင်းစုထားတဲ့ နေရာတွေမှာ ကျေးလက်ကျန်းမာရေးဌာန REC ဆိုတာရှိပါတယ်။ အဲဒီစုရပ်မှာ ကျန်းမာရေးမှူးရှိမယ်၊ ဆရာမတွေရှိမယ်၊ သားဖွားဆရာမတွေရှိမယ်၊ အဲဒီစုရပ်ကနေပဲ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးပါတယ်။ လိုအပ်ရင်တော့ သူတို့သွားရောက်ကြည့်ရှုပါတယ်။ ပြီးရင် စုရပ်ကို ခေါ်လာတာမျိုးလုပ်ကြပါတယ်။ စုရပ်တွေက ဒီဘက်မှာ အလယ်သံကျော်၊ ငါးခူရ၊ သရက်အုပ်၊ တမန်းသားနဲ့ တောင်ပြိုလက်ဝဲ စသဖြင့်ရှိပါတယ်။ အဲဒီနေရာတွေမှာ အခြေခံထားပြီး လုပ်ပါတယ်။

**လုံခြုံရေး**

"ဆရာဝန်၊ ဆရာမတွေကို လုံခြုံရေး စိတ်ချရပြီဆိုတော့မှ လွှတ်ပါတယ်။ လုံခြုံရေးမရှိရင် သူတို့မသွားနိုင်ပါဘူး။ လုံခြုံရေးစိတ်ချရတယ်လို့ အာမခံချက်ပေးမှပဲ စေလွှတ်ပါတယ်။ လုံခြုံရေးမရှိလို့ ပြန်လာခဲ့ရတာတွေလည်း ရှိပါတယ်။

**ထိခိုက်ဒဏ်ရာရရှိထားသည့် ရာဇဝတ်မှုကျူးလွန်သူများ**

"ထိခိုက်ဒဏ်ရာရရှိထားတဲ့ ရာဇဝတ်မှုကျူးလွန်သူတွေကိုလည်း ကုသပေးပါတယ်။ ရာဇဝတ်မှုနဲ့ ပတ်သက်ရင်တော့ ရဲအစောင့်တွေပါလာပါတယ်။ ကုသမှုအပိုင်းကတော့ ဒီပုံစံအတိုင်းပါပဲ။ ဘယ်သူလာလာ ဒီပုံစံအတိုင်းပါပဲ။ ဘယ်သူဘယ်ဝါ မခွဲခြားပါဘူး"ဟု ပြောပြသည်။

မောင်တောခရိုင်တွင် မောင်တောမြို့နယ်ဆေးရုံ ၊ တောင်ပြိုလက်ဝဲမြို့နယ်ခွဲဆေးရုံ၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန တစ်ခု၊ တိုက်နယ်ဆေးရုံ လေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ငါးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ လေးခုတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသတည်ငြိမ်အေးချမ်းမှုသာ ကျေးရွာများအထိ ကွင်းဆင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင် ရွက်နိုင်မည်ဖြစ်ပါကြောင်း။

# မရမ်းကုန်းမြို့နယ်ရှိ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်တွင် မိန်းဘရေကာချွတ်ယွင်း၍ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက်ရှိ ပရိဘောဂနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်တစ်ဆိုင်၌ ယနေ့မွန်းလွဲပိုင်းတွင် မိန်းဘရေကာ ချွတ်ယွင်း၍ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။



"မီးတောက်က အပြင်ကို သိပ်မထွက်ဘူး။ အထဲမှာ လှိုက်ပြီးလောင်နေတာ။ အဆောက်အအုံထဲမှာ မီးခိုးတွေ ပြည့်နေလို့ ဝန်ထမ်းတွေ အပြင်ကို ပြေးထွက်လာတာတွေ့တယ်။ ပြည်လမ်းပေါ်မှာဆိုတော့ မီးလောင်နေတဲ့ အချိန် ပြည်လမ်းမကြီးပေါ် ယာဉ်သွားလာမှု ခေတ္တပိတ်ထားတာကိုတွေ့ရတယ်" ဟု အဆိုပါမီးလောင်မှုကို မျက်မြင်တွေ့ရှိသူ ဒေါ်မြမြက ပြောသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၁၂ နာရီ ၈ မိနစ်ခန့်က အဆိုပါ မြို့နယ် အမှတ်(၇)ရပ်ကွက် ပြည်လမ်း၊ အမှတ်(၃၅)ရှိ Beauty & Living (ပရိဘောဂနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်) သုံးထပ်တိုက် မြေညီထပ်ရှိ မိန်းဘရေကာ ချွတ်ယွင်း၍ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၃၁၀၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၁၂၀ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ၄၈ စီး၊ အထောက်အကူပြုယာဉ် သုံးစီး၊ ကွပ်ကဲမှုယာဉ် ခုနစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ ၄၇ မိနစ်တွင် မီးငြိမ်းသွားသည်။

"ဘေးပတ်လည်ကို မှန်တွေနဲ့ အလုံပိတ်ထားတာဆိုတော့ မီးခိုးတွေမွန်ပြီး ဝင်ရောက်ငြိမ်းသတ်ရတာ အခက်အခဲဖြစ်ခဲ့ပါတယ်။ မှန်တွေခွဲပြီး ဝင်ရတာကြောင့် တပ်ဖွဲ့ဝင်တချို့ ထိခိုက်ဒဏ်ရာရတာတွေရှိတယ်။ အခု မီးလောင်တဲ့ဆိုင်က ဝန်ထမ်းတွေကိုလည်း မီးသတ်သင်တန်းတွေပို့ချထားပါတယ်။ မီးငြိမ်းသတ်တဲ့ပစ္စည်းတွေလည်း အပြည့်အစုံရှိတယ်။ ဒါပေမယ့် မီးစလောင်ကျွမ်းတဲ့ အချိန်မှာ ဆိုင်ဝန်ထမ်းတွေက ကြောက်လန့်ပြီး မီးငြိမ်းသတ်ခဲ့တာကြောင့် ထိရောက်မှု မရှိခဲ့တာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါက ပြောသည်။

ဖြစ်စဉ်ကြောင့် အဆိုပါ ဆိုင်၏ မြေညီထပ်နှင့် ပထမထပ်တို့ မီးလောင်ကျွမ်းခဲ့ပြီး အတွင်းရှိ ပရိဘောဂပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများဆုံးရှုံးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မီးလောင်မှုကြောင့် အဆောက်အအုံပိုင်ရှင် ဦးသန်းထွန်းအောင်(၆၃)နှစ်အား မရမ်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အဆိုပါမီးလောင်မှုသည် ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ နိုဝင်ဘာလအတွင်း (၁၃)ကြိမ်မြောက် မီးလောင်ကျွမ်းမှုဖြစ်သည်။

သတင်း-ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ-ဖေဇော်

# စစ်တွေမြို့ပေါ်ရှိ ပြည်သူများ ရိုးရာစဉ်လာမပျက် ဆွမ်းတော်ကြီးလောင်းလှူ

**စစ်တွေ နိုဝင်ဘာ ၁၅**
ရခိုင်ပြည်နယ် စစ်တွေမြို့ မင်းဂံရပ်ကွက်များ၌ နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သော တန်ဆောင်တိုင်ဆွမ်းတော်ကြီးလောင်းလှူပွဲကို (တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့)၊ နိုဝင်ဘာ ၁၅ ရက် အရုဏ်တက်ချိန်တွင် လောင်းလှူခဲ့ကြကြောင်း သိရသည်။

စစ်တွေမြို့ရှိ ကျောင်းတိုက်အသီးသီးမှ ရဟန်း၊ သာမဏေ အပါး ၂၃၀ ခန့်နှင့် သီလရှင်များသည် မင်းဂံရပ်ကွက်မှစတင်၍ မင်းဂံလမ်းမကြီးအတိုင်း ဆွမ်းခံကြွလာပြီး မင်းဂံဓမ္မာရုံသို့ ပြန်လည်ကြွကြသည်။

လမ်းတစ်လျှောက် အလှူရှင်များမှ ဆွမ်း၊ ဖျော်ရည်ဘူးများ၊ အသင့်သုံးပစ္စည်းများ၊ ရေသန့်ဘူးများ၊ ခေါက်ဆွဲထုပ်များ၊ ဆပ်ပြာထုပ်များ၊ သွားတိုက်ဆေးဘူးများ၊ ဆေးဝါးပစ္စည်းများ စသည့်တို့ကို စိတ်ထားကြည်ဖြူကုသိုလ်ယူကာ လောင်းလှူကြသည်။ ဆွမ်းတော်ကြီးလောင်းလှူပွဲကို ၂၀၀၅ ခုနှစ်မှစ၍ ပြုလုပ်လာရာ ယခုနှစ်တွင် (၁၁)ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**



# ကမ္ဘောဇဘဏ်လီမိတက် အလှူတော်မင်္ဂလာကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**
ကမ္ဘောဇဘဏ်လီမိတက် မိသားစု၏ (၁၅)ကြိမ်မြောက် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို အောင်ပန်းမြို့ သာမိုင်းခမ်း မွေတော်ကျောင်း၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီကကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသော ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေး ဦးဆောင်၍ ကမ္ဘောဇဘဏ်လီမိတက်မှ အရာရှိများ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ငွေကြေးတာဝန်ခံအရာရှိများက သာမိုင်းခမ်းဆရာတော် ဦးဂန္ဓမာထံမှ ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေး၊ အရာထမ်းများက ဆရာတော်များထံ ကထိန်သင်္ကန်းနှင့် စုစုပေါင်းငွေကျပ် ၂၆၃ သိန်းကျော်တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(၀၁၀)**



# ကေတုမတီ(တောင်ငူ)(၅၀၆) နှစ်ပြည့် မြို့တည်နန်းတည်ပွဲတော် စည်ကားစွာကျင်းပ

**တောင်ငူ နိုဝင်ဘာ ၁၅**
ကေတုမတီ(တောင်ငူမြို့) မြို့တည်နန်းတည် (၅၀၆)နှစ်ပြည့်ပွဲတော် ဝင်းခင်းသဘင်ကို တောင်ငူမြို့ဝင်မုခ်ဦး၌ နိုဝင်ဘာ ၁၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက်က ကျင်းပရာ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်နှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်အားပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာအောင်သူ၊ စီဘီဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ကေတုမတီ(တောင်ငူ)(၅၀၆)နှစ်ပြည့် မြို့တည်နန်းတည်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တောင်ငူခေတ်ယဉ်ကျေးမှု ထီးနန်းရိုးရာ အစဉ်အလာအတိုင်း ရာဇဝင်းခင်းသဘင်ကြီးကို ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသည့် ရဲအောင်၊ ထက်ထက်မိုးဦး၊ ဖိုးချစ်၊ ဟိန်းဝေယံ၊ သူထူးစံ၊ မိုးယံဇွန်၊ ယုသန္တာတင်၊ အိချောပို၊ စိုးပြည့်သဇင် စသည့် သရုပ်ဆောင်များက တောင်ငူခေတ်မြန်မာ့ရိုးရာ အသုံးအဆောင်အဆင်အယင်များဖြင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများဖြင့် ရာဇဝင်ပါ မင်းကြီးညို တပ်ခင်းခြင်း၊ သရုပ်ဖော်ပုံများထည့်သွင်းခြင်းများဖြင့် ဖျော်ဖြေခဲ့သဖြင့် လာရောက်ကြည့်ရှုသူများဖြင့် အလွန်စည်ကားခဲ့သည်။ အဆိုပါ ကေတုမတီ(တောင်ငူ)(၅၀၆) နှစ်ပြည့် မြို့တည်နန်းတည်ပွဲတော် ဝင်းခင်းသဘင်ကို လူအင်အား ၄၀၀ ကျော်ဖြင့် ကျင်းပခဲ့ကာ သမိုင်းစာအုပ်များအရ ဝင်းခင်းသဘင်ကို ဝင်းခင်းသမ္မစဉ်အရ ၂၇ မျိုးဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

ထို့အပြင် ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ အားကစား၊ ပန်းချီ၊ ဓာတ်ပုံ၊ သီချင်းဆို၊ သရုပ်ဆောင်၊ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင် စသည့်ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက အသီးအသီးဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး နှစ်ကျိပ် ရှစ်ဆူဘုရား အလှပြပူဇော်ယာဉ်များတွင် (၁၄)ရပ်ကွက် ဘုရားအမှတ် (၁၇) အထူးဆု၊ (၁၁)ရပ်ကွက် ဘုရားအမှတ် (၂၀)ပထမဆု၊ ကြယ်နီဆေးပေါလိပ်မိသားစု ဘုရားအမှတ် (၉) ဒုတိယဆု၊ (၂၁)ရပ်ကွက် ဘုရားအမှတ် (၁၉) တတိယဆုနှင့် နှစ်သိမ့်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းစိုးက "ပွဲတော်ဖြစ်မြောက်ရေးအတွက် စီဘီဘဏ်ဥက္ကဋ္ဌနဲ့ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ပူးပေါင်းပြုလုပ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကေတုမတီ မြို့တည်နန်းတည်ပွဲတော်ကို ၂၀၁၀ ခုနှစ်ကတည်းက ကျင်းပလာတာ ဖြစ်ပါတယ်။ အခုနှစ်ဆို ခြောက်နှစ်ရှိပါပြီ။ ဒီပွဲတော်မှာဆပ်ကော်မတီ ၂၁ ခု ထားရှိပါတယ်။ ပွဲတော်လုံခြုံရေးအတွက် ရဲတပ်ဖွဲ့တွေ၊ မီးသတ်တပ်ဖွဲ့တွေနဲ့ လစ်ဟာမှုမရှိအောင် လုံခြုံရေးကိုအထူးပြုလုပ်ထားပါတယ်။ ဒီ(၅၀၆)နှစ်ပြည့် မြို့တည်နန်းတည်ပွဲတော်ကြီးကို တောင်ငူမှာပဲ ဒီလိုခမ်းခမ်းနားနားလုပ်နိုင်တဲ့အတွက် အင်မတန်ပဲဂုဏ်ယူစရာကောင်းပါတယ်။ တောင်ငူသားတွေအတွက်လည်း အလွန်ဂုဏ်ယူစရာကောင်းပါတယ်" ဟု ပြောသည်။

ဆက်လက်ပြီး ဝင်းခင်းသဘင်ပွဲတော်ဖြစ် မြောက်ရေးအတွင်းရေးမှူး ဦးယဉ်ဌေးက "ဘုရင့်နောင် မင်းတရားကြီးတည်ထောင်ခဲ့တဲ့ တောင်ငူမြို့ဟာ သမိုင်းကြောင်းရှည်လျားတဲ့ မြို့တော်ကြီးဖြစ်ပါတယ်။ နှစ် (၅၀၀) ကိုအခြေခံပြီးတော့ တောင်ငူမြို့သားတွေ စည်းလုံးညီညွတ်အောင် ဖော်ကျူးတဲ့ပွဲတော်ဖြစ်ပါတယ်။ နှစ် (၅၀၀)မှစကာ တစ်နှစ်ထက်တစ်နှစ် ပိုပို ထူးခြားလာတာရှိပါတယ်။ စတဲ့နှစ်တွေမှာ လူ ၃၀၀ လောက်နဲ့စခဲ့ကာ နောက်နှစ်တွေမှာ ဆင်တွေ၊ မြင်းတွေ အပြင် အနုပညာရှင်များပါ ပါဝင်လာတာကြောင့် ပိုပြီး ထင်ရှားစည်ကားလာတာဖြစ်ပါတယ်။ ဒီပွဲတော်ကို တစ်နိုင်ငံလုံးအပြင် နိုင်ငံခြားသားများပါ စိတ်ဝင်စားလာတာကြောင့် တောင်ငူသားအနေနဲ့ ဂုဏ်ယူရပါတယ်။

ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် (၅၀၆) နှစ်ပြည့် ဝင်းခင်းသဘင်ပွဲတော်သည် တောင်ငူခေတ်သမိုင်းကို နောင်လာနောက်သားများ သိရှိလာစေရန်နှင့် သမိုင်းကြောင်းကောင်းခဲ့သည့် အစဉ်အလာကို ထိန်းသိမ်းကြရန်လိုအပ်ကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

တောင်ငူမင်းဆက် (၂၉) ဆက်မြောက် မင်းကြီးညိုသည် သက္ကရာဇ် ၈၄၇ ခုနှစ်တွင် တောင်ငူထီးနန်းကိုစိုးစံပြီး မြဝတီ၊ ဂွါရဝတီမြို့သစ်များကိုစတင်တည်ထောင်ခဲ့သည်။ ဂွါရဝတီထီးနန်းစိုးစံနေစဉ် မင်းကြီးညို၏ ဘုန်းတန်ခိုးများသည် အံ့သြဖွယ်ရာကြီးမားခဲ့ပြီး လာရောက်မှီခိုသူများပြားလာသည့်အပြင် ဆင်၊ မြင်းနှင့် လက်နက်အင်အားတို့သည်လည်း များစွာတိုးပွားလာခဲ့သည်။ ထိုအင်အားတို့ကြောင့် ကျဉ်းမြောင်းနေသော ဂွါရဝတီမြို့အား နေရာရွေးချယ်ကာ သက္ကရာဇ် ၈၇၂ ခုနှစ် (အေဒီ ၁၅၁၀) တန်ဆောင်မုန်းလပြည့်နေ့ (အင်္ဂါနေ့)တွင် ကေတုမတီမြို့တော်ကြီးကို စတင်တည်ထောင်ခဲ့ကာ ယခုနှစ်ဆိုလျှင် (၅၀၆) နှစ်ပြည့်ပြီဖြစ်သည်။

**သူရ(တောင်ငူ)**



# ဇလွန်မြို့ ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား မသိုးသင်္ကန်း ကပ်လှူပူဇော်

**ဇလွန် နိုဝင်ဘာ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် (၄၅)ကြိမ်မြောက် မသိုးသင်္ကန်းတော်မြတ် ရက်ချုပ်ကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ ၁၃ ရက် ညပိုင်းက မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး ကိုးဘုံတန်ဆောင်းတော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း၊ ဘုရားကြီး အကျိုးတော်ဆောင်ဂေါပက ဦးစိုးမြင့်တို့က တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် (၄၅)ကြိမ်မြောက် မသိုးသင်္ကန်းတော်မြတ် ရက်ချုပ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းပြိုင်ပွဲတွင် အမရာစင်တော်၊ ကိန္နရီစင်တော်၊ မယ်မဒီစင်တော်၊ သမ္ဘူလစင်တော်များ ပါဝင်ယှဉ်ပြိုင်ရက်ချုပ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၄ နာရီတွင် မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား ဆက်ကပ်ပူဇော်ခဲ့ပြီး မသိုးသင်္ကန်းတော်မြတ်အား လှည့်လည်အပူဇော်ခံပွဲနှင့် ဆုချီးမြှင့်ခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများက ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ နဝကမ္မအလှူတော်ငွေများ လာရောက်လှူဒါန်းကြပြီး ယင်းနေ့တွင် ဘုရားဖူးလာပြည်သူ တစ်သိန်းကျော် လာရောက်ဖူးမျှော် ကြည်ညိုလှူဒါန်းကြရာ ယင်းနေ့တွင် အလှူငွေကျပ် ၅၈၅၅၅၀၀ ရရှိကြောင်း သိရသည်။

**ငွေသန်း(ပြန်/ဆက်)**

ကားနှင့် ကားပေါ်ပါလူများ
မီးဘေးအန္တရာယ်
ကင်းဝေးစေရေးအတွက်
"ကား" တိုင်းတွင်
မီးသတ်ဆေးဘူးဆောင်ထားပါ
မီးသတ်ဦးစီးဌာန

# မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေး မဟာဗျူဟာမြောက် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း ဒုတိယအကြိမ် အကြံပြုချက် အလုပ်ရုံဆွေးနွေးပွဲ မန္တလေးမြို့တွင်ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးအတွက် မဟာဗျူဟာမြောက် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း ဒုတိယအကြိမ်အကြံပြုချက်အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၅ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ Wilson Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် နယူးဇီလန်နိုင်ငံ ဝန်ထမ်းကော်မရှင်မှ Mr. Ryan Orange က Main Theme အား ယေဘုယျမိတ်ဆက်ခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းရှိ ပုံစံများအခြေခံ၍ အကောင်းဆုံးအတွေ့ အကြုံများနှင့် သင်ခန်းစာများအား ရှင်းလင်းတင်ပြပြီး ပြည်တွင်းမှ Facilitator က ဦးဆောင်သော အုပ်စု(၄) စုခွဲကာ နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်ရေး လုပ်ငန်းစဉ်သစ်နှင့် ပြည်သူ့ဝန်ထမ်းများ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်ပေးခြင်း၊ အရည်အချင်းနှင့်လုပ်ငန်းစွမ်းဆောင်ရည် အခြေခံသော အလေ့အထနှင့် စနစ်များဆီသို့ဦးတည်ရေးနှင့် ထိရောက်၍ စွမ်းဆောင်ရည်ပြည့်ဝသော ဝန်ထမ်းများဖြစ်စေရေး၊ Zero Draft မူကြမ်းလုပ်ငန်း အစီအစဉ်တွင် မည်သည့်အရာများကို ဖြည့်စွက်သင့်သည်၊ ဖယ်ရှားသင့်သည် (သို့) ဦးစားပေး အဆင့်ပြန်လည်သတ်မှတ်သင့်သည်စသဖြင့် ဆွေးနွေးခြင်း၊ ပြန်လည်အစီရင်ခံခြင်း၊ အုပ်စုများ၏ အယူအဆများ(ideas) ကို အနှစ်ချုပ်ပြောဆိုဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုရာထူးဝင်အဖွဲ့၊ ဘုတ်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ UNDP မှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ဝက်ပါပွဲ ရေနီမြို့၌ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၁၅**

တန်ဆောင်တိုင်ပွဲတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ယနေ့ခေတ်တွင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ဝက်ပါပွဲကို မြတ်နိုးစွာထိန်းသိမ်းစောင့်ရှောက်ကျင်းပသူများ ရှိနေသေးရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ရေနီစက္ကူစက် ဝန်ထမ်းအိမ်ရာ ချိတ်ကပ်တောင် အောင်သစ္စာစေတီ ပရိဝုဏ်၌ ကျင်းပခဲ့သည်။

အဆိုပါဒေသသို့ရောက်ရှိလာသည့် အဘိုးတစ်ဦးကလေးကျွန်းစကြာ ဝက်ပါတည်ဆောက်ပုံကို သင်ကြားပြသပေးခဲ့ကြောင်း၊ ယင်းနည်းသည် ကျွန်းလေးကျွန်းကိုစုံအောင်ပတ်၍ပြီးမှ မြတ်စွာဘုရားကိုဖူးမြင်ရသော နည်းဖြစ်ပြီး အဝင်လမ်း၊ အထွက်လမ်း တစ်လမ်းသာဖြစ်သည့်အတွက် ခေတ်လူငယ်များ စိတ်ဝင်စားမှုနည်းပါးခြင်း၊ အားမရခြင်းများရှိသည့်အတွက် လေးကျွန်းစကြာကို အခြေခံကာ အပိတ်၊ အဖွင့်လမ်းလွဲများထည့်သွင်းတည်ဆောက်သောအခါ လူငယ်များ ပျော်ရွှင်သဘောကျပြီး စည်ကားစွာလာရောက်ဆင်နွှဲကြကြောင်း၊ ဝက်ပါတည်ဆောက်ရန် ရေနီစက္ကူစက်ဝန်ထမ်းအိမ်ရာလူငယ်အဖွဲ့၏ လုပ်အားဖြင့်ရန်ပုံငွေရှာဖွေပြီးဝက်ပါကို တည်ဆောက်၍ ပွဲတော်ကျင်းပခြင်းဖြစ်ကြောင်း ဝက်ပါတည်ဆောက်သူ ကိုဘိုဝင်းက ပြောသည်။

ယင်းဝက်ပါပွဲကို ကျင်းပခဲ့သည်မှာ (၂၂)တိုင်ရှိခဲ့ပြီဖြစ်ပြီး အခြားသောရိုးရာဝက်ပါတည်ဆောက်နည်းများရှိပါကလည်း နည်းလမ်းများရယူလိုကြောင်း စက္ကူစက်လူငယ်များက ပြောသည်။

**(သတင်း-ကိုကိုနေ၊ ဓာတ်ပုံ-ခွန်ဆက်နေ)**

## မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် စပါးရိတ်သိမ်းရာ၌ အခက်အခဲတွေ့

**နတ်တလင်း နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကုန်းသာအုပ်စု အပါအဝင် အနောက်ဘက်ခြမ်းကျေးရွာရှိ လယ်သမားများသည်ပြီးခဲ့သည့်ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် စပါးမရိတ်သိမ်းရသေးသောလယ်များမှာ မိုးရေကြောင့် နစ်မြုပ်နေခဲ့သည်။ တာပွန်လယ်ပြင်လမ်းနေ တောင်သူဦးလှကြိုင်က “တောင်သူတွေ ဒီနှစ်မှာ အခက်အခဲများနဲ့ ရင်ဆိုင်ရတယ်။ ဧရာဝတီမြစ်ရေဝင်ရောက်တာကြောင့် ပျက်စီးရတာတစ်မျိုး၊ အခုတစ်ခါ မိုးရွာသွန်းများတာကြောင့် ရိတ်သိမ်းနေစဉ် ကောက်လှိုင်းတွေ ရေမြုပ်ခံရတယ်။ မရိတ်ရသေးတဲ့ စပါးပင်တွေကလည်းကျပြီး ရေမြုပ်ခံရတယ်။ စပါးသိမ်းဆည်းရတာ ဒုက္ခများသလို အလေအလွင့်များတယ်။ စပါးဈေးမကောင်းရတဲ့အချိန်မှာ ရေနစ်စပါးဆိုတော့ ဆန်လည်း ကောင်းတော့မှာမဟုတ်ဘူး။ မတ်ပဲစိုက်ဖို့ လယ်တွေထဲမှာ ရေတွေကတော်တော်နဲ့ ခန်းခြောက်မှာမဟုတ်ဘူး။ ကောက်ရိတ်ခကလည်း တစ်ကျိုးကို ငွေကျပ် ၇၀၀၀ နဲ့ ၈၀၀၀ ပေးငှားရတယ်။ ကုန်းပေါ် ရောက်အောင်သယ်ယူတာလည်း လယ်အနီးအဝေးအလိုက် ပေးရတယ်။ ယခင်နှစ်ကထက် ကုန်ကျစရိတ်ပိုပါတယ်”ဟု ၎င်းကပြောသည်။

**(ဝ၇၁)**



# သဖန်းဆိပ်ဆည်ရေသောက် မိုးစပါးစိုက်ခင်းများ သီးနှံအထွက်စုံနေ၍




**ရွှေဘို နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးတွင် သဖန်းဆိပ်ဆည်ရေသောက် မိုးစပါးစိုက်ခင်းများ သီးနှံအထွက်စုံနေ၍ အောင်ရေများ တဖြည်းဖြည်းလျှော့ချပေးနေသည့်အတွက် အောင်ရေလိုအပ်နေသော တောင်သူလယ်သမားများ အောင်ရေအတွက် ဂရုစိုက်ထိန်းသိမ်းသိုလှောင်ထားကြရန် လိုအပ်ကြောင်း ရွှေဘိုခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါသဖန်းဆိပ်ဆည်ရေဖြင့် လယ်မြေဧကပေါင်း ၄၈၉၅၉၄ ဧကကို စက်တင်ဘာလ ဒုတိယပတ်အတွင်း စိုက်ပျိုးထုတ်ထားလျက်ရှိရာ ယခုအချိန်၌ အများအားဖြင့် စပါးနှံများထွက်စပြုနေခြင်း၊ ပန်းများပွင့်နေခြင်းများ ဖြစ်ပေါ်နေသည့်အတွက် သိုလှောင်ရေရှိရုံနှင့် စပါးခင်းများ အောင်ရေလုံလောက်သည်။ စိုက်ပျိုးထုတ်ထားလျက်ရှိသော မိုးစပါးစိုက်ခင်းများကို ဒီဇင်ဘာလ ဒုတိယသို့မဟုတ် တတိယအပတ်တွင် စတင်ရိတ်သိမ်းရတော့မည်ဖြစ်သည်။

ဆည်ရေကို မလိုအပ်ဘဲ ဆက်လက်ပေးဝေနေလျှင် စပါးရိတ်သိမ်းချိန်တွင် နွံ့ဗွက်ဖြစ်ပေါ်နေမှုကြောင့် ကုန်ကျစရိတ်များပြားခြင်း၊ စပါးအလေအလွင့်နှင့် ဆုံးရှုံးမှုများပြားခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။ သဖန်းဆိပ်ဆည်ရေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက်လည်းကောင်း၊ လာမည့်နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရန်အတွက်လည်းကောင်း လိုအပ်သောရေများကို ဆည်အတွင်း၌ ကြိုတင်စုဆောင်းသိုလှောင်ထားရမည်ဖြစ်သည်။ သို့မှသာ ရေကို လိုအပ်သည့်အချိန်တွင် လိုသလို ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းက “ယနေ့ သဖန်းဆိပ်ရေလှောင်တမံမှာ ရေသိုလှောင်ထားတဲ့ပမာဏကတော့ ၂၄၈၂၇၈၁ ဧကပေ (ဧကပေ ၂၄ သိန်း ၈ သောင်း)ကျော်ရှိပါတယ်။ ထုတ်လွှတ်မှုကတော့ ၆၀၀၀ Cusec၊ (ရေအားလျှပ်စစ်စက် သုံးလုံးအတွက်သာ အသုံးပြုထားပါတယ်)။ မိုးစပါးအောင်ရေကို ယနေ့ နိုဝင်ဘာ ၁၅ ရက်က စတင်လျှော့ချနေပါတယ်။ ကင်းတပ်ရေလွှဲတမံမှ OMC (ရွှေဘိုနယ်အတွက်) 650 Cusec၊ RMC (ရေဦးနယ်အတွက်) 910 Cusec၊ အောက်မှ ကာဘိုးရေလွှဲဆည်အတွက် 3700 Cusec ဆက်လက် လွှတ်ထားပါတယ်။ ကာဘိုးရေလွှဲဆည်မှ MC (ရွှေဘိုနယ်အတွက်) 2400 Cusec၊ YMC (ရေဦးနယ်အတွက်) 1600 Cusec ရေလွှတ်ပေးနေပါတယ်။ မိုးစပါးတွေ စပါးအနှံတွေထွက်နေပြီမို့ အောင်ရေစတင် လျှော့နေတာပါ။တဖြည်းဖြည်းလျှော့သွားရင်း အခု နိုဝင်ဘာလကုန် ရေပိတ်ပါတော့မယ်။ အစိုဓာတ်ကလေးထိန်းရင်း ဒီဇင်ဘာလထဲမှာ စပါးစရိတ်နိုင်ဖို့ အဆင်ပြေမယ်ထင်ပါတယ်”ဟု ပြောသည်။

**(ရောင်နီတင်ဝင်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်(ရွှေဈေး) ၈၆၀၈၀၀ - ၈၆၁၈၀၀၊ မန္တလေး(ရွှေဈေး) ၈၆၀၂၀၀ - ၈၆၁၂၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၂၀/၆၄၀ ကျပ်၊ | ၆၂၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၆၀/၆၉၀ ကျပ်၊ | ၇၅၀/၇၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၁၅/၆၃၀ကျပ်၊ | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၄၅/၆၆၀ကျပ်၊ | ၆၆၀/၆၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၇၃ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၅၃၅ ကျပ်

**၇-၁၁-၂၀၁၆ ရက်နေ့မှ ၁၁-၁၁-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၅၀ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၅၉ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေး ပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၈၂. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၇. ၆၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၂၆၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆. ၇၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၉၅၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၀. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀. ၁၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၂. ၈၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၀. ၀၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




# နောက်ထပ်တွေ့မြင်ရတော့မှာမဟုတ်တဲ့ The Croods

ရုပ်သံဖန်တီးမှုရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "The Croods" ရဲ့ နောက်ဆက်တွဲဇာတ်လမ်းတွဲရုပ်ရှင်တွေကို ဖန်တီးသွားဖို့ စိတ်ကူးတွေရှိခဲ့ပေမယ့် နောက်ဆုံးမှာ ဆက်လက်ဖန်တီးသွားဖို့ကို ရုပ်တန့်လိုက်ပြီဖြစ်ကြောင်း ယင်းရုပ်ရှင်ကို ထုတ်လုပ်တဲ့ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးက တရားဝင်ထုတ်ပြန်ပြောကြားလိုက်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

၂၀၁၃ ခုနှစ်က စတင်ထုတ်လွှင့်ပြသခဲ့တဲ့ အဆိုပါရုပ်ရှင်ဟာ ဟာသရုပ်ရှင်အမျိုးအစားတစ်ခုဖြစ်ပြီး ယင်းရုပ်ရှင်ကို ဆက်လက်ဖန်တီးဖို့ ဆွေးနွေးခဲ့ကြပေမယ့် နောက်ဆုံးမှာတော့ "The Croods 2"ကို ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးက တာဝန်ယူရိုက်ကူးဖို့ရာ လုံးဝမဖြစ်နိုင်တော့ကြောင်း အဆိုပါရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ဥက္ကဋ္ဌဖြစ်သူ ဒွန်နာလန်ဂ်လေက မကြာသေးမီက ပြောကြားခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက "The Croods 2"ကို ရိုက်ကူးဖန်တီးဖို့ရာ ယင်းရုပ်ရှင်မှာပါဝင်တဲ့ ဇာတ်ကောင်တွေဖြစ်ကြတဲ့ ကယ်လ်ဗင်နဲ့ ဒန်ဟတ်ရှ်မန်းတို့အတွက် ဇာတ်လမ်းရေးသားပေးဖို့ စာရေးဆရာတွေငှားရမ်းခဲ့ပါတယ်။ အဲဒီနောက် ပြဿနာတွေနဲ့ ရင်ဆိုင်ရပြီး ရုပ်ရှင်ထုတ်လုပ်မယ့်ရက်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်အဖြစ် သတ်မှတ်ထားရာကနေ ၂၀၁၈ ခုနှစ် ဒီဇင်ဘာကို ရွှေ့ဆိုင်းခဲ့ကြပါတယ်။ နောက်ဆုံးယင်းရုပ်ရှင်ကို ထုတ်လွှင့်ပြသဖို့ ဖောက်ဇ်ကနေ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ ပြောင်းလဲချိတ်ဆက်ပြီးတဲ့နောက်မှာ ယခုလို ရုပ်ရှင်သစ်ဖန်တီးမယ့်အစီအစဉ်ကို ဖျက်သိမ်းခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် ရှေးခေတ်လူနေမှုပုံစံအတွင်းက မိသားစုတစ်စုအကြောင်းကို ပုံဖော်ထားတဲ့ ယင်းရုပ်ရှင်ကိုဖန်တီးပေးတဲ့ ဒရင်းမ်ဝက်ခ် ရုပ်သံဖန်တီးမှုကုမ္ပဏီကတော့ ယင်းရုပ်ရှင်ကိုဖန်တီးမယ့် မျှော်လင့်ချက်ကို မစွန့်လွှတ်သေးကြောင်းနဲ့ သူတို့ရဲ့ ရှေ့ဆက်ဖန်တီးသွားမယ့် ရုပ်ရှင်တွေထဲကတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသေးကြောင်း သိရပါတယ်။

"The Croods" ကို ထုတ်လွှင့်ပြသခဲ့စဉ်က ရိုက်ကူးထုတ်လုပ်စရိတ် အမေရိကန်ဒေါ်လာ ၁၃၅ သန်းကုန်ကျခဲ့ပေမယ့် ကမ္ဘာတစ်ဝန်းမှ ဝင်ငွေစုစုပေါင်း ဒေါ်လာ ၅၈၇ ဒသမ ၂ သန်းပြန်လည်ရရှိခဲ့တဲ့ အောင်မြင်တဲ့ရုပ်ရှင်တစ်ကား ဖြစ်ခဲ့ပါတယ်။ ယင်းရုပ်သံဖန်တီးမှုဟာသရုပ်ရှင်မှာ ဟောလိဝုဒ်ရဲ့ထိပ်တန်းအနုပညာရှင်တွေဖြစ်ကြတဲ့ နီကိုလက်စ်ကေ့ဂ်၊ အမ်မာစတုန်း၊ ရှိုင်ယန်ရေးနော့ဒ်နဲ့ ကတ်သရင်းကင်းနာတို့က ပါဝင်သရုပ်ဆောင်ပေးခဲ့ပါတယ်။

# ကေပေါ့ပ်တေးဂီတဇယားမှာ နံပါတ်တစ်နေရာရယူနိုင်ခဲ့တဲ့ TWICE

အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE" က ယင်းတေးဂီတအဖွဲ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်မှ တေးသီချင်းသစ် "TT"နဲ့ ကေပေါ့ပ်တေးဂီတဇယားမှာ ယခုသီတင်းပတ်အတွင်း ထိပ်ဆုံးကနေရပ်တည်လျက်ရှိကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းတေးသီချင်းဟာ အဆိုပါတေးဂီတအဖွဲ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ မီနီတေးအယ်လ်ဘမ် "TWICEcoaster: LANE 1" မှာ ပါဝင်တဲ့တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ကေပေါ့ပ်တေးသီချင်းတွေရဲ့ အစဉ်အလာအတိုင်းချစ်စဖွယ်သံစဉ်နဲ့ အကကို ဦးစားပေးထားတဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ် နှစ်ပတ်အတွင်းက နံပါတ်တစ်နေရာကိုရယူထားနိုင်ခဲ့တဲ့ "I.O.I"တေးဂီတအဖွဲ့ရဲ့ "Very Very Very" တေးသီချင်းနဲ့ "BTS"ရဲ့ တေးသီချင်း "Blood Sweat & Tears " တို့ဟာ ယခုသီတင်းပတ်မှာတော့ နံပါတ်နှစ်နဲ့ နံပါတ်သုံးနေရာတွေကို အသီးသီးပိုင်ဆိုင်ထားနိုင်ခဲ့ကြောင်း သိရပါတယ်။

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၁၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၂ တွင် ပါရှိသော မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှု အစီအစဉ်အား ၁၅-၁၁-၂၀၁၆(အင်္ဂါနေ့)၊ ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# အရီရန်နာဂရန်ဒီရဲ့ တေးအယ်လ်ဘမ်သစ် မကြာမီပရိသတ်ရှေ့မှောက်ရောက်လာမည်



ကျော်ကြားတဲ့ လူငယ်ပေါ့ပ်အဆိုတော် အရီရန်နာဂရန်ဒီက သူ့ရဲ့တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေပြုလုပ်လျက်ရှိရာ တော်တော်များများပြီးဆုံးနေပြီ ဖြစ်တဲ့အတွက် မကြာမီ ပရိသတ်ရှေ့မှောက်အရောက်ပို့နိုင်တော့မှာဖြစ်ကြောင်း အမ်တီဗွီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက် (၂၃)နှစ်အရွယ် ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်ဒီက သူ့အတွက် တကယ်ကိုရှူးသွပ်ရတဲ့ တေးအယ်လ်ဘမ်သစ်ကို ဖန်တီးလျက်ရှိရာ ပြီးလုပြီးခင်ဖြစ်နေပြီဖြစ်ကာ ယင်းတေးအယ်လ်ဘမ်သစ်မှာ သူတကယ့်ကို ကြိုက်နှစ်သက်ရတဲ့ တေးသီချင်းတွေ ပါဝင်မှာဖြစ်တယ်လို့လည်း ဖွင့်ဟခဲ့ပေမယ့် တေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်အချိန်အတိအကျကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပါဘူး။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၃ ရက်မှာ အရီရန်နာဂရန်ဒီက လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပရိသတ်တွေနဲ့စကားပြောခဲ့ပြီး သူ့ရဲ့တေးအယ်လ်ဘမ်သစ်နဲ့ လတ်တလောထုတ်လွှင့်ခဲ့တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "Sing"မှာ ပါဝင်တဲ့သူ့ရဲ့တေးသီချင်း "Faith"အကြောင်းကိုလည်း ပြောကြားခဲ့ပါတယ်။

အရီရန်နာဂရန်ဒီဟာ လွန်ခဲ့တဲ့ ခြောက်လခန့်က သူ့ရဲ့တတိယမြောက် စတူဒီယိုတေးအယ်လ်ဘမ် "Dangerous Woman"ကို ထုတ်လွှင့်ခဲ့ပြီး ယင်းတေးအယ်လ်ဘမ် အတွက် နယ်လှည့်ဖျော်ဖြေရေး ခရီးစဉ်တွေကို လာမယ့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်ကစတင်ပြီး ကမ္ဘာတစ်ဝန်းမှာ ကျင်းပသွားရန် စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# လက်တင်ဂရမ်မီဆုပေးပွဲတွင် ဂျနီဖာလိုပက်ဇ် ပါဝင်ဖျော်ဖြေမည်



ဆန်းသစ်တဲ့အကအလှတွေနဲ့ ပရိသတ်တွေကို ဖမ်းစားတတ်တဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်ဟာ လက်စ်ဗီးဂတ်စ်ကဖျော်ဖြေရေးစင်မြင့်ပေါ်ကို တက်လှမ်းတော့မှာ ဖြစ်ပါတယ်။ ဂျနီဖာလိုပက်စ်ဟာ ယခုနှစ်အတွက်ကျင်းပမယ့် တေးဂီတဆုပေးပွဲတစ်ပွဲဖြစ်တဲ့ လက်တင်ဂရမ်မီဆုပေးပွဲမှာ ပါဝင်ဖျော်ဖြေပေးသွားမှာဖြစ်ပြီး ယခုလိုပါဝင်ဖျော်ဖြေတာဟာ ဂျနီဖာအတွက် ပထမဆုံးအကြိမ် ပါဝင်ဖျော်ဖြေခြင်းလည်းဖြစ်ကြောင်း စကိုင်းနယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက် (၄၇)နှစ်အရွယ် စူပါစတား ဂျနီဖာလိုပက်ဇ်ဟာ အနုပညာသက်တမ်းတစ်လျှောက် ယခုအကြိမ်မှ လက်စ်ဗီးဂတ်စ်မှာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ယင်းလက်တင်ဂရမ်မီဆုပေးပွဲကြီးမှာ ပါဝင်ဖျော်ဖြေခဲ့တာဖြစ်ပါတယ်။

ယခုနှစ်ဆုပေးပွဲမှာ ဂျနီဖာလိုပက်ဇ်ရဲ့ ခင်ပွန်းဟောင်းဖြစ်သူ မက်သ်အန်ထော်နီကို ယခုနှစ်အတွက် လက်တင်တေးသံသွင်းအကယ်ဒမီကချီးမြှင့်တဲ့ "Person of the Year"ဆုကို ပေးအပ်သွားမှာဖြစ်တယ်လို့လည်း သတင်းတွေထွက်နေပါတယ်။

ဂျနီဖာလိုပက်ဇ်ဟာ ယခုလို ဂီတမှတ်တိုင်သစ်စိုက်ထူခြင်းနဲ့ မက်သ်အန်ထော်နီနဲ့အတူ ပါဝင်ဆင်နွှဲရမှာနဲ့ပတ်သက်ပြီး မျှော်လင့်စောင့်စားရင်ခုန်မိကြောင်းလည်း ဖွင့်ဟခဲ့တယ်လို့ သိရပါတယ်။

ယခုနှစ်အတွက် ရည်ရွယ်ကျင်းပတဲ့ လက်တင်ဂရမ်မီဆုပေးပွဲဟာ (၁၇)ကြိမ်မြောက် ဆုပေးပွဲဖြစ်လာမှာဖြစ်ပြီး ယင်းဆုပေးပွဲကို အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မှာ လာမယ့် နိုဝင်ဘာ ၁၇ ရက်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

## မြဝတီရုပ်မြင်သံကြား

၁၆-၁၁-၂၀၁၆(ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၆ | မေတ္တာပို့ |
| ၇း၂၁ | ဓမ္မပူဇာတေး |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၇း၄၀ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၃၀ | DVD Hits |
| ၈း၄၅ | ဇာတ်လမ်းတို |
| ၉း၃၅ | အမှတ်တရနေ့ရက်လေးများ |
| ၁၀း၁၀ | Made In Myanmar |
| ၁၀း၃၅ | Journal Talk |
| ၁၀း၅၀ | သီချင်းလက်ဆောင် |
| ၁၁း၂၅ | ကျန်းမာသုတ |
| ၁၁း၄၀ | Sport Review |
| ၁၂း၀၀ | ခရီးလည်းသွားစကားလည်းဆို |
| ၁၂း၁၅ | DVD Hits |
| ၁၂း၂၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၃၅ | နှစ်(၈၀)ကျော်ကြားတေးများ |
| ၄း၀၈ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၅ | ရှေးဟောင်းသုတ |
| ၄း၄၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၄း၅၅ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၅ | Top Magic |
| ၆း၃၅ | ဘဝများ |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နေတစ်စင်းရဲ့ဆည်းဆာ အပိုင်း(၂၉)(ဇာတ်သိမ်း) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၁၆-၁၁-၂၀၁၆(ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၈း၃၅ | စိုက်ပျိုးရေးရာအဖြေရှာ |
| ၉း၃၅ | ပြည်သူ့နီတိ "ရှဥ့်မွေးရွှံ့မလူး" |
| ၉း၅၀ | "AFF SUZUKI Cup သမိုင်းမှတ်တမ်း" |
| ၁၀း၃၅ | အထွေထွေသုတနှင့်ကျန်းမာရေး "နန္ဒင်းအကြောင်း" |
| ၁၁း၁၅ | "ဝင်ငွေတိုးပွားမင်္ဂလာစီးပွား" |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြားပညာရေး အစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၃၃) |
| ၁း၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ"(အပိုင်း-၄၁) |
| ၂း၁၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (မြင့်မြတ်) |
| ၂း၃၅ | Sunday Talk |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၄၂) |
| ၄း၃၅ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ [ရန်တိုင်းကျော်(အဖြူရောင်သွေးသစ်) နှင့် စောမင်းအောင်(ဒို့ရိုးရာ)] |
| ၅း၁၅ | Football Magazine |
| ၅း၃၅ | NHK Programme "လှိုင်းများကို နားလည်ကြည့်ခြင်း"(ရေဒီယိုလှိုင်းများ) |
| ၆း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကျောင်းတော်ကဇာတ်လမ်း" (ညောင်ညောင်၊ ပိုင်ဇေ၊ ရတနာ၊ ဘုတ်ကလုံ၊ မဖြူ) [ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)] |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၄၃) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "ရက်(၁၀၀)မှသည် (၆)လစီမံချက်ဆီသို့" (ဒုတိယပိုင်း) |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၄၂) -ဂီတသမား၊ ဂီတစကား "မဟာဂီတနှင့် ခေတ်ဟောင်း" |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# ဘာစီလိုနာ သက်တမ်းတိုးစာချုပ် ကမ်းလှမ်းမှုကို မက်ဆီငြင်းပယ်



ဘာစီလိုနာကြယ်ပွင့်မက်ဆီသည် ဘာစီလိုနာအသင်းဘက်မှ စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းဆန်ပယ်ချခဲ့သဖြင့် မက်ဆီ ဘာစီလိုနာမှ ထွက်ခွာတော့မည်လားဆိုသည့် မေးခွန်းများပါ နောက်ဆက်တွဲအနေဖြင့် ရိုက်ခတ်လာခဲ့သည်။ မက်ဆီနှင့် ဘာစီလိုနာတို့ကြား ချုပ်ဆိုထားသည့် လက်ရှိစာချုပ်မှာ ၂၀၁၈ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း မက်ဆီ၏ ယခုတုံ့ပြန်မှုက မက်ဆီအားခေါ်ယူရန် ကြိုးပမ်းနေသည့် ပီအက်စ်ဂျီ၊ မန်စီးတီးအသင်းများအတွက် သတင်းကောင်းတစ်ရပ် ဖြစ်လာခဲ့သည်။

မက်ဒရစ်မြို့ အခြေစိုက်သတင်းစာများက မက်ဆီနှင့် စပိန် အခွန်အာဏာပိုင်များကြား ဖြစ်ပွားခဲ့သည့် အငြင်းပွားမှု ကိစ္စရပ်များက မက်ဆီ၏ ဆုံးဖြတ်ချက်ကို များစွာသက်ရောက်စေခဲ့ကြောင်း ရေးသားဖော်ပြကြသည်။ ပြီးခဲ့သည့် နွေရာသီကာလအတွင်း မက်ဆီနှင့် သူ့ဖခင်ဖြစ်သူတို့သည် အခွန်ရှောင်တိမ်းမှု ကိစ္စရပ်ကြောင့် တရားစွဲဆိုခြင်းခံခဲ့ရပြီးနောက် မက်ဆီက စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ဘာစီလိုနာမှ ထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သူ၏ အတူနေချစ်သူကို ဖွင့်ဟခဲ့သည်ဟု မာကာသတင်းစာက အတိအကျဖော်ပြသည်။

သို့သော် ဘာစီလိုနာဥက္ကဋ္ဌ ဘာတိုမူက မက်ဆီ စာချုပ်သစ်ချုပ်ဆိုမည်ဟု ယုံကြည်မှုအပြည့်ရှိကြောင်း စက်တင်ဘာလအတွင်းပြုလုပ်သည့် အင်တာဗျူးတစ်ခုတွင် ထည့်သွင်းဖြေကြားခဲ့ပြီးဖြစ်သည်။ ဘာတိုမူက “ မက်ဆီလား၊ သူဘာကာမှာပဲ ကာလကြာရှည် ဆက်ရှိနေပါလိမ့်မယ်။ လက်ရှိ စာချုပ်ကလည်း ရှုရှား ကမ္ဘာ့ဖလား ပြီးဆုံးချိန်မှဆိုတော့ ဒီအတွက်ကြောင့်လည်း ကျွန်တော်တို့ ကျေနပ်ရပါတယ်။ ကျွန်တော်တို့ ဘာစီလိုနာကသာ သူ့အတွက်အကောင်းဆုံးဖြစ်သလို ဒီကလပ်အသင်းကသာ လက်ရှိကမ္ဘာ့အကောင်းဆုံး ကလပ်အသင်းလည်း ဖြစ်တယ်ဆိုတာကိုပါ သူ့ကို အကြိမ်ကြိမ်ရှင်းပြခဲ့ပြီးသားပါ”ဟု ဆိုခဲ့သည်။

ထို့ပြင် မန်စီးတီးနည်းပြ ဂွါဒီယိုလာက မက်ဆီအား ရရှိလျှင် ခေါ်ယူလိုသည်ဟူသော အကြောင်းကို လျှို့ဝှက်ထားမှုမရှိသောကြောင့် ယခုကဲ့သို့ ဘာစီလိုနာနှင့် မက်ဆီ စာချုပ်သစ်ကိစ္စ ပြေလည်မှုမရှိသည်ကို အခွင့်ကောင်းယူ၍ မန်စီးတီးအသင်းသို့ မက်ဆီရောက်ရှိရေး ကြိုးပမ်းနိုင်ဖွယ်ရှိကြောင်း မှန်းဆချက်များ ထွက်နေသည်။




# အူစိန်ဘို့အတွက် ဘောလုံးကန်ဖိနပ် အဆင်သင့်ဖြစ်နေပြီဖြစ်တဲ့ ပူးမား

နာမည်ကျော် အားကစားပစ္စည်း ကုမ္ပဏီဖြစ်တဲ့ ပူးမားက ဒေါ့မွန်အသင်းဝတ်စုံ ဘောလုံးကန်ဖိနပ်တစ်စုံရဲ့ဓာတ်ပုံကို နိုဝင်ဘာ ၁၄ ရက် ည ၁၁ နာရီ ၁၉ မိနစ် သူတို့အသင်းရဲ့ တွစ်တာ စာမျက်နှာပေါ် တင်ခဲ့ပါတယ်။ လိမ္မော်ရောင်တစ်ဝက် အဖြူရောင်တစ်ဝက် ဒီဖိနပ်ကို အသေအချာကြည့်မယ်ဆိုရင် ဂျမေကာနိုင်ငံတော်အလံနဲ့ “ဘို့” လို့ အမည်တပ်ထားတာကို တွေ့ရမှာဖြစ်သလို မင်းအတွက် ဖိနပ်ကတော့ အဆင်သင့်ပါပဲ ဘို့ရေလို့ ရေးသားပြီး ဒေါ့မွန်အသင်းနဲ့ အူစိန်ဘို့နှစ်ဖက်စလုံးရဲ့ တွစ်တာစာမျက်နှာပေါ် တွဲဖက်တင်ပေးခဲ့ပါ။

အူစိန်ဘို့ဟာ မကြာခဏဆိုသလို သူဟာ ဘောလုံးကစားဖို့ရည်ရွယ်ချက်ရှိတယ်လို့ ပြောကြားခဲ့ဖူးသူဖြစ်ပြီး ဒေါ့မွန်အသင်းနဲ့ လေ့ကျင့်ရေးအစီအစဉ်တွေ ပြုလုပ်ပြီးနောက်မှာ ဘို့အနေနဲ့ သူ့ရဲ့ ပရော်ဖက်ရှင်နယ် လုပ်ငန်းအပြောင်းအလဲစခဲ့ပြီလို့ သုံးသပ်ရတော့မှာပါ။ ဘို့ကတော့ သူဟာ ဒေါ့မွန်အသင်းနဲ့ပြုလုပ်တဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ အရာအားလုံးကို လိုက်လံလုပ်ဆောင်နိုင်သလို သူ့ရဲ့အားသာချက်က လျင်မြန်မှုရှိခြင်းပဲလို့ ဆိုခဲ့ပါတယ်။ ဒီလိုအပြောင်းအလဲတွေကို ဖန်တီးပေးခဲ့သူက အူစိန်ဘို့ရော ဒေါ့မွန်အသင်းကိုပါ စပွန်ဆာပေးထားတဲ့ ပူးမားကုမ္ပဏီပဲဖြစ်ပါတယ်။ ဂျာမနီအားကစားပစ္စည်းကုမ္ပဏီ ပူးမားဟာ ဒေါ့မွန်အသင်းမှာ ဘို့လေ့ကျင့်ရေးဆင်းနိုင်အောင် စီစဉ်ပေးခဲ့ပြီး ဖြစ်နိုင်ရင် ဘို့နဲ့ ဒေါ့မွန်ကြား စာချုပ်ချုပ်ဆိုဖြစ်အောင် ဖန်တီးပေးမယ့်ပုံစံမှာ ရှိနေပါတယ်။

ဘို့ကတော့ သူဟာ မန်ယူအသင်း အမာခံ ပရိသတ်ဖြစ်တာကြောင့် မန်ယူအသင်းအတွက် ကစားပေးခွင့်ရလိုတယ်လို့ ပြောကြားခဲ့ပေမယ့် လောလောဆယ်တော့ ဒေါ့မွန်အသင်းမှာပဲ ဘောလုံးကစားသမား ဘဝစတင်ရဖို့ နီးစပ်နေပါတယ်။ ဒါပေမယ့် လက်ရှိမှာ အသက်(၃၀) ကျော်နေပြီဖြစ်ပြီး အပြေးသမားဘဝကနေ ဘောလုံးကစားသမားဘဝကို ပြောင်းဖို့ရည်ရွယ်နေတဲ့ အူစိန်ဘို့အနေနဲ့ ဘောလုံးကစားခြင်းယဉ်ကျေးမှုမှာ အောင်မြင်နိုင်ဖို့ အများကြီး အားထုတ်ရဦးမှာဖြစ်ပါတယ်။ ဘောလုံးကန်ဖိနပ်တော့ အဆင်သင့်ပဲလို့ ရေးသားခံရတဲ့ “ အူစိန်ဘို့ ” တစ်ယောက် ဘောလုံးနည်းစနစ်တွေ ဘယ်လောက်ထိ ကျွမ်းကျင်ပြီလဲဆိုတာ စောင့်ကြည့်ကြရအောင်ပါ။

## အာဆင်နယ်နှင့် စာချုပ်သစ်ချုပ်ဆိုရန် အိုဇေးလ် နီးစပ်နေ

အစောပိုင်းကာလက အာဆင်နယ်အသင်းနှင့် စာချုပ်သစ်ကိစ္စဆွေးနွေးမှု ပြေလည်မှုမရရှိသည့် အိုဇေးလ်မှာ ယခုအခါ စာချုပ်သစ် လက်မှတ်ရေးထိုးရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။ အိုဇေးလ်နှင့် အာဆင်နယ်အသင်းတို့သည် နိုင်ငံတကာပွဲစဉ်များ ကစားနေသည့် ကာလအတွင်း စာချုပ်သစ်ကိစ္စ ဆွေးနွေးခဲ့ကြပြီး ယခုအခါ တစ်ပတ်လုပ်ခလစာ ပေါင် ၂၅၀၀၀၀ ဖြင့် သက်တမ်းရှည် စာချုပ်တစ်ရပ်ချုပ်ဆိုရန် ရှိနေခြင်းဖြစ်သည်။

အိုဇေးလ်သည် လက်ရှိတွင် တစ်ပတ်လုပ်ခပေါင် ၁၄၀၀၀၀ ရရှိနေရာ စာချုပ်သစ်ချုပ်ဆိုဖြစ်လျှင် တစ်ပတ်လုပ်ခပေါင် ၁၁၀၀၀၀ ပိုမိုခံစားခွင့်ရရှိမည်ဖြစ်သည်။ အိုဇေးလ်မှာ ပေါင်၁၀သန်းတန်အိမ်တစ်လုံးကို လန်ဒန်မြို့တွင် ထပ်မံဝယ်ယူခဲ့ခြင်းဖြင့် အာဆင်နယ်အသင်းနှင့်သာ စာချုပ်သစ်ချုပ်ဆိုရန် အချက်ပြလိုက်ခြင်းဖြစ်သည်။ အာဆင်နယ်သည် အိုဇေးလ်အပြင် ဆန်းချက်ဇ်ကိုပါ စာချုပ်သစ်ချုပ်ဆိုရန် ကြိုးပမ်းလျက်ရှိသည်။ အိုဇေးလ်မှာ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြန်ရန်ခြေလှမ်းပြင်နေသောကြောင့် အာဆင်နယ်၏ ကမ်းလှမ်းမှုကို လျစ်လျူရှုနေခြင်းဖြစ်သည် ဟု အစောပိုင်းကာလက သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုကဲ့သို့ စာချုပ်သစ်ချုပ်ဆိုရန်ရှိနေခြင်းက အာဆင်နယ်အသင်းအတွက် သတင်းကောင်းတစ်ရပ်ပင်ဖြစ်သည်။

## လီဗာပူးမှ ထွက်ခွာရန် နီးစပ်နေပြီဖြစ်သည့် စတားရစ်ချ်

လီဗာပူးတိုက်စစ်မှူး စတားရစ်ချ်သည် အရန်ခုံပေါ်တွင် အချိန်ကုန်ဆုံးနေသည့် လက်ရှိအခြေအနေကြောင့် လာမည့် ဇန်နဝါရီ ဈေးကွက် ဖွင့်လှစ်ချိန်အတွင်း အသင်းပြောင်းရွှေ့ရန် ရှိနေပြီဖြစ်သည်။ စတားရစ်ချ်အား ပရီမီယာလိဂ်အသင်းများဖြစ်သည့် ဝက်စ်ဟမ်းနှင့် စတုတ်စီးတီးအသင်းတို့မှ ခေါ်ယူရန် ချိတ်ဆက်နေပြီး ပြောင်းရွှေ့ကြေး ပေါင် ၂၈ သန်းဖြင့် ပြောင်းရွှေ့ရန် နီးစပ်ခြင်းဖြစ်သည်။

လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်သည် ပြီးခဲ့သည့် နွေဈေးကွက်အတွင်း တိုက်စစ်မှူး မာနီကို ခေါ်ယူခဲ့ပြီးနောက် ဖာမီနို-မာနီ-ကော်တင်ဟိုတိုက်စစ်အတွဲမှာ အတွဲအဖက်မိနေရာ စတားရစ်ချ်မှာ ပရီမီယာလိဂ်ပွဲစဉ်လေးပွဲသာ ပွဲထွက်ကစားခွင့်ရခဲ့သည်။ စတားရစ်ချ်သည် အင်္ဂလန်အသင်းအတွက် ခြေစွမ်းကောင်းတစ်ရပ် ပြသနိုင်ဆဲဖြစ်သော်လည်း စပါးတိုက်စစ်မှူး ဟယ်ရီကိန်း ကြံ့ခိုင်မှုပြည့်ဝလာချိန်တွင် ကလပ်အသင်း၌ပင် ပုံမှန်ပွဲထွက်ကစားခွင့်မရသည့် သူ့အားနိုင်ငံလက်ရွေးစင်အသင်းအတွက်လည်း နေရာအာမခံချက်မရနိုင်သဖြင့် အသင်းပြောင်းရွှေ့ရန်အလျင်အမြန် အားထုတ်လာခြင်းဖြစ်သည်။

# ကျွန်တော့်ထက် ဒီဂီယာ ပိုကောင်းပါတယ်





ချယ်လ်ဆီးဂိုးသမား ကော်တွိုက်စ်ဟာ လွန်ခဲ့တဲ့ နှစ်ရာသီလောက်ကတည်းက ကမ္ဘာ့အဆင့် လက်စွမ်းတစ်ရပ်ကို ပြသနိုင်ပြီး ချယ်လ်ဆီးရဲ့ ဝါရင့်ဂိုးသမား ပီတာဆက်ချ်ကိုတောင် အရန်ခုံပေါ် ပို့နိုင်လောက်အောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပါတယ်။ ကော်တွိုက်စ်ဟာ လက်ရှိမှာလည်း တည်ငြိမ်တဲ့ လက်စွမ်းတစ်ရပ်ကို ဆက်လက် ထိန်းထားနိုင်သူဖြစ်ပေမယ့် ပရီမီယာလိဂ် လက်ရှိ ဂိုးသမားတွေထဲမှာ ဒီဂီယာဟာ သူ့ထက်ပိုပြီး တုံ့ပြန်မှု ကောင်းသူဖြစ်တယ်လို့ ရှုမြင်ပါတယ်။ သူဟာ ထရက်ဗျူး ရုပ်သံအစီအစဉ်အတွက် ပါဝင်ခဲ့ပြီး လျှပ်တစ်ပြတ်မေးခွန်းတွေ ဖြေကြားခဲ့ရစဉ်မှာ သူ့ထက်ပိုကောင်းတယ်ထင်တဲ့ လက်ရှိဂိုးသမားတွေရဲ့ အမည်စာရင်းကို ဖော်ပြပေးဖို့ မေးမြန်းခံရတာ ဖြစ်ပါတယ်။

ဒီမေးခွန်းအတွက် ကော်တွိုက်စ်က “ဒီဂီယာပဲ ဖြစ်ပါတယ်။ သူဟာ ကျွန်တော့်ထက် တုံ့ပြန်မှုပိုကောင်းတဲ့ ကစားသမားဖြစ်သလို သူ့ဧရိယာအတွင်းမှာ အကောင်းဆုံး ကစားနိုင်သူပါ။ ကျွန်တော်လည်း သူ့လို ကစားသမားမျိုးပါ။ နောက်ပြီး လီဗာပူးဂိုးသမား မင်ညိုလက်စ်ပေါ့ ” လို့ ဖြေကြားခဲ့တာပါ။

မေးမြန်းသူတွေကတော့ တစ်ချိန်က ချယ်လ်ဆီးအသင်းရဲ့ ပထမဂိုးသမားနေရာကို လုခဲ့ကြရတဲ့ အာဆင်နယ်ဂိုးသမား ပီတာဆက်ချ်နဲ့ ပတ်သက်ပြီး ကော်တွိုက်စ်ရဲ့ အမြင်ကို မေးမြန်းခဲ့ရာမှာတော့ သူဟာ ပီတာဆက်ချ်လို အစွမ်းအစရှိတဲ့ ကစားသမားတွေ အမြောက်အမြားနဲ့ တွေ့ဆုံခဲ့ဖူးပြီး ပီတာဆက်ချ်ဟာ သူ့ကို ကူညီခဲ့သူ၊ အကြံဉာဏ်ကောင်းတွေ ပေးခဲ့သူလို့သာ ဖြေကြားခဲ့ပါတယ်။

**မေလဲ့သင်း - စုစည်းသည်**

# မြဝတီမြို့တွင် ထိုင်းဘတ်ငွေစက္ကူအတုပြုလုပ်သူများကို ဖမ်းဆီး

**မြဝတီ နိုဝင်ဘာ ၁၅**

ကရင်ပြည်နယ် မြဝတီမြို့တွင် ထိုင်းနိုင်ငံသုံး ဘတ်ငွေစက္ကူအတုပြုလုပ်သူများကို ဖမ်းဆီးရမိကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး၏လမ်းညွှန်ချက်အရ မြို့ပေါ်ရပ်ကွက်များအတွင်း ပြေး(၄)ပြေးကို အရှိန်အဟုန်မြှင့် ဖမ်းဆီးရန် ရဲတပ်ဖွဲ့ဝင်များနှင့်အရပ်သက်သေများ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်တို့က အမှတ်(၂)ရပ်ကွက် သဲပုံဂိတ်အနီးလှည့်ကင်းဆောင်ရွက်နေစဉ် နိုဝင်ဘာ ၁၄ ရက် နံနက် ၃ နာရီခန့်က မသင်္ကာဖွယ်တွေ့ရှိသူ အောင်လင်းစိုး(ခ)ကျော်ကျော် (၂၇) နှစ်ကို တွေ့ရှိ၍ သက်သေများရှေ့တွင် ရှာဖွေရာ ၎င်းလွယ်ထားသော အနီရောင် ကျောပိုးအိတ်အတွင်းမှ ငွေစက္ကူအတုဟုယူဆရသော ထိုင်းနိုင်ငံသုံးဘတ်ငွေ ၁၀၀၀ တန် ၁၁ ရွက်ကို ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

အောင်လင်းစိုး(ခ)ကျော်ကျော်၏ အစစ်ခံထွက်ဆိုချက်အရ နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် အမှတ်(၁)ရပ်ကွက်နေ ဦးအေးကျော်၏ နေအိမ်သို့ သွားရောက်၍ ထိုင်းနိုင်ငံသုံးဘတ်ငွေ ၁၀၀၀ တန် အတုပြုလုပ်သူ ဦးဘသိန်းအောင်ကို ရှာဖွေဖမ်းဆီးစစ်ဆေးရာ နေအိမ် ဒုတိယထပ်တွင် ငွေစက္ကူအတုပြုလုပ်သည့် ကွန်ပျူတာရိုက်နှိပ်နေသည့် ဦးဘသိန်းအောင်နှင့် ဦးအေးကျော်တို့ နှစ်ဦးကို တွေ့ရှိသဖြင့် ရဲအုပ်သက်ဦးက ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှသိရသည်။

သို့ဖြစ်၍ ထိုင်းနိုင်ငံသုံးငွေစက္ကူ ၁၀၀၀ တန်အတု ၁၁ ရွက်နှင့်အတူ ဖမ်းဆီးရမိသူ အောင်လင်းစိုး(ခ)ကျော်ကျော်၊ ငွေစက္ကူအတုပြုလုပ်သူ ဦးဘသိန်းအောင်နှင့် အိမ်ရှင်ဖြစ်သူ ဦးအေးကျော်တို့သုံးဦး**(ဝဲပုံ)**ကို မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**





# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ တစ်နာရီအတွင်း ယာဉ်တိုက်မှု နှစ်ကြိမ်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဘောနက်ကြီး အမြန်လမ်းရဲတပ်ဖွဲ့ပိုင် မိုင်တိုင်အမှတ်(၄၀/၀)နှင့် (၄၀/၁)အကြား နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်းအောင်ကျော်စိုးမောင်းနှင်လာသော HYUNDAI မော်တော်ယာဉ်သည် ယနေ့နံနက် ၅ နာရီခွဲက ယာဉ်မောင်းအိပ်ငိုက်ရာ ရှေ့မှ ESE EXPRESS ခရီးသည်တင်ယာဉ် ဝဲဘက်နောက်ပိုင်းကိုဝင်တိုက်မိပြီး ရပ်တန့်သွားခဲ့သည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်ကြောင့် ခရီးသည်တင်ယာဉ်ပေါ်ပါရှိသူ ၄၆ ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း HYUNDAI ယာဉ်ပေါ်ပါ ၁၆ ဦးမှ အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသား တစ်ဦး၊ အမျိုးသမီးရှစ်ဦး ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည်။

ထို့အတူ ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်က ဗောဓိကုန်း အမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင်အမှတ်(၁၃၈/၁)နှင့် (၁၃၈/၂)အကြား ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း တင်ဇော်လတ် မောင်းနှင်လာသော ပရိုဘောက်ယာဉ်မှာ ရှေ့ဘီးပေါက်ပြီး လမ်းလယ်ကပ်တုံးကို တိုက်မိတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ သုံးဦးမှ အမျိုးသားနှစ်ဦး ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်များကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သော ယာဉ်မောင်းများကို သက်ဆိုင်ရာ အမြန်လမ်းရဲတပ်ဖွဲ့စခန်းများက အမှုဖွင့်အရေးယူထားကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

**သန်းဦး(လေးမျက်နှာ)၊ ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**

# စတိုးဆိုင်မှ ငွေနှင့်ပစ္စည်းများ ခိုးယူသူများကို ဖမ်းဆီး

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၇)ရပ်ကွက်ရှိ စတိုးဆိုင်တွင် ခိုးယူသူများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၂ ရက် နံနက် ၁ နာရီခန့်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၇) ရပ်ကွက်ရှိ 8 & 8 ၂၄ နာရီစတိုးဆိုင်တွင် အရောင်းဝန်ထမ်းအမျိုးသားတစ်ဦးတည်းရှိနေစဉ် အမည်မသိ အမျိုးသားသုံးဦးရောက်ရှိလာပြီး ဓားဖြင့်ခြိမ်းခြောက်ကာ ဆိုင်ရှိ ရောင်းရငွေများ၊ ဖုန်းငွေဖြည့်ကတ်မျိုးစုံ၊ စီးကရက်နှင့် အချိုရည်မျိုးစုံ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၆၇၇၀၀ ယူဆောင်သွားခဲ့သဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းက (ပ)၁၉၂၃/၂၀၁၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၈၆ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ အငယ်ကောင်(ခ)ဟိန်းထက်(ခ)ဟိန်းထက်စိုး၊ ညီညီ(ခ)ညီညီမင်း၊ ခန့်စည်သူ(ခ)ခန့်စည်သူအောင်နှင့် ဇောင်းလေး(ခ)သန်းယုမောင်တို့ကို နိုဝင်ဘာ ၁၄ ရက် ည ၇ နာရီခန့်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၅)ရပ်ကွက် ပုဂံလမ်းတွင် ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် သားကြီး(ခ)လွင်မိုးနှင့်အတူ ဆိုင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး ဈေးဝယ်ဟန်ဆောင်ကာ အရောင်းဝန်ထမ်းအား ဓားဖြင့်ထောက်၍ ပစ္စည်းများ ယူဆောင်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီး သားကြီး(ခ)လွင်မိုးမှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် အမြန်ဆုံး ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အမှုနှင့်ပတ်သက်၍ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိရေး ဆောင်ရွက်လျက်ရှိပြီး အခြားလုယက်မှုများ ကျူးလွန်ထားခြင်းရှိ၊ မရှိ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**


## ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့ အငြိမ်းစားအရာရှိများသို့ ဖိတ်ကြားခြင်း

ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့ အငြိမ်းစားအရာရှိများ၏ ဒုတိယအကြိမ်မြောက် သက်ကြီးဂါရဝပြုပွဲနှင့် မိသားစုမိတ်ဆုံညစာစားပွဲအား အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အငြိမ်းစားအရာရှိများနှင့်ဇနီးများ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၉-၁၁-၂၀၁၆ရက်(စနေနေ့)

အချိန် - ညနေ ၆နာရီ

နေရာ - ဂန္ဓမာကုန်တိုက်၊ Grand Ballroom၊ ဂန္ဓမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ မရမ်းကုန်း

**အခမ်းအနားကျင်းပရေးကော်မတီ**






## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V LE MANS EXPRESS V.5 သင်္ဘောသည် ၁၇-၁၁-၂၀၁၆ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ ရေကြောင်းအမြန်ယာဉ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၏ သွားလာမှုအဆင်ပြေချောမွေ့စေရန်နှင့် ယာဉ်ကြောကြပ်တည်းမှုဖြေလျှော့နိုင်ရေးအတွက် အမြန်ယာဉ်ဖြင့် ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လှိုင်မြစ်နှင့် ငမိုးရိပ်ချောင်းများတွင် စတင်ပြေးဆွဲရန် စီစဉ်လျက်ရှိရာ လုပ်ကိုင်လိုသော ပြည်တွင်းကုမ္ပဏီလုပ်ငန်းရှင်များနှင့် ပြည်တွင်း/ပြည်ပ ပေါင်းစပ်လုပ်ကိုင်လိုသည့် ကုမ္ပဏီများကို ဖိတ်ခေါ်အပ်ပါသည်။

၂။ ခရီးသည်တင် အမြန်ရေယာဉ်များကို အောက်ပါအတိုင်း ပြေးဆွဲရန် ရည်ရွယ်ပါသည်-

(က) လှိုင်မြစ်ကြောင်းတစ်လျှောက်တွင် တစ်စီးလျှင်ခရီးသည် (၅၀မှ ၁၀၀) (Design)အကြား တင်ဆောင်နိုင်သည့် ရေယာဉ်များ ပြေးဆွဲခြင်း။

(ခ) ငမိုးရိပ်ချောင်းတစ်လျှောက်တွင် တစ်စီးလျှင်ခရီးသည် (၃၅မှ၆၀) (Design)အကြား တင်ဆောင်နိုင်သည့် ရေယာဉ်များ ပြေးဆွဲခြင်း။

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အခန်းအမှတ်(၂၁၆)တွင် ၂၁-၁၁-၂၀၁၆ရက်မှ ၂၀-၁၂-၂၀၁၆ရက် အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါလျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်ပြီး ၂၆-၁၂-၂၀၁၆ရက် ညနေ၁၆း၃၀နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် တင်ဒါစည်းကမ်းချက်များနှင့် ကိုက်ညီသော အဆိုပြုလွှာတင်သွင်းမှုများကို အမြန်စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၉-၇၇၇၁၆၉၈၂ နှင့် ၀၉၉၇၇၉၅၆၄၉၀တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့**






## ပျောက်ဆုံးခြင်း

AA Medical Products Ltd ၏ ID NO.112607(11.5.15), ID NO.160185 (15.9.15), ID NO.518999(10.7.15), ID NO.157757 (8.9.15), ID NO.158475(9.8.15), ID NO.911778(22.1.16), ID NO.113985 (13.5.15), ID NO.927058(1.3.16), ID NO.922033 (10.2.16), ID NO.929310 (4.3.16), ID NO.198449(5.2.15), ID NO.903231 (19.2.15), ID NO.917758 (31.3.15), ID NO.914697 (20.3.15) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-31129766**



## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၃ ရပ်ကွက်၊ ဇေတဝန်ကျောင်းလမ်း၊ အမှတ်(၁၄၂) မြေညီထပ်နေထိုင်သူ ဖခင် ဦးကျင်သောင်း [၁၂/လမန(နိုင်)၀၃၀၈၂၄]နှင့် မိခင် ဒေါ်စုစု [၁၂/လမန(နိုင်)၀၂၅၅၈၆]တို့၏သမီး မဇင်မာမြင့် [၁၂/လမန(နိုင်)၁၄၅၂၆၃]သည် မိဘများ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအတိုင်း ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဖခင် ဦးကျင်သောင်း-မိခင် ဒေါ်စုစု**


ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ကျွန်တော်နှင့်သူ

ငွေးအောင် (ခရီးသွား)

ယခုတလောမြို့ထဲရောက်တိုင်း လမ်းဆုံဆိုင်းဘုတ်တစ်ခုအပေါ်တွင် တေးသံရှင်လွှမ်းမိုးနှင့် သူ၏သီချင်းများကြော်ငြာကို သတိပြုမိလေ့ရှိရာ တစ်ချိန်ကနာမည်ကျော်လူကြိုက်များခဲ့သော မိုးစက်တင်လေကို ပြန်ပြောင်းလွမ်းမောမိသည်။ ယခုလည်း လေယာဉ်ပြတင်းပေါက်မှန်သားပြင်ပေါ်တွင် မိုးရေစက်များ လေဟုန်နှင့်အတူစီးမျောသွားသည်ကို ငေးမောရင်း အမှတ်မထင် ငယ်စဉ်က လွှမ်းမိုး၏ မိုးစက်တင်လေကို ပြေး၍တမ်းတမိပြန်သည်။ ထိုင်း စမိုင်းလေယာဉ်သည် မလေးရှား ပီနန်လေဆိပ်ကို မိုးရေထဲမှာပင် အမောတကောဆင်းကာ ပြေးလမ်းအတိုင်း တဖြည်းဖြည်းချင်း အရှိန်လျှော့ချလာသည်။ အဆင်းတွင်ညအချိန်မို့ မြင်ကွင်းကျဉ်းသော်လည်း ပီနန်သည် မီးရောင်ထိန်ထိန်ဖြင့် အမှောင်ထုကို ကောင်းစွာအန်တုထားနိုင်ကြောင်း သတိပြုလိုက်မိ၏။ လေယာဉ်တံခါးပေါက်က ထွက်သည်နှင့် တိုရင်ဇမ် မလေးရှားအဖွဲ့က ရင်းနှီးစွာကြိုဆိုသဖြင့် ကျွန်တော်နှင့် ဦးမောင်မောင်ဆွေတို့ ဧည့်ခန်းမဆောင်အတွင်း သေတ္တာများစောင့်၊ နိုင်ငံကူးလက်မှတ်များပေးရင်း ခေတ္တအနားယူခွင့်ရသည်။

အမှန်စင်စစ် ပီနန်သည် ကျွန်တော်တို့အတွက် သူစိမ်းတစ်ရံဆံမဟုတ်၊ ဘိုးဘေးဘီဘင် လက်ထက်ကပင် နှစ်နိုင်ငံ ကူးလူးဆက်ဆံခဲ့သည့်အပြင် စစ်ကာလတွင် နယ်ချဲ့တို့၏ စစ်ချီရာ ကိုလိုနီလမ်းကြောင်းပေါ်တွင် ကျရောက်ခဲ့သည်။ စစ်အေးကာလရောက်ပြန်တော့လည်း ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ရှိနေပြန်သည်။ ပုံမှန်သင်္ဘောများသာရှိခဲ့လျှင် နှစ်နိုင်ငံကူးသန်းသွားလာမှုစည်ပင်ဖွံ့ဖြိုးနိုင်သည်။ ယင်းသို့သာ ဆောင်ရွက်နိုင်ခဲ့လျှင် ပီနန်နှင့်မြိတ်၊ ထားဝယ်မြို့များကို ညီအစ်မမြို့တော်များဟု ခေါ်ဆိုတင်စားရလေမလား။

ကျွန်တော်တို့နှစ်ယောက် ရေချွေးကြမ်းသောက်အပြီးလောက်တွင် ဧည့်ကြိုမိန်းကလေးက အားလုံးအဆင်သင့်ဖြစ်ကြောင်းပြောရင်း အသင့်စောင့်နေသောကားဖြင့် တည်းခိုရမည့်ဟိုတယ်သို့ ပို့ဆောင်ပေးသည်။ အချိန်ကား ညဆယ်နာရီခွဲသော်လည်း ပီနန်က အိပ်ရာမဝင်သေး။ လင်းထိန် လန်းဆန်းလျက်ရှိ၏။ နာရီဝက်ခန့်အကြာတွင် တည်းခိုမည့်နာမည်ကျော် အီးအန်အို (အီးစတင်အန် အိုရီရင်းတယ်) အဆင့်မြင့်ဟိုတယ်သို့ ရောက်ကြသည်။ အဆောက်အအုံမှာ ရှေးဟောင်းဒီဇိုင်းပုံစံဖြစ်သော်လည်း စနစ်တကျပြုပြင်ထိန်းသိမ်းစောင့်ရှောက်ထားသဖြင့် ဆလိုက်မီးများအောက်တွင် ဂုဏ်ယူဝင့်ကြွားနေပုံရသည်။ ဟိုတယ်မန်နေဂျာက ကျွန်တော်တို့နှစ်ယောက်အား ရှစ်ထပ်ရှိ အိပ်ခန်းကျယ်တွင် ဘေးချင်းကပ်ချထားပေးသည်။ အခန်းထဲရောက်သည်နှင့် ကျွန်တော့်အကျင့်အတိုင်း အခန်းအနေအထားနှင့် ပြင်ဆင်မှုကို စေ့ငုလိုက်မိ၏။

ထိုစဉ် ခုတင်ခေါင်းရင်း နံရံတွင် ချိတ်ဆွဲထားသော ရှေးဟောင်းအဆောက်အအုံဓာတ်ပုံကို ကြည့်မိရာ ၁၉၀၃ ခုနှစ်က ရှာကီးမိသားစုများ ထူထောင်ခဲ့သောဟိုတယ်ပုံဖြစ်သည်။ ကျွန်တော်မှတ်မိသလောက် ယင်းတို့မိသားစုသည် ဟိုတယ်သုံးလုံးကို စင်ကာပူ၊ ရန်ကုန်နှင့် ပီနန်တို့တွင် ထိုအချိန်ကထူထောင်ခဲ့ကြသည်။ ကမ်းနားဟိုတယ်သည် အီးအန်အို၏ ဖွားဖက်တော်ဖြစ်သည်။ စင်ကာပူရှိ ရာဖဲလ်နှင့် ပီနန်ရှိ အီးအန်အိုတို့ကို ခံ့ညားထည်ဝါစွာပြုပြင်ထိန်းသိမ်းထားရာ မကြာခင် ပြန်လည်ဖွင့်လှစ်မည့် ရန်ကုန်ရှိ ကမ်းနားဟိုတယ်သည်လည်း သူတို့နှင့်အတူ အလှချင်းပြိုင်နိုင်တော့မည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိသည်။ အခန်းထဲတွင် ကော်ဖီဖျော်စက်နှင့်အတူ ကော်ဖီထုပ်များရှိသဖြင့် မအိပ်ကြသေးဘဲ ဦးဆွေအခန်းသို့ကူးပြီး နှစ်ယောက်သား ကော်ဖီသောက်ရင်း စကားပြောဖြစ်ကြသည်။ အဓိကမှာ နောက်တစ်နေ့ အစီအစဉ်အတွက် တိုင်ပင်ကြခြင်း ဖြစ်သည်။ ကော်ဖီသောက်ပြီး ကျွန်တော့်အခန်း ပြန်ရောက်တော့ သန်းခေါင်ယံတိုင်ပြီ။ ကိုယ့်ဆီမှာတော့ ညဆယ်နာရီခွဲခန့်သာရှိသဖြင့် အိပ်မောမကျနိုင်သေးချေ။ ဤဟိုတယ် အီးအန်အိုကို ကြယ်ငါးပွင့်သတ်မှတ်ထားသဖြင့် သူ့အဆင့်နှင့်အညီ မွမ်းမံပြင်ဆင်ထား၏။ ဟိုတယ်ပရဝဏ်၊ မြေယာအခင်းအကျင်း၊ ပင်မအဆောက်အအုံ၊ အတွင်းအပြင် မွမ်းမံချယ်သမှု၊ အသုံးအဆောင် ထားသိုမှု၊ လျှပ်စစ်မီးသုံးစွဲမှု၊ ဝန်ထမ်းများ၏ ဝတ်စားဆင်ယင်မှု၊ ဧည့်ဝတ်ကျေပွန်မှုတို့က ဟိုတယ်၏ အဆင့်အတန်းကို မပြောဘဲသိနိုင်သည်။

ခေတ်မီဟိုတယ် ကြီးများတွင် လုံခြုံစိတ်ချစေရန်အပြင် စွမ်းအင်ချွေတာနိုင်ရန် အီလက်ထရွန်နစ်ကတ်ပြားသုံးလေ့ရှိသဖြင့် ဓာတ်လှေကားပဲသုံးသုံး၊ အခန်းမှာပဲနေနေ ဤကတ်ပြားမရှိလျှင် ဘာမျှလုပ်မရ၊ အခန်းကထွက်လျှင် တံခါးလည်းပိတ်၊ မီးလည်း အလိုအလျောက်ငြိမ်းသွားလေ့ရှိရာ တီဗွီဖွင့်ခဲ့လျှင်ပင် စိုးရိမ်စရာမရှိ။ ကမ္ဘာကြီးတွင် နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့်အခါ သဘာဝအရင်းအမြစ်များကို သုံးစွဲရာတွင် ခြိုးခြံချွေတာ၍ စနစ်တကျသုံးစွဲတတ်အောင် တီထွင်ကြံဆရင်း အကျိုးရှိစွာ လေ့ကျင့်သုံးစွဲလာကြသည်မှာ ယနေ့လူသားတို့၏ ကောင်းမွန်သော အလေ့အကျင့်တစ်ခုဟု ဆိုရပေမည်။

နောက်တစ်နေ့နံနက်တွင် ကျွန်တော်တို့နှစ်ယောက် မြေညီထပ်စားသောက်ခန်းမတွင် နံနက်စာ စားကြသည်။ ထို့နောက် အခမ်းအနားကျင်းပမည့် အစည်းအဝေးခန်းမဘက်သို့ လျှောက်လာကာ ပြန်ကြားရေးကောင်တာ၌ မှတ်ပုံတင်ပြီး လည်ဆွဲကတ်ပြားများ ထုတ်ကြသည်။ ထိုအချိန်တွင် တိုရင်ဇမ် မလေးရှားမှ လူငယ်တစ်ယောက်က ကျွန်တော့်အားလာခေါ်သဖြင့် သူနှင့်အတူ လိုက်ပါလာခဲ့သည်။ အခန်းတစ်ခုအတွင်း ရောက်သည့်အခါ ကျွန်တော့်အား အပြုံးနှင့်ရင်းနှီးစွာကြိုဆိုကြသော မလေးရှားခရီးသွားလုပ်ငန်းဝန်ကြီး မစ္စတာဒါတိုထရီမိုအာမက်အပ်ဒူအာဇစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း အတွင်းရေးမှူးချုပ် ဒေါက်တာတာလပ်ရီဖဲလ်နှင့်တိုရင်ဇမ် မလေးရှားအဖွဲ့အစည်း အတွင်းရေးမှူးချုပ် ဒေါက်တာအောင်းတို့နှင့် ဆုံဖြစ်သည်။ ကျွန်တော်တို့ အပြန်အလှန် စကားကောင်းနေစဉ် ဝန်ထမ်းတစ်ယောက်ကအခမ်းအနားအသင့်ဖြစ်ကြောင်း ဝန်ကြီးအား သတင်းပို့သဖြင့် စကားစကိုရပ်ကာ ဧည့်ခန်းထဲမှထွက်လာခဲ့ကြသည်။

အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာတွင် အခမ်းအနားဖွင့်လှစ်ပြီးနောက် ကမ္ဘာ့ခရီးသွားအဖွဲ့အစည်း အကြီးအကဲက ဂုဏ်ပြုအမှာစကားစတင်ပြောကြားသည်။ ဒေါက်တာတာလပ်ရီဖဲလ်သည် ကမ္ဘာအနှံ့လှည့်လည်သွားလာနေသူ ဖြစ်သဖြင့် ဤသို့သော အခမ်းအနားမျိုးကို စိတ်လက်ပေါ့ပါးစွာ ပြောဆိုနိုင်သူဖြစ်သည်။ သူ၏ ဂုဏ်ပြုအမှာစကားတွင် တက်ရောက်လာသူ ဧည့်သည်အပေါင်းအား မလေးရှားယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနနှင့် ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပသော ဤစတုတ္ထအကြိမ်မြောက် ကမ္ဘာ့ခရီးသွားလုပ်ငန်း ကွန်ဖရင့်က ဝမ်းမြောက်စွာကြိုဆိုပါကြောင်းနှင့် ဤကွန်ဖရင့်ကို မလေးရှားနိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်မြို့တော်ဖြစ်သည့် ဂျော့ချ်တောင်းတွင် ကျင်းပနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ၎င်းက သက္ကရာဇ် ၂၀၃၀ တွင် ကမ္ဘာအနှံ့ခရီးသွားဧည့်သည် ၁ ဒသမ ၈ ဘီလီယံခန့် လှည့်လည်ပတ်ကြ မည်ဟု မျှော်မှန်းထားပါကြောင်း၊ ယင်းတွင် ၅၇ ရာခိုင်နှုန်းမှာ တိုးတက်ပေါ်ထွန်းလာသော ခရီးစဉ်ဒေသများသို့ သွားရောက်ကြမှာဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် အရာအားလုံးသည် အချိန်နှင့်အမျှ ပြောင်းလဲနေရာ၊ ဤ ဖိုရမ်မလေးရှားတွင် ပထမအကြိမ် စတင်ကျင်းပသည့် လွန်ခဲ့သောသုံးနှစ်ကနှင့် ယနေ့အချိန်အခါကို နှိုင်းဆကြည့်လျှင် ထူးခြားစွာပြောင်းလဲနေသည်ကိုတွေ့ရမှာဖြစ်ပါကြောင်း၊ ယင်းတို့ပြောင်းလဲမှုများတွင် ခရီးသွားလုပ်ငန်းသည် အဓိကနေရာမှ ပါဝင်လျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် ယခုအခါ ပြည်သူများ၏ လူမှုဘဝပုံစံကို ပြုပြင်ပြောင်းလဲပေးလျက်ရှိရာ လူသားတို့၏ အနာဂတ်ကောင်းမွန်ရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိပါကြောင်း၊ ယနေ့ခရီးသွားလုပ်ငန်းသည် ပြည်သူများ၏ လူနေမှုဘဝနှင့်ယဉ်ကျေးမှုများကို ပေါင်းကူးဆက်သွယ်ပေးထားပါကြောင်း၊ ယနေ့ခရီးသွားလုပ်ငန်းသည် ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စနစ်တကျ မြှင့်တင်တိုးတက်ရေးတို့အတွက် လိုအပ်သောဝင်ငွေကို ထောက်ပံ့ပေးနေပါကြောင်း၊ ယနေ့ခရီးသွားလုပ်ငန်းသည် အားလုံးပူးပေါင်းပါဝင်သော လူမှုအဖွဲ့အစည်းတစ်ရပ်လုံး ရေရှည်ဖွံ့ဖြိုးရေးအတွက် စီးပွားရေးတည်ငြိမ်အေးချမ်းရေး၊ ချစ်ကြည်ရင်းနှီးရေး၊ အပြန်အလှန်နားလည်ရေး၊ ဤကမ္ဘာကြီးအား ဘေးအန္တရာယ်အပေါင်းမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့် ကဏ္ဍများကို အကျိုးပြုလျက်ရှိပါကြောင်း၊ ထို့အတွက် အနာဂတ်တွင် ခရီးသွားကဏ္ဍသည် အလွန်အရေးပါလာမှာဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ ခရီးသွားဈေးကွက်များမှာလည်း အရှိန်အဟုန်ပြင်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း၊ ထို့အပြင် ခေတ်မီနည်းပညာသစ်များလည်း တိုးတက်ထွန်းကားလာပါကြောင်း ခရီးသွားလာသူများကို လေ့လာလျှင်လည်း ပုံစံကွဲပြား ခြားနားစွာဖြင့် ပိုမိုရှင်သန်လျက်ရှိပါကြောင်း၊ ယနေ့အခါသမယသည် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်ကို လှမ်းကိုင်နိုင်မည့် အလားအလာ ကောင်းများရှိနေပြီဖြစ်ပါကြောင်း၊ ထို့အတွက် နိုင်ငံပေါင်း ၁၉၃ နိုင်ငံက ၂၀၃၀ ပြည့်နှစ်၏ ရည်မှန်းချက်အောင်မြင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ၂၀၁၅ ခုနှစ်တွင် သဘောတူခဲ့ပါကြောင်း၊ ဤအတိုင်းဆောင်ရွက်နိုင်ပါက ခရီးသွားကဏ္ဍသည် ဤကမ္ဘာနှင့် လူသားအားလုံးအတွက် အကောင်းဆုံးဆောင်ကြဉ်းပေးနိုင်မှာဖြစ်ပါကြောင်းပြောကြားသည်။

၎င်းက ဆက်လက်ပြောကြားရာတွင် ဤကွန်ဖရင့်၏ အနှစ်သာရကို "ခရီးသွားများအတွက် ပျော်ရွှင်ဖွယ်ရာ၊ မမျှော်လင့်သော အတွေ့အကြုံများ ဖြန့်ကြက်ဝေဆာ" ဆိုသည့် စကားရပ်ဖြင့် အမွှမ်းတင်ထားပါကြောင်း၊ ဤကွန်ဖရင့်သည် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်သည့် တာဝန်သိ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရန်အတွက် မျိုးဆက်သစ်များက မည်သို့မည်ပုံစီမံဆောင်ရွက်မည်ကို အလေးထားဆွေးနွေးမှာဖြစ်ပါကြောင်း၊ အထူးသဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအပေါ် အထူးဂရုပြုဆောင်ရွက်ခြင်း၊ ဒေသခံလူမှုအဖွဲ့အစည်းအတွင်း ခရီးသွားလုပ်ငန်း၏ လူမှုစီးပွားအထောက်အကူပြုမှု အဆင့်တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်းနှင့် ခရီးသွားအတွေ့အကြုံပွားများအောင်နှင့် ဈေးကွက်သစ်များ ပိုမိုကြီးထွားအောင် မည်သို့ဆောင်ရွက်သွားမည်ကို မိမိတို့အတွေ့အကြုံများဖြင့် ဆွေးနွေးညှိနှိုင်းဖလှယ်ကြမှာဖြစ်ပါကြောင်း၊ ထို့အတွက် ခရီးသွားကဏ္ဍအတွင်း ယှဉ်ပြိုင်နိုင်စွမ်းနှင့် ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ပိုမိုတိုးမြှင့်နိုင်ရေးအတွက် နည်းလမ်းသစ်များ ဖော်ထုတ်ပေးနိုင်မည့် ထူးခြားသောကွန်ဖရင့်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မလေးရှားခရီးသွားလုပ်ငန်းဝန်ကြီး ဒါတိုထရီမိုအာမက်အပ်ဒူအာဇစ် က နှုတ်ခွန်းဆက် ပြောကြားရာတွင် ဤအခမ်းအနားဖြစ်မြောက်အောင်မြင်ရေးအတွက် ပီနန်ပြည်နယ်အစိုးရအပါအဝင် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို ကြည့်လျှင် ၁၉၅၀ ပြည့်နှစ်များလောက်က တစ်ကမ္ဘာလုံးတွင် နိုင်ငံတကာ ခရီးသွားဧည့်သည် ၂၅ သန်းမျှသာ ရှိခဲ့ပြီး ထိုစဉ်က ကမ္ဘာ့လူဦးရေမှာ ၂ ဒသမ ၅ ဘီလီယံသာဖြစ်ရာ အချိုးအားဖြင့် လူတစ်ရာတွင် တစ်ဦး ခရီးသွားလာသည်ဟု မှတ်ယူနိုင်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ကမ္ဘာ့လူဦးရေ ၇ ဒသမ ၂ ဘီလီယံရှိခဲ့ရာ ခရီးသွားလာသူမှာလည်း ၁ ဒသမ ၁၈ ဘီလီယံဖြစ်လာပါကြောင်း၊ နှစ်ပေါင်း ၆၅ နှစ်တာကာလအတွင်း တစ်ကမ္ဘာလုံး ခရီးသွားလာသူဦးရေ တိုးပွားမှုအဆပေါင်း ၅၀ မြင့်မားလာသည်ဟု ဆိုနိုင်ပါကြောင်း၊ ကျွန်တော်တို့ မလေးရှားနိုင်ငံတွင်လည်း ၁၉၉၈ ခုနှစ်က နိုင်ငံတကာဧည့်သည်ဝင်ရောက်မှု ၅ ဒသမ ၅ သန်းရှိခဲ့ရာမှ ယမန်နှစ်က ၂၅ ဒသမ ၇ သန်းတိုးတက်ဝင်ရောက်ခဲ့ပါကြောင်း၊ နိုင်ငံခြားဝင်ငွေအနေနှင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလီယံရရှိခဲ့ပါကြောင်း၊ အလုပ်သမား ငါးဦးတွင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော လုပ်သားတစ်ဦးရှိပါကြောင်း၊ နိုင်ငံခြားဝင်ငွေရရှိမှုတွင် ခရီးသွားလုပ်ငန်းမှာ ဒုတိယအများဆုံးနေရာတွင် ရှိနေပြီး စုစုပေါင်းအမျိုးသား ဝင်ငွေတွက်ချက်မှုအပိုင်းတွင် တတိယအဆင့်ဖြစ်ပါကြောင်း၊ ထို့အတွက် မလေးရှားနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအစီ အစဉ်တွင် ခရီးသွားလုပ်ငန်းမှာ အဓိကနေရာတွင် ပါဝင်ပါကြောင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးက ဤကွန်ဖရင့်တွင်ပါဝင်သော ပညာရှင်များ၏ ခရီးသွားလုပ်ငန်း ဆိုင်ရာဖွံ့ဖြိုးမှုများအပေါ် အယူအဆများဖလှယ်ခြင်း၊ ကောင်းမွန်သော အခွင့်အလမ်းသစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ အလေ့အကျင့်ကောင်းများမျှဝေခြင်းတို့အပြင် မိတ်ဆွေဟောင်းများ ပြန်လည်ရင်းနှီးချစ်ကြည်မှုရရှိခြင်းနှင့်အတူ မိတ်ဆွေသစ်များတွေ့ဆုံခင်မင်နိုင်ခြင်း စသည့်အခွင့်အလမ်းများ ရရှိစေမှာဖြစ်သည့်အပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများကို အုတ်မြစ်ချပေးနိုင်ပါကြောင်း၊ ဤကွန်ဖရင့်သည် ခေါင်းစဉ်ပါအနှစ်သာရများနှင့်အညီ မျက်မှောက်ကာလတွင် ကြုံတွေ့လျက်ရှိသည့်အခွင့်အလမ်းနှင့် စိန်ခေါ်မှုများအပေါ် ပညာရှင်များက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြခြင်းဖြင့် အနာဂတ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် နည်းလမ်းကောင်းများ၊ မူဝါဒများကို ချမှတ်ပေးနိုင်မှာဖြစ်ပါကြောင်း ဤကွန်ဖရင့်သည် ခရီးသွားဧည့်သည်များ ပျော်ရွှင်ကြည်နူးစေမည့် ၎င်းတို့မမျှော်လင့်သည့် ဖန်တီးမှုများ ဆောင်ကြဉ်းပေးရန် နည်းဗျူဟာနှင့် အစီအမံများကို ရှာဖွေဖော်ထုတ်သွားမှာဖြစ်သည့်အတွက် ခရီးသွားဧည့်သည်သာလျှင် ပဓာနဆိုသည့် အနှစ်သာရနှင့်လည်း ကိုက်ညီမှာ ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားကို ခေတ္တရပ်နားပြီး ကွန်ဖရင့်အစီအစဉ်အတိုင်း ပြန်လည်စတင်ရာတွင် ခရီးသွားလုပ်ငန်းသည် နေမင်းပြုစုလုပ်ငန်းတစ်ခုပါလောဆိုသည့် မေးခွန်းဆန်ဆန် ခေါင်းစဉ်အပေါ် ပညာရှင်သုံးဦးက ယနေ့အချိန်မှ နောင်လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ဖြစ်ပေါ်လာမည့် ကမ္ဘာ့ခရီးသွားလုပ်ငန်း အခြေအနေနှင့် ပေါ်ထွက်လာမည့်အကျိုးဆက်များကို သုတေသနမှတ်တမ်းနှင့် ကိန်းဂဏန်းများအား အခြေခံ၍ ဆွေးနွေးတင်ပြကြသည်။ ဆက်လက်၍ စိတ်ဝင်စားသူများကမေးမြန်းရာ မိမိတို့က အပိုင်းလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အဆုံးတွင် ဦးဆောင်ဆွေးနွေးသူ ပုဂ္ဂိုလ်ကတင်ပြဆွေးနွေးချက် အားလုံးအပေါ် ခြုံငုံသုံးသပ်ကာ နိဂုံးချုပ်သည်။

ဆက်လက်၍ ဒုတိယခေါင်းစဉ်ဖြစ်သည့် ဈေးကွက်သစ်များပေါ်ထွက်ရေး၊ ခရီးသွားအတွေ့အကြုံများ ဖလှယ်ပေး ခေါင်းစဉ်ကို ပညာရှင်သုံးဦးက ဆွေးနွေးတင်ပြရာ ပထမတစ်ဦးက ဖွံ့ဖြိုးကျော်ကြားစပြုလာသည့် အစည်းအဝေး၊ ပြပွဲနှင့်ကွန်ဖရင့်များ ဈေးကွက်အခြေအနေကို လည်းကောင်း၊ ဒုတိယပုဂ္ဂိုလ်က ယင်းကုမ္ပဏီ၏ အတွေ့အကြုံအရ အဆင့်မြင့်အနားယူအပန်းဖြေနိုင်သည့် ဟိုတယ်များ၏ထူးခြားသော ဝန်ဆောင်မှုများကို လည်းကောင်း၊ တတိယပညာရှင်က စားသုံးသူများကို ဦးစားပေးအလေးထားသည့် ၎င်း၏အဲအေးရှား လေကြောင်း အတွေ့အကြုံများကိုလည်းကောင်း တင်ပြကြသည်။ ကွန်ဖရင့်ပုံစံအတိုင်း မေးမြန်းမှုများကို စင်ပေါ်ရှိ ပုဂ္ဂိုလ်လေးဦးက ပြန်လည်ရှင်းလင်းပြီး ဦးဆောင်ဆွေးနွေးသူ၏ ခြုံငုံသုံးသပ်မှုဖြင့် အဆုံးသတ်လိုက်သည်။

ပထမနေ့အစီအစဉ်သည် ညနေ ၅ နာရီခွဲတွင် ပြီးဆုံးခဲ့ရာ အခန်းသို့ပြန်ကြပြီး ၆ နာရီခွဲတွင် အသင့်ကြိုနေသောကားများဖြင့် ညစာစားပွဲကျင်းပမည့် နေရာသို့ လာရောက်ကြသည်။ ဤအစီအစဉ်ကို မလေးရိုးရာအကပဒေသများဖြင့် ဖျော်ဖြေရာ မြူးမြူးကြွကြွရှိလှသည်။ ပီနန်တွင် ကျင်းပသည်ဆိုသော်လည်း အခမ်းအနားမှာ သစ်လွင်တောက်ပသည်။ တက်ရောက်သော ပရိသတ် ၇၀၀ ကျော်သဖြင့် ခမ်းနားကြီးကျယ်သည်ဟုဆိုရမည်။ အဖွင့်ပိုင်းတွင် ခရီးသွားလုပ်ငန်းဝန်ကြီးက အမှာစကားပြောကြားပြီး အစားအသောက်များဖြင့် ဧည့်ခံသည်။ အဆုံးပိုင်းတွင် အားလုံးကိုယ်စား ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း အကြီးအကဲက ကျေးဇူးတင်စကားပြောကြားသည်။ ကျွန်တော်တို့ ဟိုတယ်ပြန်ရောက်တော့ ည ၁၀ နာရီထိုးပြီ။ ပီနန်ကမူ မီးရောင်ထိန်ထိန်အောက်တွင် လန်းဆန်းလှုပ်ရှားနေဆဲ။

**ဆက်လက်ဖော်ပြပါမည်**

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကိုကြည့်လျှင် ၁၉၅၀ ပြည့်နှစ်များလောက်က တစ်ကမ္ဘာလုံးတွင် နိုင်ငံတကာ ခရီးသွားဧည့်သည် ၂၅ သန်းမျှသာရှိခဲ့ပြီး ထိုစဉ်က ကမ္ဘာ့လူဦးရေမှာ ၂ ဒသမ ၅ ဘီလီယံသာဖြစ်ရာ အချိုးအားဖြင့် လူတစ်ရာတွင် တစ်ဦး ခရီးသွားလာသည်ဟု မှတ်ယူနိုင်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ကမ္ဘာ့လူဦးရေ ၇ ဒသမ ၂ ဘီလီယံရှိခဲ့ရာ ခရီးသွားလာသူမှာလည်း ၁ ဒသမ ၁၈ ဘီလီယံဖြစ်လာ. . .**

# ရွှေစောလူးဘုရား မီးမျှောပွဲ စည်ကားစွာကျင်းပ



**အမရပူရ နိုဝင်ဘာ ၁၅**

အစဉ်အလာမပျက်ကျင်းပလေ့ရှိသော ရွှေစောလူးမြတ်စွာဘုရားပွဲတွင် ယခုနှစ်တွင် မီးမျှောပွဲကို ဇာတ်ပွဲများနှင့်အတူ ကျင်းပခဲ့ရာ လာရောက်သူများဖြင့် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဧရာဝတီမြစ်ကမ်းဘေးတွင် ကျွန်းသဖွယ်တည်ရှိနေသော မိကျောင်းတက်ကျေးရွာတည်ရှိသည်။ မိကျောင်းတက်ကျေးရွာတွင် စောလူးမင်းကောင်းမှု ရွှေစောလူးမြတ်စွာဘုရားတည်ရှိသည်။ ယခုအခါတွင် ရွှေစောလူးဘုရားပွဲ မီးမျှောပွဲတွင် မီးစာတိုင် ၃၀၀၀ ထွန်းညှိကာ မီးမျှောပူဇော်ခဲ့သည်။

ရွှေစောလူးဘုရား မီးမျှောပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ ၁၅ ထိ ကျင်းပခြင်းဖြစ်ပြီး အနီးအနားကျေးရွာများဖြစ်သည့် ကင်းလပ်ရွာ၊ မြောက်တောကြီးရွာ၊ ပေါ်တော်မူ၊ အိုးထိန်းနောင်၊ အိုးရွာ၊ သနပ်ပင်၊ ဝဲကြီးဆင်ရွာနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ဆင်နွှဲသည့် ထူးခြားသောပွဲတော်ပင်ဖြစ်သည်။ မီးမျှောပွဲကို ဧရာဝတီမြစ်အတွင်း ညပိုင်းကျင်းပကြသည်။

မီးမျှောပွဲနေ့တွင် ဗုဒ္ဓရုပ်ပွားတော်မြတ်သုံးဆူကို ဧရာဝတီမြစ်အတွင်း ကရဝိတ်ဖောင်တော်ဖြင့် ပင့်ဆောင်ထားရသည်။ မီးမျှောပွဲတွင် အသုံးပြုရန်အတွက် ငှက်ပျောတုံးမှ ခွာယူထားသော ငှက်ပျောဖက်များကို မီးစာတိုင်ထိုးစိုက်ရန် အသုံးပြုကြသည်။ မီးမျှောပွဲညတွင် ရေဆန်ဘက်အထိ မော်တော်များဖြင့် သွားကာ ဧရာဝတီမြစ်လယ်တွင် ကျောက်ချကာ မီးမျှောပွဲပြုလုပ်ကြသည်။ ငှက်ပျောဖက်ကို ထပ်ကာ မီးစာတိုင်ဝါးကို ထိုးဖောက်၍ မီးထွန်းကာ မျှောကြရသည်။ မီးမျှောပွဲကျင်းပစဉ်တွင် ဧရာဝတီမြစ်အတွင်း ဆီမီးများမြိုင်မြိုင်ဆိုင်ဆိုင် မျှောပါသွားကြသည်။ မီးစာများမှာ ခန့်မှန်းခြေအနည်းဆုံး နှစ်မိုင်ကျော်အထိမီးလင်းနေပြီး မီးမျှောပွဲမှမျှောပါလာသော ဆီမီးများကို ဧရာဝတီမြစ်ပေါ်ရှိ မြစ်ငယ်တံတားမှ စောင့်ကြည့်သူများဖြင့်လည်း စည်ကားသောပွဲပင် ဖြစ်သည်။

**တိမ်တမန်**

# မင်းကင်းမြို့ဘက်အခြမ်းတွင် ချင်းတွင်းမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေး စီစဉ်ဆောင်ရွက်မည်

**မုံရွာ နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်အား နွေရာသီတွင် ရေလွှဲရေကာများကို တည်ဆောက်ခြင်းလုပ်ငန်းများလုပ်ဆောင်ပြီး ရေယာဉ်များ လွယ်ကူစွာသွားလာနိုင်ရန် မြစ်ကြောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ယင်းသို့ မြစ်ကြောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ရေလွှဲရေကာတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မင်းကင်းမြို့တွင် မြို့၏တစ်ဖက်ကမ်းမတောကျေးရွာဘက်ခြမ်းတွင် စီးဆင်းလျက်ရှိသော ရေမှာအားရေလွှဲရေကာတည်ဆောက်ပြီး မင်းကင်းမြို့ဘက်ခြမ်းရေလမ်းအားကောင်းမွန်အောင် လုပ်ဆောင်မည်ဖြစ်သဖြင့် လက်ရှိအသုံးများလျက်ရှိသော မတောကျေးရွာဘက်ခြမ်း ရေလမ်းအား နိုဝင်ဘာ ၁၆ ရက်မှစတင်ပြီး ရေယာဉ်များ အသုံးမပြုကြရန်အတွက် မင်းကင်းမြို့နှင့် မုံရွာမြို့တို့ရှိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးများနှင့် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီရုံးများသို့ အကြောင်းကြားစာများပေးပို့ထားကြောင်း သိရသည်။

"ချင်းတွင်းမြစ်က မင်းကင်းမြို့အနီးမှာ မင်းကင်းဘက်ခြမ်းနဲ့ တစ်ဖက်ကမ်းက မတောကျေးရွာဘက်ခြမ်းနဲ့ ရေကြောင်းနှစ်ခုခွဲပြီးစီးနေတယ်။ အဲဒီလိုရေမှာနှစ်ခုစီးနေတဲ့ မတောကျေးရွာဘက်ခြမ်းက ရေမှာကို ရေလွှဲရေကာလုပ်ပြီး မင်းကင်းမြို့ဘက်ခြမ်းကို ရေလမ်းကြောင်းကောင်းမွန်ရေး လုပ်ဆောင်မှာပါ။ အဲဒီလုပ်ငန်း စတင်နိုင်ဖို့အတွက် မတောကျေးရွာဘက်ရေလမ်း ရေစီးအရှိန်လျော့နိုင်ရန် ဝါးဆူးတောင်များ (Bamboo Porcupines) ချထားခြင်းလုပ်ငန်းကို အခုလ ၁၆ ရက်မှ စတင်လုပ်ဆောင်တော့မှာဖြစ်တဲ့အတွက် ချင်းတွင်းမြစ်အတွင်း အထက်အောက်သွားလာနေတဲ့ ကုန်တင်အမြန်ရေယာဉ်တွေ၊ လူစီးအမြန်ရေယာဉ်တွေနဲ့ သင်္ဘောကြီးတွေ မတောကျေးရွာဘက်ခြမ်းရေလမ်းကို အသုံးမပြုကြဘဲ မင်းကင်းမြို့ဘက်ခြမ်း ရေလမ်းကိုအသုံးပြုကြဖို့အတွက် အကြောင်းကြားစာပို့ထားတာပါ။ ဝါးဆူးတောင်များချထားပြီး ရေစီးအရှိန်လျော့သွားရင် ရေလွှဲရေကာတွေ တည်ဆောက်ခြင်းကို ဆက်ပြီးလုပ်ဆောင်မှာပါ" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မင်းကင်းမြို့နယ် မင်းကင်းမြို့ဘက်ခြမ်း ရေလမ်းကောင်းမွန်ရေးအတွက် မတောကျေးရွာဘက်ခြမ်းရှိ ချင်းတွင်းမြစ်ရေလမ်း ရေလွှဲရေကာတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေများဖြင့် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# ပင်လည်ဘူးမြို့နယ် ပေကုန်းကျေးရွာတွင် စပါးစံကွက်ရိတ်သိမ်းပွဲပြုလုပ်

**ပင်လည်ဘူး နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ခေါက်စင်းအုပ်စု ပေကုန်းကျေးရွာ ပေကုန်းကွင်းအမှတ် (၁၇၆၈)၊ ဦးပိုင်အမှတ် (၄၅)၊ မြေကွက်နံပါတ် (၅၂၇) ဦးတင်လေး၏ လယ်ကွက်မိုးစပါးဆင်းဧကရီသုံး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာဒုတိယပတ်က ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်သန်းထူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးခင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စပါးစိုက်တောင်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။

ပေကုန်းကျေးရွာ တောင်သူဦးတင်လေး၏ မိုးစပါးစံကွက် သုည ဒသမ ၁၀ ဧကကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း စပါးတင်း ၁၁၀ ထွက်ရှိပြီး ပင်လည်ဘူးမြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများမှာ ဆင်းဧကရီသုံး မျိုးစပါးကိုသာ အဓိကထား အများဆုံး စိုက်ပျိုးသည်။

**မျိုးလွင်(မြို့နယ်ပြန်/ဆက်)**

# တံတားများတည်ဆောက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ဝက်လက် နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မုံရွာ-အရာတော်-ရွှေဘို ဖြတ်လမ်းပေါ်ရှိ ရွှေပန်းကုန်းတံတား (၁/၃၉) တည်ဆောက်နေမှုအား ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ရွှေပန်းကုန်းတံတား (၁/၃၉) မှာ ၄၂ ဒသမ ၀၅ မီတာအရှည်ရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး လမ်းဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၀၅ သန်းဖြင့် ရွှေတောင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဆက်လက်ပြီး ရွှေဘိုခရိုင် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ခွင့်ပြုငွေကျပ် ၁၆၂ သန်းဖြင့် တည်ဆောက်နေသော အဆိုပါလမ်းပေါ်ရှိ တံတားအမှတ် ၁/၄၃ တည်ဆောက်နေမှုကိုလည်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **နန်းမြင့်(ဝက်လက်)**

# ရေလုံလောက်စွာရရှိနိုင်ရေး ပြွန်ကန်ကျေးရွာအနီးရှိ နှစ်ဆောင်မြိုင်ကန်နှင့် မေတ္တာကန်တို့ကို ပြန်လည်ပြုပြင်တော့မည်

**သာစည် နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် မကျီးကန်ကျေးရွာအုပ်စု ပြွန်ကန်ကျေးရွာအနီးရှိ နှစ်ဆောင်မြိုင်ကန်နှင့် မေတ္တာကန် နှစ်ကန်တို့ကို တောင်သူဦးကြီးတို့၏ စိုက်ပျိုးသီးနှံအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ရေးအတွက် လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ပြန်လည်တူးဖော် ပြုပြင်ပေးသွားတော့မည်ဖြစ်ကြောင်း သိရသည်။

နှစ်ဆောင်မြိုင်ကန်သည် ပြွန်ကန်ကျေးရွာအနီးတွင် တည်ရှိပြီး ကန်ပေါင်အလျားပေ ၁၂၀၀၊ လက်ရှိကန်ပေါင်အမြင့်မှာ တစ်ပေခန့်သာရှိသည်။ ပြန်လည်ပြုပြင်ခြင်းမရှိသည်မှာ ကြာပြီဖြစ်၍ ကန်အတွင်းတွင် သဲနုန်းများရှိနေသဖြင့် သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်ပုံစံတကျ မြှင့်တင်ခြင်းပြုလုပ်ပြီး ရေပိုလွှဲတစ်ခုနှင့် စိုက်ပျိုးရေပေးဝေရန် ရေထုတ်ပြွန်သုံးခု ဆောက်လုပ်တပ်ဆင်ပေးရမည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးသွားပါက လယ်မြေဧရိယာ ၁၅၀ ဧကကို စိုက်ပျိုးရေပေးနိုင်မည်ဖြစ်သည်။

မေတ္တာကန်သည် ပြွန်ကန်ကျေးရွာအနီးတွင် တည်ရှိပြီး ကန်ပေါင်အလျားပေ ၅၀၀၊ လက်ရှိကန်ပေါင်အမြင့် နှစ်ပေခန့်သာရှိသည်။ ကန်အတွင်း သဲနုန်းပို့ချတိမ်ကောနေသည့်အပြင် ကန်ပေါင်ပုံစံတကျမရှိဘဲ နိမ့်ကျနေခြင်းတို့ကြောင့် ကန်အတွင်း သဲနုန်းများပြန်လည်တူးဖော်၍ ကန်ပေါင်ပုံစံကျမြှင့်တင်ခြင်း၊ ရေပိုလွှဲတစ်ခုနှင့် ရေထုတ်ပြွန်သုံးခု ဆောက်လုပ်တပ်ဆင်ပေးရမည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်ပြီးပါက လယ်မြေဧရိယာ ၁၀၀ ဧကခန့်ကို စိုက်ပျိုးရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# စစ်မှုထမ်းဟောင်းများနှင့် ထူးချွန်ကျောင်းသားများအားဂုဏ်ပြု

**ဟင်္သာတ နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၇၅ နှစ်အထက်နှင့် မိသားစုဝင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီက စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည်။

ဂုဏ်ပြုပေးအပ်ပွဲအခမ်းအနားတွင် ဟင်္သာတမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဝင်း(ဗိုလ်မှူး-ငြိမ်း) က အဖွင့်အမှာစကားပြောကြားပြီး အသက် ၇၅ နှစ်အထက် အငြိမ်းစားစစ်မှုထမ်းဟောင်းငါးဦးအား တစ်ဦးလျှင် ဗဟိုစစ်မှုထမ်းဟောင်းအဖွဲ့မှ ထောက်ပံ့ငွေကျပ်ငါးသောင်းနှင့် မြို့နယ်ထောက်ပံ့ငွေကျပ် သုံးသောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးအား ဂုဏ်ပြုငွေကျပ်တစ်သိန်းနှင့် တစ်ဘာသာဂုဏ်ထူးရှင်သုံးဦးအား တစ်ဦးလျှင် ငွေကျပ်သုံးသောင်း၊ ခြေနှစ်ဖက်စွန့် မသန်စွမ်းစစ်သည်နှစ်ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှင့် ခြေတစ်ဖက်စွန့်စစ်သည် ၁၇ ဦးအား တစ်ဦးလျှင်ငွေကျပ်ငါးသောင်းအား ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ဟင်္သာတမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်း (ဗိုလ်မှူး-ငြိမ်း) နှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့မိသားစုဝင်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ခရိုင်၊ပြန်/ဆက်)**

# လူငယ်များစာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန် စာဖတ်ရှိန်မြှင့်တင်ရေး ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**တီးတိန် နိုဝင်ဘာ ၁၅**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ လူငယ်များစာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိကာမိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိရေးအတွက် ရည်ရွယ်လျက် စာဖတ်ရှိန်မြှင့်မားရေး ကျပန်းစကားပြောပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါကျပန်းစကားပြောပြိုင်ပွဲတွင် ဆဋ္ဌမတန်းနှင့် သတ္တမတန်းကျောင်းသား၊ ကျောင်းသူကိုးဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆုရရှိသူတို့အား မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်နှင့် ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်မြင့်တို့က ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

**ဇိုဟေဆာ**



# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

ရက်သတ္တတစ်ပတ်အတွင်းမှာ ကစားပွဲမရှိတဲ့ ရက်ဆိုတာ မရှိတာကြောင့် ကစားပွဲတွေနဲ့ ပတ်သက်တဲ့ ထူးခြားဖြစ်စဉ်တွေလည်း အမြဲတမ်းရှိနေမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ ဘောလုံးလောက ကလပ်အသင်းကစားပွဲတွေ ခေတ္တရပ်နားခဲ့ပေမယ့် နိုင်ငံတကာ ခြေစစ်ပွဲတွေ၊ ခြေစမ်းပွဲတွေကြောင့် ပရိသတ်တွေအနေနဲ့ ငြီးငွေ့ချိန်တောင် မရှိပါဘူး။ ကိုယ့်ရဲ့ မိခင်နိုင်ငံတွေဆီ ပြန်ရောက်လာတဲ့ ကစားသမားတွေကို ဒေသတွင်းမီဒီယာတွေက ပြုလုပ်တဲ့ အင်တာဗျူးတွေမှာ စိတ်ဝင်စားဖွယ်အဖြေတွေလည်း အများကြီးပါဝင်တာကြောင့် အားကစားသတင်းတွေဟာ ဆက်လက်ဝေဆာနေဆဲပါ။ ဘောလုံးလောကကအပြင် အခြားအားကစားနယ်ပယ်က ထူးခြားတဲ့ သတင်းအချို့ကို ထုတ်နုတ်တင်ဆက်လိုက်ပါတယ်။

**မေလွှဲသင်း-ရေးသားသည်။**




### အသက်(၃၀)ကျော်မှ ဘောလုံးလောကထဲကျင်လည်ဖို့ ရည်မှန်းနေတဲ့ ကမ္ဘာ့အမြန်ဆုံး ပြေးသမား အူစိန်ဘို့

ဂျမေကာ အပြေးသမား အူစိန်ဘို့ဆိုတာ အားကစားလောကမှာ ထင်ရှားကျော်ကြားသူတစ်ယောက်ဖြစ်ပါတယ်။ သူဟာ မီတာ၁၀၀၊ မီတာ၂၀၀ အပြေးပြိုင်ပွဲတွေမှာ ကမ္ဘာ့စံချိန်ရှင် ကစားသမားဖြစ်ပြီး အိုလံပစ် ရွှေတံဆိပ်ကိုးဆုအထိ ဆွတ်ခူးထားသူလည်းဖြစ်ပါတယ်။ သူဟာ လာမယ့် ၂၀၁၇ခုနှစ် ဩဂုတ်လ မှာ အသက်(၃၁)နှစ် ပြည့်မြောက်မှာ ဖြစ်ပေမယ့် ဒေါ့မွန်အသင်းနဲ့ လေ့ကျင့်ရေး အစီအစဉ်တွေပြုလုပ်နေပြီးနောက် မန်ယူအသင်းအတွက် ကစားခွင့် ရလိုတယ်လို့ လူသိရှင်ကြားပြောဆိုခဲ့တာကြောင့် အားလုံးအတွက် အံ့အား သင့်စရာဖြစ်ခဲ့ရပါတယ်။ အခုလို ပြောကြားခဲ့တဲ့ အူစိန်ဘို့ရဲ့ စကားတွေဟာ စိတ်ကူးယဉ်နေတာသက်သက်မဟုတ်ဘဲ သူဟာ ဒေါ့မွန်နဲ့ လေ့ကျင့်ရေးဆင်းစဉ်မှာ အကောင်းဆုံးလုပ်ဆောင်နိုင်တာကြောင့် ဘောလုံးသမားအဖြစ် ငါးနှစ်စာချုပ်လောက်ချုပ်ဆို ကျင်လည်ခွင့်ရလိုတယ်လို့လည်း အူစိန်ဘို့က ဆိုခဲ့ပါတယ်။ အူစိန်ဘို့ဟာ မန်ယူအသင်းရဲ့ အမာခံပရိသတ်တစ်ဦးဖြစ်ပြီး မန်ယူအသင်းအတွက်သာ ကစားခွင့်ရမယ်ဆိုရင် သူ့ရဲ့အိပ်မက်တွေ တကယ်ဖြစ်လာတာပါလို့ ဆိုခဲ့တော့ ဘို့ စိတ်ကူးအတိုင်းအကောင်အထည်ဖော်နိုင်မလားဆိုတာစောင့်ကြည့်ကြအောင်ပါ။

### လီဗာပူးကစားသမားတွေကို မျက်စိကျတတ်သလား ဘာစီလိုနာ

ဘာစီလိုနာအသင်းဘက်က လီဗာပူးအတွက်ရော ဘရာဇီးအသင်းအတွက်ရော ခြေစွမ်းပြနေတဲ့ ကော်တင်ဟိုအတွက်ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းအထက် သုံးစွဲဖို့ရှိနေတယ်လို့ သတင်းတွေ ထွက်လာသလို ယခုနှစ်နွေဈေးကွက် ဘာစီလိုနာရဲ့ နံပါတ်(၁)ပစ်မှတ်ဟာ ကော်တင်ဟို ဖြစ်တယ်လို့ ဒေးလီးမေးလ်သတင်းဌာနက ဖော်ပြပါတယ်။ ဒါ့အပြင် ကော်တင်ဟိုက မန်စီးတီးနဲ့ ချန်ပီယံလိဂ်လာရောက် ယှဉ်ပြိုင်ရတဲ့ ဘာစီလိုနာ အသင်းတည်းခိုရာ ဟိုတယ်ကို လာရောက်လည်ပတ်ခဲ့တာကြောင့် ဘာစီလိုနာရဲ့ ခြေလှမ်းကို ကော်တင်ဟိုကြိုတွက်ဆနိုင်ခဲ့သလားလို့တောင် အထင်ရောက်စေခဲ့ပါတယ်။

ဒါ့အပြင် ဘာစီလိုနာအသင်းမှာ ကော်တင်ဟိုနဲ့ ရင်းနှီးတဲ့ ဘရာဇီးအသင်းကစားဖော်နေမာ၊ လီဗာပူးမှာ တွဲဖက်ကစားဖူးတဲ့ ဆွာရက်ဇ်တို့လည်း ရှိနေခဲ့တာကြောင့် အခြားဥရောပ အသင်းကြီးတွေက ကမ်းလှမ်းနေပေမယ့် ဘာစီလိုနာကိုသာ ပြောင်းရွှေ့ဖို့ အလေးသာနေတယ်လို့ ခန့်မှန်းချက်တွေလည်း ထွက်နေပါတယ်။ ဒါ့အပြင် ဘာစီလိုနာအသင်းဟာ ဘရာဇီးသားတွေရဲ့ အောင်မြေဖြစ်နေတတ်ပြီး အရင်က ဘရာဇီးတိုက်စစ်မှူး ရိုနယ်လ်ဒို၊ ရိုနယ်လ်ဒင်ညို၊ ရီဗယ်လ်ဒိုတို့ဟာ ဘာစီလိုနာအသင်းမှာ အောင်မြင်မှုရယူ နိုင်ခဲ့ကြသူများဖြစ်သလို လက်ရှိအချိန်မှာဆိုလည်း နေမာက နမူနာထားလို့ကောင်းတဲ့ ကစားသမား ဖြစ်နေပါတယ်။

ကော်တင်ဟိုဟာ ယခုနှစ်မှာ ဂိုးဖန်တီးမှု၊ ကိုယ်တိုင်ဂိုးသွင်းယူနိုင်စွမ်းတွေမှာ အခြား ပရီမီယာလိဂ်ကစားသမားတွေထက် ခေါင်းတစ်လုံးသာနေပြီဖြစ်သလို လက်ရှိအချိန်မှာ ဘာစီလိုနာကွင်းလယ် စူပါစတား အင်နီယေစတာဟာလည်း အသက်အရွယ်ထောက်လာပြီဖြစ်တာကြောင့် အင်နီယေစတာနေရာ ကော်တင်ဟိုနဲ့ အစားထိုးနိုင်ဖို့ ဘာစီလိုနာ နည်းပြအင်းနရစ်မျှော်မှန်းနေတာပါ။ ဒါပေမယ့် ဘာစီလိုနာဟာ အသင်းက တောရက်စ်၊ ဆွာရက်ဇ်တို့လို ထိပ်တန်းကစားသမားတွေကို ထုတ်ရောင်းခဲ့ဖူးတာကြောင့် ဒီတစ်ခါကော်တင်ဟိုလည်း ဘာစီလိုနာနဲ့ ပူးပေါင်းနိုင်တယ်လို့ သုံးသပ်မှုတွေလည်းရှိနေပါတယ်။ ဘာစီလိုနာကို ဆွာရက်ဇ်ထွက်သွားပြီးနောက်ပိုင်း လီဗာပူးအသင်း ရလဒ်ပိုင်းတွေ တောက်လျှောက်ကျဆင်းခဲ့ပြီး ဥရောပဝင်ခွင့်တောင်မရရရှိခဲ့ဘဲ ဒီနှစ်မှ ပြန်လည်တည်ငြိမ်လာတဲ့ အခြေအနေမှာ ခုကော်တင်ဟိုကို ဘာစီလိုနာက ခေါ်ယူချင်တယ်ဆိုတဲ့ သတင်းတွေထွက်လာခဲ့လို့ ဘာစီလိုနာဟာ လီဗာပူး၊ အာဆင်နယ်ကစားသမားတွေကိုသာ ပိုပြီး မျက်စိကျတတ်သလားလို့တောင်

### ဇာတိမြေကို ပြန်လာခဲ့တဲ့ ဝီလျံညီအစ်မ

ဝီလျံညီအစ်မလို့ လူသိများတဲ့ ဗီနပ်စ်နဲ့ ဆရီနာတို့နှစ်ဦးဟာ ၂၀၀၃ ခုနှစ်အတွင်း အစ်မဖြစ်သူ အသတ်ခံရပြီးနောက် ဇာတိမြေကို ပြန်မလာတာ နှစ်ကာလအတော်ကြာပြီဖြစ်ပေမယ့် နိုဝင်ဘာ ၁၂ ရက်မှာတော့ သူတို့ရဲ့ ဇာတိမြေကို ရှားရှားပါးပါး ပြန်လာခဲ့ကြပါတယ်။ သူတို့ရဲ့ ဇာတိမြို့ကတော့ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့လယ်ခေါင်ကနေ ၁၇မိုင်ဝေးတဲ့ အရပ်မှာတည်ရှိတဲ့ ကွန်တန်မြို့ ဖြစ်ပြီး ဒီမြို့က အရင်က ဒုစရိုက်ထူပြောတဲ့ မြို့တစ်မြို့ပါ။ သူတို့နှစ်ဦးဟာ အရင်က သူတို့နေထိုင်ခဲ့ဖူးတဲ့ အိမ်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ လောဒါးစ်ပန်းခြံမှာ ပရိသတ်တွေနဲ့ တွေ့ဆုံခဲ့ပြီး တင်းနစ်လူငယ်အကယ်ဒမီကျောင်းမှာ တက်ရောက်နေတဲ့ ကလေးငယ်တွေက သူတို့နှစ်ဦးကို သူရဲကောင်းလို ကြိုဆိုခဲ့ကြပါတယ်။သူတို့နှစ်ဦးကို လာရောက်တွေ့ဆုံကြတဲ့ ပရိသတ်တွေထဲမှာ အသက်(၈၄)နှစ်အရွယ် ဘူးသ်ဆိုတဲ့ အဖွားအိုတောင် ပါဝင်ခဲ့ပြီး ဒီအဖွားယူဆောင်လာတဲ့ ပလတ်စတစ်ခြင်းထဲမှာ ၂၀၀၉ ခုနှစ်ကစလို့ ဝီလျံညီအစ်မအကြောင်းရေးသားထားတဲ့ သတင်းစာမျက်နှာတွေကို သီးသန့်ညှပ်ထားတဲ့ သတင်းစာ ဖြတ်ပိုင်းတွေ ပါဝင်တာကို တွေ့ရပါတယ်။ သူတို့နှစ်ဦးကတော့ ဒီနေရာမှာ သူတို့ကားမောင်းဖူးတယ်၊ လမ်းလျှောက်ဖူးတယ်၊ ဒီလိုပဲ အမှတ်တရတွေ မြောက်မြားစွာ ရှိခဲ့တယ်လို့ပရိသတ်တွေကို ထည့်သွင်းပြောကြားခဲ့ပါတယ်။ လက်ရှိမှာတော့ ဝီလျံညီအစ်မဟာ တောင်ဖလော်ရီဒါမှာ နေထိုင်လျက်ရှိပြီး သူ့ပရိသတ်တွေကတော့ အသက်(၃၄) နှစ်သာ ရှိသေးတဲ့ အမျိုးသမီး မြို့တော်ဝန် ဘရောင်းကြောင့် ပိုမိုစည်ပင်လာတဲ့ ကွန်တန်မြို့ကို ဝီလျံညီအစ်မ မကြာခဏလာရောက်လည်ပတ်မယ်လို့ မျှော်လင့်နေပါတယ်။




### ကစားသမား ပျမ်းမျှလစာ အများဆုံးပေးချေရတဲ့ မန်ယူ


ပရီမီယာလိဂ်ကလပ် မန်ယူအသင်းရဲ့ ကစားသမားတစ်ဦး တစ်နှစ် ပျမ်းမျှလစာ ပေးချေရမှုဟာ ၅ ဒသမ ၇၇ သန်းရှိခဲ့လို့ ဘောလုံးကလပ်အသင်းတွေထဲမှာ ကစားသမားလစာအများဆုံး ပေးချေနေရတဲ့ အသင်းအဖြစ် ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ ကမ္ဘာတစ်ဝန်း အချမ်းသာဆုံးလိဂ်၁၇ခုရှိ ကစားနည်း ခုနစ်မျိုးမှာပါဝင်ယှဉ်ပြိုင်နေကြတဲ့ ကလပ်အသင်း ၃၃၃ သင်းမှာရှိတဲ့ ကစားသမားပေါင်း ၁၀၀၀၀ နီးပါးကို စစ်တမ်းကောက်ယူခဲ့ရာမှ အခုလို ရလဒ်တစ်ရပ်ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းဟာ အားကစား ကလပ်အသင်းတွေအားလုံးထဲ မှာ စတုတ္ထနေရာ ရပ်တည်ခဲ့ပေမယ့် ဘောလုံးကလပ်အသင်းတွေအားလုံးမှာတော့ ထိပ်ဆုံးက ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ မန်ယူအနေနဲ့ အခုလို လစာအများဆုံးပေးချေရတဲ့အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ရတာက ပေါ့ဘာနဲ့ အီဗရာဟီမိုဗစ်ချ်တို့ နှစ်ဦးကို ခေါ်ယူခဲ့လို့ ဖြစ်တယ်လို့ သိရပါတယ်။ လစာအများဆုံးပေးချေနေရတဲ့ ထိပ်ဆုံး ၁၀ သင်းစာရင်းမှာ မန်ယူ၊ ဘာစီလိုနာနဲ့ မန်စီးတီး ဘောလုံးကလပ်အသင်း သုံးသင်းပါဝင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်လို ကြယ်ပွင့်ကစားသမားအများအပြား စုဝေးနေတဲ့အသင်းက ထိပ်တန်း၁၀သင်းစာရင်းမှာ ပါဝင်ခြင်းမရှိတာကို အံ့အားသင့်ဖွယ်ရာတွေ့ရပါတယ်။

ကမ္ဘာ့အားကစားသမားများလစာ စစ်တမ်းအရ ပရီမီယာလိဂ် ကစားသမားတစ်ဦးရဲ့ တစ်နှစ်ပျမ်းမျှ လစာဟာ ပေါင်၂ ဒသမ ၄ သန်း ဖြစ်လို့ မန်ယူအသင်းပေးချေနေရတဲ့ လစာဟာ အဲဒီလစာရဲ့ နှစ်ဆခွဲလောက်ရှိနေတာဖြစ်ပါတယ်။ဒါတောင် ပရီမီယာလိဂ် လစာပေးချေမှုဟာ အခြား ဥရောပထိပ်တန်းလိဂ်တွေဖြစ်တဲ့ ဘွန်ဒက်စ်လီဂါ၊ လာလီဂါနဲ့ စီးရီးအေတို့နှစ်ဆရှိနေတာဖြစ်ပါတယ်။

### စီရိုနယ်လ်ဒိုရွေးချယ်တဲ့ ချန်ပီယံလိဂ်အခက်ခဲဆုံးပြိုင်ဘက်အသင်း

စီရိုနယ်လ်ဒိုဟာ မန်ယူကစားသမားဘဝမှာရော၊ ရီးယဲလ်မက်ဒရစ် ကစားသမားဘဝမှာရော ပြိုင်ဘက်အသင်းများစွာကို ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာ ရင်ဆိုင်ခဲ့ရဖူးပါတယ်။ မန်ယူကစားသမားအဖြစ် ကျင်လည်နေစဉ် ကာလအတွင်း ဘာစီလိုနာအသင်းကို ၂၀၀၉ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ရင်ဆိုင်ခဲ့ဖူးသလို ရီးယဲလ်ကစားသမားဘဝမှာ ဘိုင်ယန်မြူးနစ်၊ အက်သလက်တီကို၊ ဂျူဗင်တပ်အသင်းတွေစတဲ့ နာမည်ကျော်အသင်းတွေရင်ဆိုင်ရဖူးပေမယ့် အခက်ခဲဆုံး ချန်ပီယံလိဂ်ပြိုင်ဘက်က အဲဒီအသင်းတွေထဲကတစ်သင်းမှ မဟုတ်ဘဲ ဘွန်ဒက်စ်လီဂါကလပ်ဒေါ့မွန်အသင်းသာဖြစ်တယ်လို့ ဆိုပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဒီနှစ်ဘောလုံးရာသီမှာ ဒေါ့မွန်နဲ့တစ်အုပ်စုတည်းကျရောက်နေပြီး ပထမအကျော့မှာ နှစ်ဂိုးစီသရေကျထားပါတယ်။ ဒါပေမယ့် ဒေါ့မွန်နဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ဟာ ဒီနှစ်မှ စတင်တွေ့ဆုံရတဲ့ အစိမ်းသက်သက် ပြိုင်ဘက်တွေ မဟုတ်ဘဲ ၂၀၁၃ ခုနှစ် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲစဉ်အတွင်း တွေ့ဆုံခဲ့ဖူးပြီး ဒေါ့မွန်က ရီးယဲလ်ကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဒေါ့မွန်အသင်းကို သွားရောက်ရင်ဆိုင်မယ်ဆိုကတည်းက ခက်ခဲမယ်ဆိုတာ ကြိုတင်တွက်ဆနိုင်ပြီး ဒေါ့မွန်အသင်းဟာ နည်းစနစ်ပိုင်း ကြွယ်ဝနေတဲ့ ကစားသမားတွေကို နည်းပြကောင်းတစ်ဦးက ဦးဆောင်နေသလို ဘောလုံးကို အရူးအမူးအားပေးတဲ့ ပရိသတ်တွေလည်း ရရှိထားတဲ့ အသင်း ပါလို့ စီရိုနယ်လ်ဒိုက ဆိုပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းက အုပ်စုနောက်ဆုံး ပွဲစဉ်အဖြစ် လာမယ့်ဒီဇင်ဘာ ၇ ရက်နေ့ ဒေါ့မွန်ကို ညှိခံကစားရမှာဖြစ်တာကြောင့် ဒီတစ်ခါ ဘယ်လိုရလဒ် ထွက်ပေါ်လာဦးမလဲဆိုတာနဲ့ စီရိုနယ်လ်ဒိုပြောသလို ဒေါ့မွန်ကတကယ်ပဲ ရီးယဲလ်ရဲ့ အခက်ခဲဆုံး ပြိုင်ဘက် ဟုတ်၊ မဟုတ် ဆိုတာလည်း သိကြရတော့မှာဖြစ်ပါတယ်။




### ပရီမီယာလိဂ်အသင်းများကြား အမုန်းတရားလား

နိုဝင်ဘာ ၁၃ရက် ပြင်သစ်အသင်းနဲ့ ဆွီဒင်အသင်းတို့ ကစားခဲ့ကြတဲ့ ကမ္ဘာ့ဖလား ခြေစစ်ပွဲမှာ တိုက်စစ်မှူး ဂီရော့ဒ်ဟာ ဂိုးပေါက်နဲ့ သိပ်မလှမ်းမကမ်းနေရာကောင်းမှာ အသင့်ရှိနေခဲ့ပြီး သူ့ဆီဘောလုံးပေးဖို့ ပြင်သစ်အသင်းဖော်တွေကို တောင်းဆိုခဲ့ပါတယ်။ ဒါပေမယ့် သူရဲ့တောင်းဆိုမှုကို ပေ့ါဘာရော ဆစ်ဆိုခိုရော လျစ်လျူရှုခဲ့ကာ နေရာကောင်းမှာရှိနေတဲ့ ဂီရော့ဒ်ကို ဘောလုံးမပေးဘဲ ဂရစ်ဇ်မန်းဆီကို ဘောလုံးဖြတ်တင်ပေးပို့ခဲ့တာပါ။ ဒါပေ မယ့် ပေ့ါဘာဘောလုံးလမ်းကြောင်း ခင်းပေးလိုက်တဲ့ ဂရစ်ဇ်မန်းဟာ လူကျွံအနေအထားမှာ ရှိနေတာကြောင့် ပြင်သစ်အသင်း တစ်ဂိုးနစ်နာခဲ့တယ်လို့ ပြောလို့ရပါတယ်။ ဒီကိစ္စရပ်ဟာ ပေ့ါဘာ၊ ဆစ်ဆိုခိုတို့အနေနဲ့ အမှတ်တမဲ့ ကျူးလွန်တဲ့ အမှားဖြစ်နိုင်ပေမယ့် မီဒီယာတွေကတော့ မန်ယူက ပေ့ါဘာရော၊ စပါးက ဆစ်ဆိုခိုရောဟာ အာဆင်နယ်က ဂီရော့ဒ်ကို ဘောလုံးလမ်းကြောင်းခင်းပေးလိုခြင်းမရှိတာဟာ ပရီမီယာလိဂ်အသင်းကြီးတွေကြား ပြိုင်ဆိုင်မှု ပြင်းထန်တဲ့အနေအထားကြောင့် အခုလို လျစ်လျူရှုခဲ့တာလို့ အကျယ်တဝံ့ ဖော်ပြနေကြပါတယ်။

### ဘယ်ကစားသမားမှ ယူရိုသန်း၁၀၀ မတန်ပါဘူး

အီတလီနဲ့ ပီအက်စ်ဂျီအသင်း ကွင်းလယ်လူ ဗာရက်တီက သူအပါအဝင် ပေ့ါဘာရော ဘယ်ကစားသမားမှ ပြောင်းရွှေ့ကြေး ယူရိုသန်း၁၀၀ဆိုတဲ့ ပမာဏပေးချေဖို့ မတန်ပါဘူးလို့ အီတလီသတင်းစာ ဂဇက်တာ ဒယ်လိုနဲ့ ပြုလုပ်တဲ့ အင်တာဗျူးအစီအစဉ်မှာ ဖြေကြားခဲ့ပါတယ်။ မန်ယူအသင်းဟာ ပေ့ါဘာအတွက်ပြောင်းရွှေ့ကြေး ပေါင် ၈၉ ဒသမ ၃ သန်း(ယူရိုသန်း၁၀၀) ပေးချေခဲ့ရတာဖြစ်ပါတယ်။ ဗာရက်တီကတော့ ကစားသမားတွေဆိုတာ ကိုယ်ဝါသနာပါတဲ့ ဘောလုံးကစားနည်းကိုပရော်ဖက်ရှင်နယ်အဖြစ် လုပ်ကိုင်ခွင့်ရနေကြသူတွေဖြစ်ပြီး ဒီလောက်များပြားတဲ့ ငွေပမာဏဟာ အခြားသူတွေကို ရယ်စရာဖြစ်စေရုံမက ဘယ်ကစားသမားကမျှ ဒီလောက်မြင့်မားတဲ့ ငွေပမာဏနဲ့ မထိုက်တန်ဘူးလို့ ဆိုပါတယ်။

ယခုနောက်ပိုင်းနှစ်တွေမှာ ကစားသမားပြောင်းရွှေ့ကြေးတွေဟာ အဆမတန် မြင့်မားလာနေပြီး မာရှယ်လ်လို ဆယ်ကျော်သက် မထင်မရှားကစားသမားလေးဟာ ဇီဒန်းလို ထိပ်တန်းကစားသမားအတွက် လွန်ခဲ့တဲ့ ၁၅နှစ်က ပေးချေရတဲ့ ပြောင်းရွှေ့ကြေးနဲ့အတူတူဖြစ်နေတာကို တွေ့ရပါတယ်။ ဒီလို ကစားသမား စရိတ်တွေ ပိုမိုပေးချေနေရတာက ငွေကြေးဖောင်းပွမှု တစ်ခုတည်းကြောင့်မဟုတ်ဘဲ အွန်လိုင်းမီဒီယာ၊ ရုပ်သံမီဒီယာတွေဖွံ့ဖြိုးလာမှုနဲ့အတူ ကစားပွဲတွေကို တိုက်ရိုက်ထုတ်လွှင့်ကြတဲ့ မူပိုင်ခွင့်ကနေ ရရှိတဲ့ မြောက်မြားစွာသော ငွေကြေး ခံစားခွင့်များကြောင့် ဖြစ်ပါတယ်။ နေမာအတွက် ပီအက်စ်ဂျီက ပေါင် ၂၂၂ သန်း၊ မက်ဆီအတွက် ပေါင် သန်း၂၅၀နဲ့ ကမ်းလှမ်းထားတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်နေတာကြောင့် ပီအက်စ်ဂျီ ကွင်းလယ်ကစားသမား ဗာရက်တီ အခုလိုပြောကြားခဲ့တာဟာ ပီအက်စ်ဂျီအသင်း တာဝန်ရှိသူတွေရဲ့ ငွေသုံးကြမ်းလိုတဲ့ ဆန္ဒကို ဆန့်ကျင်နေသလားဆိုတာလည်း စဉ်းစားစရာ ဖြစ်ပါတယ်။

## သတင်းတို

### ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာတွင် မူးယစ်ဆေးဝါး ကင်းစင်နယ်မြေ ဆိုင်းဘုတ်တင်အခမ်းအနားပြုလုပ်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာတွင် မူးယစ်ဆေးဝါးကင်းစင်နယ်မြေ ဆိုင်းဘုတ်တင်အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနန္ဒဝင်း၊ ကျိုက်ထိုမြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသံမရောင်း၊ သိမ်ဇရပ်နယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်တင်အောင်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ ဝင်းကံကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်လွင်နှင့် ရပ်မိရပ်ဖများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့သည်။

**ရဲခေါင်ဦး**

### ကျွန်းလှတွင် စက်ချုပ်သင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု (ဒုတိယ)အကြိမ် စက်ချုပ်သင်တန်းဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။ အဆိုပါစက်ချုပ်သင်တန်းတွင် ကျေးရွာပေါင်း ၁၆ ရွာမှ သင်တန်းသူ ၁၇ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခွဲကြာမည်ဖြစ်ကြောင်း၊ သင်တန်းသူတစ်ဦးလျှင် သင်ထောက်ကူပစ္စည်းဖြစ်သည့် စက်ချုပ်စက်တစ်လုံးစီ ထောက်ပံ့ပေးကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပါက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# နေပြည်တော်ကောင်စီ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၁၅**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဒသမအကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ နိုင်ငံတော် ဩဝါဒစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအရှင်သူမြတ်နှင့် ဓမ္မာရုံကျောင်း ဆရာတော်အရှင်သူမြတ်တို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့်ဇနီး ဒေါ်ခင်စောမူတို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးမင်းနောင်၊ ဦးအောင်မြင့်ထွန်း၊ ဦးတင်ထွဋ်၊ ဦးအေးမောင်စိန်၊ ဦးမင်းသူ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ ဖြစ်ကြသော ဦးအေးမြင့်၊ ဦးမင်းသူနှင့်ဇနီး၊ ဦးမျိုးတင့်နှင့်ဇနီး၊ ဒေါ်စံပယ်ထွေး၊ ဦးမင်းသိမ်း၊ အမြဲတမ်းအတွင်း ဝန်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ထို့နောက် မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့် ဇနီး ဒေါ်ခင်စောမူတို့က ပျဉ်းမနားမြို့ ဓမ္မာရုံကျောင်းဆရာတော် ဘဒ္ဒန္တသူရိယ အရှင်သူမြတ်ထံ ကထိန်လျာဉာတ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဈေးကုန်းကျောင်းတိုက် ဆရာတော်အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းနှင့် ယနေ့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဒသမအကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၇ သိန်းကျော်ဖိုးရှိ ပဒေသာပင် ၁၈ ခုတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၁၀၇)**

### ပင်လည်ဘူးမြို့နယ်တွင် မိုးနှောင်းမုတ်သုံမိုးကြောင့် စပါးစိုက်တောင်သူများအခက်တွေ့

**ပင်လည်ဘူး နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်တွင် မိုးနှောင်းမုတ်သုံမိုးကြောင့် စပါးရိတ်သိမ်းချိန် စပါးခင်းများအတွင်း ရေများဝင်ရောက်၍ ရိတ်သိမ်းပြီးသော ကောက်လှိုင်းများရေစိုပျက်စီးဆုံးရှုံးမှုများရှိနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"မိုးရပ်တုန်း အချိန်မီရိတ်သိမ်းပြီးစီးအောင် တစ်နေ့ ၂၀၀၀ ပေး လူငှားပြီး လူအင်အားနဲ့ ရိတ်သိမ်းနေရသလို တစ်ဧကကို ၄၅၀၀၀ ကျပ်ကနေ ၅၀၀၀၀ ကျပ်ထိပေးပြီး စပါးခြွေလှေ့စက်တွေနဲ့ ရိတ်သိမ်းနေရတယ်" ဟု ပိန်းနဲ့ကုန်းကျေးရွာ ဒေသခံတောင်သူတစ်ဦးကပြောသည်။

အောက်တိုဘာ နောက်ဆုံးပတ်နှင့် နိုဝင်ဘာပထမပတ်အတွင်း အဆက်မပြတ်ရွာသွန်းခဲ့သောမိုးကြောင့် စပါးခင်းများ နစ်မြုပ်၍ ရိတ်သိမ်းပြီးသောစပါးကောက်လှိုင်းများ ရေထဲမျောပါ၍ လယ်ဧက ၂ ဒသမ ၆၇ ဧကခန့် ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်းလည်း မြို့နယ်စိုက်ပျိုးရေးတာဝန်ခံတစ်ဦးက ပြောပြသည်။

မိုးနှောင်းမုတ်သုံမိုးကြောင့် လယ်စိုက်ခင်းများ ရေများဝင်ရောက်ပြီး ရိတ်သိမ်းပြီးကောက်လှိုင်းများ ရေစိုနစ်မြုပ်စပါးများအောက်၍ အညှောင့်ပေါက် ပျက်စီးဆုံးရှုံးမှုများကြောင့် ပင်လည်ဘူးမြို့နယ်အတွင်းရှိ ဒေသခံစပါးစိုက်တောင်သူများ စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

**မျိုးလွင်(မြို့နယ်ပြန်/ဆက်)**

# တစ်နိုင်တစ်ပိုင် မှိုစိုက်ပျိုးမှု မိသားစုဝင်ငွေတိုး၍ အဆင်ပြေ



**ကြို့ပင်ကောက် နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် တစ်နိုင်တစ်ပိုင် မှိုစိုက်ပျိုးမှုလုပ်ငန်းများ မိသားစုအတွက် အပိုဝင်ငွေရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မှိုစိုက်ပျိုးရာတွင် ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ကြွက်နားရွက်မှိုတို့ကိုစိုက်ပျိုးကြရာ စိုက်ပျိုးသူအများစုမှာ ကောက်ရိုးမှိုကိုသာ အများဆုံးစိုက်ပျိုးကြပြီး ငွေနှင်းမှိုနှင့် ကြွက်နားရွက်မှိုတို့ကို စိုက်ပျိုးသူနည်းပါးလျက်ရှိသည်။

ငွေနှင်းမှိုနှင့် ကြွက်နားရွက်မှိုတို့မှာ စိုက်ပျိုးသူ စတင်စိုက်ပျိုးချိန်မှ တစ်ပတ်အတွင်း စတင်မှိုထွက်ရှိပြီး တစ်ပတ်ခြားတစ်ခါ မှိုနုတ်ရကာ စိုက်ပျိုးမှုအပေါ် မူတည်ပြီး ၃ လမှ ၆ လအထိ မှိုထွက်ရှိသည်။

ယင်းမှိုစိုက်ထုပ်တစ်ထုပ်လျှင် အရင်းကျပ်၃၀၀ သာရှိပြီး တစ်ခါခူးလျှင် တစ်ထုပ်တွင် ၅ ကျပ်သားအနည်းဆုံးရရှိပြီး တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ရောင်းချရသည်။

ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့ သုံးစွဲရန်မလိုအပ်ဘဲ ရေအစိုဓာတ်ရှိရုံ တစ်နေ့သုံးကြိမ်ဖျန်းပေးရကြောင်း၊ အဆိုပါမှိုစိုက်ထုပ်များကို အလင်းအမှောင်အသင့်အတင့်ရှိသော ရုံများ၊ အခန်းများပြုလုပ်၍ စိုက်ပျိုးရကြောင်း ကြို့ပင်ကောက်မြို့ ဈေးချိုတောင်ရပ်ကွက် မြရတနာလမ်းမှ အားမာန်မှိုစိုက်ပျိုးရေးလုပ်ငန်းမှ ကိုအောင်အောင်၏ပြောပြချက်အရ သိရသည်။

**ဓေယျာထွန်း(ကြို့ပင်ကောက်)**

### ရေဘေးကာကွယ်ရေးတာတမံများ ကျိုးပေါက်မှုမရှိစေရန် ကာကွယ်ခဲ့သော လုပ်သားများနှင့် ဝန်ထမ်းများအား ဂုဏ်ပြု

**ဟင်္သာတ နိုဝင်ဘာ ၁၅**

၂၀၁၆ ခုနှစ် မိုးရာသီကာလတွင် ဟင်္သာတခရိုင်အတွင်းရှိ ရေဘေးကာကွယ်ရေးတာတမံများကျိုးပေါက်မှုမရှိစေရန် ကာကွယ်ခဲ့သော ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာတမံလုပ်သားများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက ဆည်မြောင်း မြနန္ဒီခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်နှင့် ဟင်္သာတခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာတို့က ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားခဲ့သည်။

ယင်းနောက် ဟင်္သာတခရိုင်တွင်းရှိ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်၊ ဟင်္သာတမြို့နယ်များမှ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိများနှင့် တာတမံလုပ်သား ၂၈၅ ဦးတို့အား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ခရိုင်ပြန်/ဆက်)**

### မိုးရေလှောင်ကန်ရေဝင်၍ သောက်သုံးရေအဆင်ပြေ

**ကျွန်းလှ နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကန်ပေါက်ကျေးရွာ မိုးရေလှောင်ကန်အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွမ်းမံရန်ပုံငွေဖြင့် အနက်နှိုက်ခြင်း၊ တာပေါင်မြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းမိုးရေလှောင်ကန်ကို အလျားပေ ၃၃၀၊ အနံပေ ၂၅၀၊ အနက် သုံးပေ ဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ မိုးရေနှင့် ချောင်းမြောင်းများမှ ရေဝင်ရောက်၍ သောက်သုံးရေအဆင်ပြေကြောင်း သိရသည်။ အဆိုပါရေကန်မှာ နှစ်ပေါင်း ၁၀၀ နီးပါးခန့်ရှိပြီး တစ်နှစ်မှ ရေခန်းခြောက်ခြင်းမရှိကြောင်း၊ ကျေးရွာတွင် စက်ရေတွင်း၊ လက်နှိပ်ဘုံဘိုင်တွင်းများရှိသော်လည်း ကန်ရေကိုသာသောက်ရေအဖြစ် သုံးစွဲကြကြောင်း ကျေးရွာနေပြည်သူတစ်ဦးက ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



### ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အချိန်မီပြီးစီးရေး ညှိနှိုင်းဆောင်ရွက်

**တာချီလိတ် နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများအား တင်ဒါရကုမ္ပဏီများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်လမ်း ၅ လမ်းအတွက် ငွေကျပ် ၁၇၉ ဒသမ ၅၅ သန်းဖြင့်လည်းကောင်း၊ တံတား ၇ စင်းအတွက် ငွေကျပ် ၁၆ ဒသမ ၆၂ သန်းဖြင့်လည်းကောင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ၂၀ ခုကို ငွေကျပ် ၃၈၅ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းများအနက်မှ မြန်မာတော်ဝင်သစ္စာကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် နမ့်ဆမ်ကျေးရွာအတွက် အရှည်နှစ်မိုင် စိမ့်စမ်းရေသွယ်တန်းခြင်း၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေရှိ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန် ဆောင်ရွက်ပြီးစီးမှု၊ ဝမ်မီးမိုင်နှင့် နမ့်ကိုင်းနေကျေးရွာတို့အား မြေသားလမ်းဖောက်လုပ်မည့် အစီအစဉ်များအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ထွန်း၊ မြို့နယ်ဦးစီးမှူးဦးတင်ဝင်းမောင်နှင့် ဝန်ထမ်းများက နိုဝင်ဘာပထမပတ်က ကွင်းဆင်းကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကာ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

ပြည်တွင်းရေးရာ

# ရွှေဘိုတွင် တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းကုသ




**ရွှေဘို နိုဝင်ဘာ ၁၅**

ရွှေဘိုခရိုင် တိုင်းရင်းဆေးကုသရေးဦးစီးဌာန (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ဝန်ထမ်းများနှင့် တိုင်းရင်းဆေးဆရာအသင်းတို့ပူးပေါင်း၍ နိုဝင်ဘာ ၈ ရက်က ရွှေဘိုမြို့ ပါဠိကာရီဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၁၆၃ ဦး၊ နိုဝင်ဘာ ၉ ရက်က ရွှေဘိုမြို့နယ် စည်သာကျေးရွာတွင် ရွာသူ ရွာသား ၉၇ ဦးတို့အား တိုင်းရင်းဆေးပညာဖြင့် ဆေးဝါးကုသပေးခြင်း၊ ဆေးကြပ်ထုတ်ထိုးပေးခြင်း၊ ဆေးစည်းပေးခြင်းတို့ဖြင့် ကုသမှုဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ကွင်းဆင်းကုသမှုဆောင်ရွက်ရာတွင် ဒုတိယဆေးရုံအုပ် ဒေါ်မြမြခိုင်၊ ဒုတိယတိုင်းရင်းဆေးမှူးများ၊ ဒုတိယလက်ထောက်တိုင်းရင်းဆေးမှူးများ ပူးပေါင်းဆောင်ရွက်ကြပြီး ဆေးဝါးများကို တိုင်းရင်းဆေးဦးစီးဌာနမှ ဆေးဝါးများနှင့်အတူ ကုသဆောင်ရွက်သည့်အပြင် ရုပ်ပျိုကုမ္ပဏီမှ ဆေးဝါးများလှူဒါန်းခဲ့ကြောင်း သိရသည်။ **ဂျိုးနက်**

## ဟေမာမောင်မယ် ရပ်မိရပ်ဖများလှူဒါန်းသော မီးသတ်ယာဉ်၊ သူနာပြုယာဉ်များ လွှဲပြောင်းပေးအပ်

**မန္တလေး နိုဝင်ဘာ ၁၅**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၅၀ မတည်၍ မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက်နေပြည်သူများက မီးသတ်ယာဉ်နှင့် သူနာပြုယာဉ်တို့အား ပေးအပ်လှူဒါန်းခဲ့သည်။

မီးသတ်ကွပ်ကဲရေးမော်တော်ယာဉ်နှစ်စီး၊ အရေးပေါ်မီးသတ်ရေသယ်ယာဉ်တစ်စီး၊ သူနာပြုယာဉ်တစ်စီး၊ လူထုကျန်းမာရေးလေ့ကျင့်ရန် အားကစားပစ္စည်းမျိုးစုံ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့ တစ်ထပ်ဆောင်ဆောက်လုပ်ခြင်း၊ ဟေမာမောင်မယ်အသင်းရုံးဆောက်လုပ်ခြင်း၊ ကိုယ့်အားကိုယ်ကိုးအရှည်ပေ ၇၀၀၊ အကျယ် ၂၂ ပေ ကွန်ကရစ်လမ်းခင်းခြင်းတို့အတွက် လွှဲပြောင်းပေးအပ်ခြင်းနှင့် အလှူရှင်များဂုဏ်ပြုခြင်းကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ၂၈ လမ်း၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား ဟေမာမောင်မယ်လူမှုကူညီကယ်ဆယ်ရေးအသင်းရုံးတွင် ကျင်းပခဲ့သည်။

မန္တလေးမြို့တော်ဝန်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာရဲလွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၊ ချမ်းအေးသာစံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောပြခဲ့ပြီး မီးသတ်ရေသယ်ယာဉ်၊ သူနာပြုယာဉ်၊ ကျန်းမာရေးလေ့ကျင့်သည့် အားကစားပစ္စည်းအလှူရှင်များအား မြို့တော်ဝန်ဒေါက်တာရဲလွင်ကလည်းကောင်း၊ ကွန်ကရစ်လမ်းနှင့် တစ်ထပ်အဆောက်အအုံ အလှူရှင်များအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းကလည်းကောင်း၊ မီးငြိမ်းသတ်ရေးယာဉ်နှင့် ဟေမာဇလရပ်ကွက်ဖွံ့ဖြိုးရေးအတွက် အလှူရှင်များအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်ကလည်းကောင်း၊ ကျန်အလှူရှင်များအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေကလည်းကောင်း ဂုဏ်ပြုလွှာများပေးအပ်ခဲ့ကြသည်။ **သီဟကိုကို(မန္တလေး)**

# ညောင်ကန်-လင့်မြင့်လမ်း ပျက်စီးနေ၍ ပြုပြင်ပေးရန် လိုအပ်နေ

**မကွေး နိုဝင်ဘာ ၁၅**

မကွေး-ကန်ပြား-နတ်မောက်လမ်း ညောင်ကန်ရွာအနီး လက်ဆည်ကန်လမ်းခွဲမှ ကျေးလက်ဖွံ့ဖြိုးရေးလမ်းမှာ မိုးတွင်းကာလအတွင်း ပျက်စီး၍ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများဖြစ်ပေါ်နေပြီး သီးနှံပေါ်ချိန်ကာလများ၌ ဒေသအကျိုးစီးပွားအတွက် အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း ဒေသခံများထံက သိရသည်။

၂၀၁၀ခုနှစ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ဖောက်လုပ်ခဲ့သော ဖွံ့ဖြိုးရေးလမ်းသည် ညောင်ကန်ရွာမှ လင့်မြင့်ရွာထိ ၆ မိုင် ၂ ဖာလုံ အရှည် မြေနီကျောက်ခင်းအမျိုးအစားဖြစ်ပြီး လင့်မြင့်ကျေးရွာအုပ်စုမှ လက်ဆည်ကန်၊ ဆိတ်ကြည်၊ အလယ်တည်၊ အောင်ပန်းပင်၊ လင့်မြင့်၊ သံဘိုကြီး၊ မြို့မိ၊ စမ်းရိုးကြီး စသည့် ကျေးရွာ ရှစ်ရွာနှင့် သက်ရင်းတောကျေးရွာအုပ်စုမှ စည်ပင်၊ သက်ရင်းတော ကျေးရွာနှစ်ရွာ စုစုပေါင်းကျေးရွာ ၁၀ ရွာမှ အိမ်ခြေပေါင်း ၂၀၀၀ ခန့်နေ ဒေသခံများ အသုံးပြုနေသည့်လမ်းဖြစ်ကြောင်း အလယ်တည်ကျေးရွာ ရွာခွဲအုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းထံက သိရသည်။

"မိုးကအလွန်ကောင်းနေတော့ ကားသွားလို့မရတဲ့နေရာတွေမှာ ထွန်စက်တွေငှားပြီးဆွဲရတယ်။ တာလမ်းနဲ့ ၄ မိုင် ၅ မိုင်လောက်ဝေးတဲ့ ကျွန်တော်တို့ဒေသလေး ဖွံ့ဖြိုးသွားအောင် လမ်းတွေပြင်ပေးစေချင်ပါတယ်။ အမြန်ဆုံးလုပ်မပေးနိုင်တောင် ဆိုးတဲ့နေရာလေးတွေကို အရင်ပြင်ပေးစေချင်ပါတယ်။ သွားလို့လာလို့ရတဲ့ အနေအထားလေး လုပ်ပေးရင်ကို ကျေးဇူးတင်ပါတယ်။ လက်ဆည်ကန်ရွာအရှေ့ဘက်နေရာတစ်ချက်ဆိုးတယ်။ အလယ်တည်နဲ့ လက်ဆည်ကန်ကြား ရွာအဝင်နေရာကတော့ အဆိုးဆုံးပဲ။ ရွာပြင်ကကား ရွာထဲဝင်မရ၊ ရွာထဲကကကား အပြင်ထွက်မရဖြစ်နေပါတယ်။ ဗွက်နစ်ရင် ကားဘီးမြုပ်တယ်။ လူဆိုရင်ခါးလောက်မြုပ်တယ်။ ဆိုးတဲ့နေရာက သုံးနေရာလောက်ရှိတယ်" ဟု ဒေသခံကိုသန်းအေးက ပြောသည်။

လတ်တလောတွင် လမ်းခွဲမှ အလယ်တည်ကျေးရွာအဝင်ထိ ၄ မိုင်ခန့်သာ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်သည့် ဖောကားများသွားလာ၍ရပြီး သွားလာ၍ရသော ခရီး ၄ မိုင်အတွင်း၌ပင် ဗွက်နစ်သည့်အခါ ထွန်စက်ဖြင့် တစ်ခါဆွဲလျှင် ငွေတစ်သောင်းကျပ်ပေးနေရကြောင်း၊ စည်ပင်၊ သက်ရင်းတာကျေးရွာမှ ပိုးထိလူနာတစ်ဦးကို ကားသွားလာရန်ခက်ခဲမှုကြောင့် ဆိုင်ကယ်ဖြင့်တင်ကာ ပို့ဆောင်ခဲ့ရပြီး ဆိုင်ကယ်လမ်းဆိုသည်မှာလည်း ယာပိုင်ရှင်များမှ ၎င်းတို့၏ ယာထဲမှနားလည်မှုဖြင့် သွားရန်ခွင့်ပြုထားသောလမ်းဖြစ်ကာ ဖွံ့ဖြိုးရေးလမ်းတစ်လှည့်၊ ယာထဲလမ်းတစ်လှည့် ကြုံသလိုဆိုင်ကယ်လမ်းထွင်ကာ သွားလာနေရကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"ကျေးလက်ဦးစီးကတော့ လာကြည့်ပြီး မှတ်တမ်းတင်ဓာတ်ပုံတွေရိုက်သွားတယ်။ ပြီးခဲ့တဲ့လကတည်းက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ယောက် လာလို့ လမ်းကိစ္စကိုပဲ အလေးထားပြီးတင်ပြခဲ့ပါတယ်။ ဒီလမ်းဆိုးနေလို့ရှိရင် ကျန်းမာရေးနဲ့ ပညာရေးမှာ အခက်အခဲတွေရှိတယ်။ ဒီရွာမှာ ကလေးတွေမူလွန်ထိ သင်တယ်။ လာသင်တဲ့ဆရာတွေအတွက် နေရေး၊ စားရေးက အခက်အခဲမဟုတ်ဘဲနဲ့ သွားရေးလာရေးက အခက်အခဲဖြစ်နေတော့ တချို့ဆရာတွေက မလာချင်တာမျိုးတွေ ရှိခဲ့ဖူးတယ်" ဟု အလယ်တည်ဒေသခံ ဦးလှထွန်းကပြောသည်။

မကွေးမြို့သို့ သီးနှံများရောင်းချရန်ပို့သည့်အခါ လမ်းတွင်ဗွက်နစ်၍ မနက်ပိုင်းဈေးကွက်ကိုမမီတော့ဘဲ နေ့ခင်းဘက် ဈေးကွက်အပြောင်းအလဲနဲ့ကြုံရပြီး နစ်နာမှုများကြုံခဲ့ဖူးကြောင်း၊ လက်ဆည်ကန်လမ်းခွဲမှ လက်ဆည်ကန်ရွာထိ ၃ မိုင်၊ လက်ဆည်ကန်မှ အလယ်တည်ထိ ၁ မိုင် စုစုပေါင်း ၄ မိုင်ခရီးသာရှိသော်လည်း တစ်နာရီခန့်ကားမောင်းရကာ ကားများပျက်၍ မကြာခဏပြင်ရကြောင်း ဒေသခံကားဆရာတစ်ဦး၏ပြောပြချက်အရ သိရသည်။

"မကွေးကနေ လိုက်ထရပ်နဲ့လာကြတာ၊ လက်ဆည်ကန်လမ်းခွဲရောက်တော့ ကားလေးတွေဝင်မရဘူးဆိုတာနဲ့ ငှားထားတဲ့ ဖောကားကြီးနဲ့ ပြောင်းစီးတယ်။ ဖောကားကြီးစီးလာရတာ ဆီးဖြူသီးစကောထဲထည့်လှုပ်သလိုပဲ။ လမ်းမှာ ထွန်စက်နဲ့ဆွဲတဲ့ထွလာဂျီတွေတော့ သွားနေကြတာတွေ့တယ်။ ဗွက်နစ်လို့ ထွန်စက်ခေါ်ပြီး ဆွဲရသေးတယ်။ အလယ်တည်ရွာအဝင်ရောက်တော့ ရွာထဲကားဝင်မရလို့ နွားလှည်းတွေခေါ်ပြီး လှည်းလမ်းကနေ ရွာထဲဝင်ခဲ့ရတယ်" ဟု အလယ်တည်ဘုန်းတော်ကြီးကျောင်းသို့ ကထိန်ခင်းရန်လာသော အလှူရှင်တစ်ဦးက ပြောသည်။

ကျေးရွာ ၁၀ ရွာ အသုံးပြုနေသော ၂၀၁၀ ကျေးလက်ဖွံ့ဖြိုးရေးလမ်းမှာ ဒေသခံများ၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များအတွက် လမ်းပိုင်းတစ်ခုလုံးပြုပြင်ရန်(သို့)အခက်ခဲဆုံးလမ်းနေရာများအား ပြုပြင်ရန်လိုအပ်နေကြောင်း၊ အဆိုပါလမ်းကို အသုံးပြုနေသည့် ဖောကား၊ ထွလာဂျီ၊ ထွန်စက်ယာဉ် ၁၃ စီးခန့်ရှိကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် (၈)လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၇ နာရီကဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းသစ်အား မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း ဦးဆောင်မှုဖြင့် လမ်းကော်မတီဝင်များ၊ လမ်းသူ၊ လမ်းသားများမှ စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လမ်းအရှည်မှာပေ ၉၅၀၊ လမ်းအကျယ်ပေ ၂၀ နှင့် လမ်းဒု ၈ လက်မ အထူခင်းကျင်းဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။ နိုဝင်ဘာ ၁၃ ရက် နံနက် ၇ နာရီကပြုလုပ်ခဲ့သော ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ၌ သံဃာတော် ၅ ပါးအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပြီး လမ်းဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် အာဟာရဒါန စတုဒိသာမုန့်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။ **ညီညီ(သမိုင်း)**

# ပျော်ရွှင်စရာကလေးတို့ကမ္ဘာမှသည် စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်းတွင် နိုဝင်ဘာ ၁၃ ရက်နံနက်ပိုင်းမှစ၍ မြို့နယ်အတွင်းရှိ ကလေးငယ်များပျော်ရွှင်စေရန်နှင့် စာကြည့်တိုက်ကိုအသုံးပြုတတ်လာစေရန်ရည်ရွယ်၍ ပျော်ရွှင်စရာကလေးတို့ကမ္ဘာမှသည် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါအစီအစဉ်တွင် ကလေးငယ်များအား စာပေပွဲတော်သီချင်းသံပြိုင်သီဆိုစေခဲ့ပြီး ကလေးများ စာကြည့်တိုက်တွင် ပျော်ရွှင်စေရန် အဖွဲ့လိုက်ဂိမ်းကစားခြင်း၊ ဉာဏ်ရည်ထက်မြက်စေမည့်ဂိမ်းများကစားစေခြင်း၊ ပူဖောင်းပိရမစ်ပြုလုပ်ခြင်း၊ စာဖတ်ဝိုင်းများပြုလုပ်၍ အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းအေးက ကလေးများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကာ အလှူရှင်ဦးညီညီ-ဒေါ်မိုးမိုးဦးမိသားစုတို့မှ နေ့လယ်စာထမင်းနှင့် အချိုရည်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကလေးမိဘတစ်ဦးက "ကျွန်မသမီးက မနက်အစောကြီးကတည်းက စာကြည့်တိုက်ကိုလိုက်ပို့ခိုင်းနေတာ။ သူတို့က ကစားပါကစားရတော့ ပျော်နေတာပေါ့။ ကလေးတွေကို အခုလိုလေးလုပ်ပေးတာ ကောင်းတယ်။ စာဖတ်မပျင်းတော့ဘူးပေါ့။ မဟုတ်ရင် လူကြီးတွေဆီက ဖုန်းတောင်းပြီး ဂိမ်းပဲဆော့နေတာ" ဟုပြောပြသည်။ **ဝေယံ(ဆိပ်ကြီးခနောင်တို)**



## ဆည်မြောင်းဖြတ်ကူးသည့် တံတားများနည်းပါးသည့်အတွက် တောင်သူများ လယ်ယာလုပ်ငန်းခွင်၌ အခက်အခဲကြုံတွေ့

**ရေတာရှည် နိုဝင်ဘာ ၁၅**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာချောင်းရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်းရှိ တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်သို့ ကူးလူးသွားလာနိုင်သော ရေမြောင်းဖြတ်တံတားများနည်းပါးလွန်း၍ တောင်သူများ အခက်အခဲများစွာကြုံတွေ့နေကြရကြောင်း သိရသည်။

လက်ရှိတွင် ဆွာမင်းလမ်းကျေးရွာအုပ်စု၊ တံတားကြီးကျေးရွာအနီး ရထားလမ်းအနောက်ဘက်ရှိ စပါးစိုက်ကွင်းရှိ တောင်သူများအခက်ကြုံတွေ့နေကြရကြောင်း တောင်သူများကပြောပြသည်။

"အရှေ့ဘက်မှာ ရထားလမ်း၊ အနောက်ဘက်မှာ ရေမြောင်းကြီး၊ ကျွန်တော်တို့ မိုးရာသီတုန်းကလည်း တံတားမရှိတော့ အခက်တွေ့တယ်။ တောင်ပေါ်ကျွဲ၊ လှည်းနွား၊ ထွန်စက်အစရှိတာတွေ ဖြတ်ကူးစရာနေရာမရှိဘူး။ အရင်တည်ဆောက်ထားတဲ့တံတားကလည်း ပျက်စီးသွားပါပြီ။ ခုလာမယ့်နွေစပါးရာသီချိန်မှာလည်း ကုန်ထုတ်လမ်းမရှိတာ၊ တံတားမရှိတာတွေအတွက် သွားလာရေးအခက်အခဲဖြစ်ဦးမှာပါ" ဟု တံတားကြီးကျေးရွာ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ရေလွှတ်မြောင်းတံခါးများပြုပြင်ရန် လိုအပ်လျက်ရှိသည်သာမက ရေမြောင်းဖြတ်ကူးသည့် တံတားများတည်ဆောက်ပေးမှသာ တောင်သူများ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ဆေးကုသမည့်လူနာများအား အခမဲ့ ကုသိုလ်ယူပို့ဆောင်

**ကျုံပျော် နိုဝင်ဘာ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ဒါးကမြို့ရှိ ရွှေပါရမီအခမဲ့ဆေးခန်းသို့ ဆေးဝါးသွားရောက်ကုသကြမည့် ကျုံပျော်မြို့နယ်အတွင်းရှိ လူနာများအား အလှူရှင်ဦးစောကပေါ်နှင့်အဖွဲ့က အခမဲ့အသွားအပြန်စရိတ်ခံ၍ ကုသိုလ်ယူပို့ဆောင်ပေးခြင်းကို နိုဝင်ဘာ ၁၃ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုဆေးခန်းတွင် သမင်ဖြူ၊ ခရုသင်းရောဂါ၊ အတက်ရောဂါ၊ ၄-နှစ်အထိ စကားမပြောသောရောဂါ၊ လည်ပင်းကြီး၊ နှုတ်ခမ်းကွဲနှင့် အာခေါင်ကွဲရောဂါများကို အထူးကုသမားတော်ကြီးများမှ လာရောက်ကုသပေးသွားမည်ဖြစ်ပြီး သွားရောက်ကုသမည့်လူနာများ လမ်းတွင် အခက်အခဲမရှိစေရေးအတွက် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ အရေးပေါ်လူနာတင်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးထားပြီး စားသောက်ရန်အတွက်လည်း အလှူရှင်နှင့်အဖွဲ့များက စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းဆေးကုသရာနေရာသို့မြို့နယ်အတွင်းမှ လူနာ ၁၅၃ ဦး လာရောက်ကုသမှုခံယူခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# ကောင်းမှုတော်ဘုရားပွဲဈေးမှ ထန်းခေါက်တောင်းများ ယခုနှစ်တွင် ဝယ်ယူသူနည်းပါး

**စစ်ကိုင်း နိုဝင်ဘာ ၁၅**
စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်ကြီး၏ တန်ဆောင်တိုင်ဘုရားပွဲတော်ကြီးတွင် လာရောက်ရောင်းချကြသော ထန်းခေါက်တောင်းသည်များမှာ ပုံမှန်လောက်သာရောင်းချရကြောင်း ထန်းခေါက်တောင်းသည်တစ်ဦးက ပြောသည်။



ကောင်းမှုတော်ဘုရားပွဲသို့ အနယ်နယ်အရပ်ရပ်မှ ဆယ့်နှစ်ပွဲဈေးသည်များ လာရောက်ရောင်းချကြရာ အစားအသောက်ဆိုင်များ၊ အဝတ်အထည်နှင့် စောင်သည်များ၊ ကလေးကစားစရာအရုပ်သည်များ၊ ဖျာသည်များ၊ ပလပ်စတစ်ပစ္စည်းသည်များ၊ ဆေးရွက်ကြီးသည်များ၊ စဉ့်ထည်သည်များ၊ တောင်သူလုပ်ငန်းသုံးပစ္စည်းသည်များ စသည်ဖြင့်များပြားလှသည်။ တောင်သူလုပ်ငန်းသုံးပစ္စည်းသည်များတွင်လည်း ဓား၊ တံဇဉ်၊ ဂေါ်ပြားစသည့် သံထည်ပစ္စည်းသည်များ၊ နှင်တံသည်များ၊ ဆန်ကော၊ ဆန်ခါနှင့် ထန်းခေါက်တောင်းသည်များဖြင့် စုံလင်လှသည်။ ကောင်းမှုတော်ဘုရားပွဲသည် တောင်သူလုပ်ငန်းသုံးပစ္စည်းများ အများဆုံးရောင်းချသောပွဲတော်တစ်ခုဖြစ်ပြီး တောင်သူအများစုကလည်း မိမိတို့လုပ်ငန်းအတွက်လိုအပ်သော ပစ္စည်းများကို ဤပွဲကျမှပင် တစ်နှစ်စာဝယ်ယူထားလေ့ရှိကြကြောင်း သိရသည်။

ထန်းခေါက်တောင်းသည်များမှာ စစ်ကိုင်းမြို့နယ် မူးသာ၊ တောင်မြို့နှင့် ရွာသစ်ကျေးရွာတို့မှ လာရောက်ရောင်းချကြခြင်းဖြစ်ပြီး ယခုနှစ်တွင် မူးသာကျေးရွာမှနည်းသည်ဟုဆိုသည်။ လာရောက်သည့် ထန်းခေါက်တောင်းသည် အသည်သုံးဆယ်ကျော်ရှိပြီး အချို့အသည်များမှာ ဆန်ကော၊ ဆန်ခါ၊ ဆန်ခါခုံးများနှင့် တွဲဖက်ရောင်းချကြသည်။ ယခင်နှစ်များနှင့်မတူဘဲ ယခုနှစ်သည် ထန်းခေါက်တောင်းရောင်းအားနည်းသည့်အပြင် တောင်းသည်များခြင်းကြောင့်လည်း တစ်သည်ချင်းရောင်းအားမှာ လျော့နည်းသွားပြီး ပုံမှန်သာရှိတော့သည်ဟု ထန်းခေါက်တောင်းသည်တစ်ဦးကပြောသည်။ စစ်ကိုင်းငါးထပ်ကြီးဘုရားပွဲတွင်လည်း လာရောက်ရောင်းချကြလေ့ရှိပြီး ကောင်းမှုတော်ပွဲထက်ပင် ရောင်းအားနည်းသေးသည်ဟုဆိုသည်။

လွန်ခဲ့သောလေးငါးခြောက်နှစ်ကမူ ပွဲတော်ရက်မပြီးခင်မှာပင် ရောင်းစရာတောင်းများကုန်သွားသဖြင့် ရွာမှထပ်သယ်ရသည်အထိ ရောင်းအားကောင်းခဲ့ကြောင်းနှင့် အချို့အသည်များဆိုလျှင် ထန်းလျှော်များယူလာပြီး တောင်းရက်ရင်းရောင်းရင်းပင် လုပ်ခဲ့ကြရကြောင်း ၎င်းကဆက်လက်ပြောပြသည်။ ထန်းခေါက်တောင်းသည်များမှာ ရောင်းမကုန်ဘဲ ပွဲတော်ပြီးသွားသော်လည်း တောင်းများကို မိမိရွာသို့ပြန်သယ်လေ့မရှိဘဲ ကုန်အောင်ဆက်လက်ရောင်းချလေ့ရှိပြီး အချို့အသည်များက စစ်ကိုင်းဈေးသို့ လျှော့ဈေးဖြင့်သွင်း၍ ပြန်ကြသည်ဟုသိရသည်။ ပွဲတော်လာအခြားဈေးသည်များမှာ ပွဲတော်ရက်ပြီးလျှင် ပြန်လေ့ရှိကြသည်။

ထန်းခေါက်တောင်းဈေးများမှာ ပြည်ဝင်တောင်း (တစ်ပေတောင်း) ၇၀၀ ကျပ်၊ စိတ်တောင်း ၁၁၀၀ ကျပ်၊ နောက်ချေးတောင်း(အမှိုက်တောင်း) ၁၁၀၀ ကျပ်၊ ခွဲတောင်း ၁၄၀၀ ကျပ်၊ တင်းဝင်တောင်း ၂၃၀၀ ကျပ်၊ တစ်တင်းခွဲဝင်တောင်း ၂၇၀၀ ကျပ်၊ နှစ်တင်းဝင်တောင်း ၃၅၀၀ ကျပ်ဟူ၍ အစားစားရှိကြောင်း သိရသည်။

**ဧယျာနောင်**

## လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူတို့တွေ့ဆုံပွဲပြုလုပ်



**ဗန်းမောက် နိုဝင်ဘာ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထုတွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်နံနက် ၈ နာရီခွဲက မြို့တော်ခန်းမ၌ပြုလုပ်ခဲ့သည်။

ယင်းအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးက ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ ပြည်ထောင်စုလွှတ်တော်မှ အသစ်ပြဋ္ဌာန်းသည့် ဥပဒေစုစုပေါင်း ၁၁၂ ခု၊ ပြင်ဆင်သည့်ဥပဒေပေါင်း ၁၁၁ ခု၊ ရုပ်သိမ်းသည့်ဥပဒေပေါင်း ၂၃ ခု ဥပဒေစုစုပေါင်း ၂၄၆ ခုနှင့် လွှတ်တော်ဆိုင်ရာအရပ်ရပ်ကို ရှင်းလင်းဆွေးနွေးပြီး အမှတ်(၁)၊ (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေနှင့် ဦးညီညီဟန်တို့က ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒေသခံပြည်သူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ကျန်းမာရေး၊ ပညာရေး၊ လမ်းတံတား၊ လယ်ယာမြေ၊ ဆက်သွယ်ရေး၊ စည်ပင်နှင့်ပတ်သက်သည်များ၊ စိုက်ပျိုးရေးကဏ္ဍ၊ မူးယစ်ဆေးဝါးဆိုင်ရာများနှင့် လူမှုရေးကိစ္စရပ်များကို မေးမြန်းဆွေးနွေးခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက အသီးသီးဖြေကြားခဲ့သည်။ အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမှတ်(၁)၊ (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ ၃၅၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## တာချီလိတ်၌ ကျေးလက် လမ်း၊ တံတား နှစ်တိုနှစ်ရှည် (၁၅)နှစ်စီမံကိန်းရေးဆွဲနိုင်ရေး ရှင်းလင်းဆွေးနွေး

**တာချီလိတ် နိုဝင်ဘာ ၁၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်လမ်း၊ တံတား နှစ်တိုနှစ်ရှည်စီမံကိန်းရေးဆွဲနိုင်ရေး ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာဒုတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်က လမ်း၊ တံတားများတည်ဆောက်ပေးခြင်းဖြင့် ဆက်သွယ်ရေးလွယ်ကူချောမွေ့လာမှာဖြစ်ပြီး ပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားသည်။ ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်က (၁၅)နှစ်စီမံကိန်းရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် မြို့မိမြို့ဖများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လုပ်ငန်းကဏ္ဍအလိုက် သိရှိလိုသည်များအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မိုင်းကိုးကျေးရွာအုပ်စု ယန်းခ (၂) ကျေးရွာသို့ မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ အား တာဝန်ရှိသူတစ်ဦးက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## အိမ်မဲ၌ ဆောင်းသီးနှံစိုက်ပျိုးတောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**အိမ်မဲ နိုဝင်ဘာ ၁၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်ချယ်ရီတင်နှင့် ဝန်ထမ်းများက အိမ်မဲမြို့နယ်အတွင်းရှိ ဆောင်းသီးနှံစိုက်ပျိုးတောင်သူများအတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာ ၂၇ ရက်မှစ၍ စိုက်ပျိုးမြေ တစ်ဧက တစ်သိန်းခွဲနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးစရိတ်ချေးငွေများကို အိမ်မဲမြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၉၀ အုပ်စုကိုထုတ်ချေးပေးမည်ဖြစ်ပြီး တောင်သူဦးရေ ၈၀၀၀ ကျော်၏ စိုက်ပျိုးမြေဧက ၃၅၅၀၀ ဧကအတွက်စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရန် မြန်မာ့စီးပွားရေးဘဏ်က စီစဉ်ဆောင်ရွက်ထားကြောင်းနှင့် ချေးငွေများကို ဒီဇင်ဘာ ၃၁ ရက်တွင် အပြီးထုတ်ချေးသွားမှာဖြစ်ကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေးချိန်မှ နိုဝင်ဘာ ၁၂ ရက်ထိ ကျေးရွာ ၄၃ အုပ်စု၊ အစုအဖွဲ့ ၁၇၆၈ ဖွဲ့၊ တောင်သူဦးရေ ၃၉၈၃ ဦး၊ ဧက ၁၆၅၁၇ ဧက ငွေကျပ် ၂၄၇၇၅၅၀၀၀၀ ကျပ် ထုတ်ချေးပြီးဖြစ်ကြောင်းနှင့် ယင်းနေ့တွင် ညောင်ဝိုင်းကြီး၊ သီးကွင်း၊ ကြာတန်းကျေးရွာများကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန် /ဆက်)**

# သစ်ပင်တွေပဲစိုက်မှ ဖြစ်မှာလား၊ မြေကိုပြင်ပါ မြက်လည်းစိုက်ပါ

သိန်းမော်(ထိန်းသိမ်းရေးအင်ဂျင်နီယာ)

**ယမန်နေ့မှအဆက်**

ဤနေရာတွင် အလေးအနက်ထား သတိပြုရမည့် အချက်မှာ မြေအောက်ရေနှင့် မြစ်ရေချောင်းရေတို့ အကြားရှိ တိကျသောဆက်နွှယ်မှုဖြစ်စဉ်ဖြစ်သည်။ မိုးကာလအတွင်း မိုးရေများမြေကြီးအတွင်းသို့ ကောင်းစွာ စိမ့်မဝင်နိုင်သဖြင့် မြေအောက်ရေလျော့လာရသည်။ မြေအောက်ရေ လျော့လာသဖြင့် ဆောင်းနှင့် နွေကာလတို့တွင် မြေပြင်သို့ စိမ့်စီးထွက်စရာ မြေအောက်ရေမရှိသောကြောင့် မြစ်ချောင်းများ ခန်းခြောက်ကြရသည် (မြေအောက်ရေအမှတ် လျော့ကျမှုနှင့် တစ်ချိန်တည်း မြစ်ချောင်းကြမ်းပြင်များ မြင့်တက်လာခြင်းက ခြောက်သွေ့ကာလအတွင်း မြစ်ချောင်းများ ခမ်းခြောက်မှုကို ပိုဆိုးလာစေသည်)။ မြေအောက်သို့ လုံလောက်စွာစိမ့်ဝင်နိုင်စေရန်အတွက် ဘူမိဗေဒအနေအထားအရ မြေကြီးအတွင်းသို့ ရေစိမ့်စီးဝင်ရန် လွယ်ကူသည့်မြေပြင်များတွင် တမံတုတ်၍ မိုးရေလှောင်ရေစိမ့်ဝင်ကန်များ (Percolation Ponds) ဖြစ်လာစေရန် ဖန်တီးပြုလုပ်ပေးခြင်းဖြင့် မြေအောက်ရေ ပြန်လည်ဖြည့်တင်းခြင်း (Ground Water Recharge)ကို အားဖြည့်ပေးရန်လိုသည်။ ရေစိမ့်ဝင်ကန်များက ရွာချသောမိုးရေနှင့် မြေပြင်တစ်လျှောက် စီးလာသည့်ရေကို စုစည်းသိုလှောင်ပေးပြီး မြေကြီးအတွင်း စိမ့်ဝင်စေကာ မြေအောက်ရေအောင်းလွှာများအတွင်း သိုလှောင်ထားသည့် ရေထုထည်ကို တိုးပွားစေသည်။ ရေစိမ့်ဝင်ကန် အသေးအကြီး အရွယ်အစားအမျိုးမျိုးကို မြေပြင်တွင် ပေါင်ခတ်၍ဖြစ်စေ၊ မြေကိုတူးဖယ်၍ဖြစ်စေ၊ ဆည်တမံတုတ်၍ဖြစ်စေ၊ ရှည်လျားသည့်မြေပေါင်များ ပြုလုပ်ပေးခြင်းဖြင့်ဖြစ်စေ ပုံစံအမျိုးမျိုးဖြင့် တည်ဆောက်နိုင်သည်။

### လှေကားထစ်များဖော်

စတုတ္ထအချက်အနေဖြင့် သစ်တောသစ်ပင်ကင်းမဲ့သည့် တောင်ကုန်းတောင်စောင်းများတွင် အနိမ့်အမြင့်ခြားနားချက်ကြောင့် မိုးရေဒလဟော စီးဆင်းခြင်းကို တားဆီးရန် ရေညီပြင် လှေခါးထစ်များဖော်ပေးရန်လိုသည်။ လှေခါးထစ်များအတွင်း ရေကို ဘယ်မှညာ၊ ညာမှဘယ်တစ်ဆင့်စီ စီးဆင်းစေကာ ရေစီးနှုန်းကို လျှော့ချပေးခြင်းဖြင့် မြေတိုက်စားခံမှုများမှ သက်သာစေကာ မြေကြီးအတွင်း မိုးရေကောင်းစွာ စိမ့်ဝင်နိုင်ရန်အတွက်လည်း အချိန်ပိုမို ရရှိစေမည်ဖြစ်သည်။ မြင်သာအောင်ဖော်ပြရလျှင် အမြင့်ပိုင်းနေရာများတွင် ရွာချသော မိုးရေကို အောက်ခြေရှိ မြစ်ချောင်းများအတွင်းသို့ လက်ရှိဖြစ်နေသည့်အတိုင်း အလျင်အမြန် ဒလဟော မစီးဆင်းစေဘဲ နှေးကွေးစွာစီးဆင်းစေရန် လှေကားထစ်ရေလမ်းဝက်ပါများ (Terraced Water Mazes) ဖန်တီးပေးရန်လိုသည်။ စွတ်စိုမှုကောင်းသည့် လှေကားထစ်များအတွင်း သီးနှံပင်များကိုစီးပွားဖြစ် စိုက်ပျိုးနိုင်သကဲ့သို့ နှစ်ရှည်သစ်ပင်ကြီးများကို စိုက်ပျိုးပေးခြင်းဖြင့် သစ်တောသစ်ပင်များ ပိုမိုလွယ်ကူစွာ ဖြစ်ထွန်းတိုးပွားလာစေနိုင်မည်ဖြစ်သည်။

### ရေကြီးရေလျှံမှုသက်သာ

အထက်ဖော်ပြပါအတိုင်း မြေကြီးမြေပြင်ကိုပြုပြင်လုပ်ဆောင်ပေးခြင်းအားဖြင့် မြေပြင်တစ်လျှောက် မိုးရေဖြတ်သန်းစီးဆင်းသည့်နှုန်း နှေးလာခြင်း၊ ရေစီးနှေးလာသဖြင့် မိုးရေကြောင့် ကုန်းမြေများ တိုက်စားခံရခြင်းမှ သက်သာလာခြင်း၊ ကုန်းမြေတိုက်စားခံရမှုများ လျော့နည်းလာသောကြောင့် မြစ်ချောင်းများအတွင်းသို့ သဲနုန်းပို့ချမှုများ လျော့ပါးလာစေခြင်း၊ သဲနုန်းပို့ချမှုများ လျော့နည်းလာမှုကြောင့် မြစ်ချောင်းများအတွင်း ရေကြီးရေလျှံဖြစ်မှုများမှ လျော့ပါးသက်သာလာစေခြင်း၊ မြစ်ချောင်းရေများ ပိုမိုကြည်လင်လာစေခြင်း၊ မိုးရေများ မြေကြီးအတွင်း စိမ့်ဆင်းဝင်ရောက်ချိန်တိုးလာသဖြင့် မြေအောက်ရေ ပိုမိုသိုလှောင်လာနိုင်ခြင်း၊ မြေအောက်ရေ တိုးလာခြင်းကြောင့် စိမ့်စမ်းနှင့် ရေထွက်များ ဖြစ်ပေါ်လာပြီး ခြောက်သွေ့ရာသီများတွင် မြစ်ချောင်းများအတွင်း ရေဝင်စီးဆင်းမှု တိုးလာကာ၊ ရေလမ်းကြောင်းအသုံးချနိုင်မှုများ ပြန်လည်ကောင်းမွန်လာစေနိုင်ခြင်း၊ ဒေသအလိုက် သောက်သုံးရေ ပိုမိုရရှိလာခြင်း၊ စွတ်စိုမှုကောင်းလာသည့် မြေပြင်တွင် စိုက်ပျိုးမှုများ ပိုမိုဖြစ်ထွန်းလာနိုင်ပြီး သစ်တောသစ်ပင်များလည်း ပိုမိုလျင်မြန်စွာ စိုက်ပျိုးဖြစ်ထွန်းလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

အထက်ပါ မြေကိုပြုပြင်လုပ်ဆောင်ရမည့်နည်းလမ်းများကို ချင်းပြည်နယ်အတွင်းတွင် အသုံးချဆောင်ရွက်ခြင်းမပြုသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ချင်းတောင်တန်းများ၏ မြေအမျိုးအစားမှာ ကမ်ဘီဆိုလ် (Cambisols)ခေါ် သက်နုမြေသားဖြစ်ပြီး လျော့ရဲအားနည်းသည့် ဖွဲ့စည်းမှုရှိကာ တိုက်စားခံရလွယ်ပြီး မိုးရေစိမ့်ဝင်ပြည့်ဝလာလျှင် လွယ်ကူစွာ ပြိုဆင်းကျလေ့ရှိသောကြောင့်ဖြစ်သည်။ ချင်းပြည်နယ်အတွင်း ဖြစ်လေ့ရှိသည့် တောင်ပြိုကမ်းပါးပဲ့၊ မြေကျွံနိမ့်ဆင်း၊ ရွှံ့ရေချောင်းစီးစသည့် သဘာဝဘေးအန္တရာယ်များမှ သက်သာကင်းဝေးစေရန် မြေပြိုကျနိုင်သည့် နေရာတိုင်းတွင် မြေကြီးအတွင်း မိုးရေစိမ့်ပြီး မဝင်နိုင်အောင် ရေနုတ်မြောင်းများကို အဆင့်ဆင့်စနစ်တကျ တွက်ချက်ပုံစံထုတ် တည်ဆောက်ပေးပြီး မိုးရေကို အနိမ့်ပိုင်း မြစ်ချောင်းများအတွင်းသို့ အမြန်စီးဝင်သွားနိုင်အောင် လုပ်ဆောင်ပေးရမည်ဖြစ်သည်။

> **“သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများမှကာကွယ်ရန်အတွက် သစ်ပင်မစိုက်နိုင်သေးလျှင် မြက်ကို အရင်စိုက်သင့်သည်။ ကုန်းမြေတိုက်စားခံရမှုများ၏ အခြေခံအကျဆုံးနှင့် အကျယ်ပြန့်ဆုံးဖြစ်စဉ်မှာ . . .”**

မြန်မာနိုင်ငံအတွင်း အခြားဒေသများတွင် မိုးရေကို မြေပြင်တစ်လျှောက် အချိန်အကြာဆုံး ဖြတ်သန်းစီးဆင်းစေပြီး မြစ်ချောင်းများအတွင်းသို့ အနှေးဆုံးနှုန်းဖြင့် ရောက်ရှိသွားစေရန် လုပ်ဆောင်ပေးရမည်ဖြစ်သော်လည်း ချင်းပြည်နယ်အတွင်းတွင်မူ မိုးရေကို မြေပြင်ပေါ်တွင် အချိန်အတိုဆုံးဖြင့် ဖြတ်သန်းစေပြီး မြစ်ချောင်းများအတွင်းသို့ အမြန်ဆုံးဝင်ရောက်သွားစေရန်လုပ်ဆောင်ပေးရမည်ဖြစ်သည်။

### မြက်လည်းစိုက်ပါ

သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများမှ ကာကွယ်ရန်အတွက် သစ်ပင်မစိုက်နိုင်သေးလျှင် မြက်ကိုအရင်စိုက်သင့်သည်။ ကုန်းမြေတိုက်စားခံရမှုများ၏ အခြေခံအကျဆုံးနှင့် အကျယ်ပြန့်ဆုံးဖြစ်စဉ်မှာ မြေကြီး၏အပေါ်ယံအလွှာ တိုက်စားခံရမှု (Sheet Erosion)ဖြစ်ပြီး များသောအားဖြင့် အမိုးအကာမဲ့သည့်မြေပြင်တွင် မိုးစက်တို့၏ ရိုက်ခတ်မှုကြောင့် အပေါ်ယံမြေလွှာပျက်စီးကွာထွက်၍ မိုးရေနှင့်အတူ မျောပါသယ်ဆောင်ခံရခြင်းဖြစ်သည်။ မြေကြီး၏အပေါ်ယံအလွှာ တိုက်စားပြုန်းတီးခံရမှုများမှ ကာကွယ်ရာတွင် မြက်ကို မြေပြင်အနှံ့ဖြန့်ကြက်၍ ဖြစ်စေ၊ ရေညီပြင်မျဉ်းတစ်လျှောက် မြက်ရိုးတန်းများအဖြစ်ဖြစ်စေ စိုက်ပျိုးအသုံးချနိုင်သည်။

မြက်ပင်တို့၏ သေးသွယ်ရှည်လျားသည့် အရွက်များက ကျလာသည့် မိုးစက်များကိုခံယူကာ မိုးရေကို ထိန်းထားနိုင်ပြီး မြေကြီးအတွင်း ပိုက်ကွန်သဖွယ် ဖြန့်ယှက်နေသည့် အမြစ်မျှင်များက မြေသားလျော့ထွက် လွင့်ပါသွားမှုများမှ ကာကွယ်ထားနိုင်သည်။ မြက်၏အမြစ်များ၊ ပင်စည်နှင့် အရွက်များက မြေကြီးမြေမှုန်များကို မိုးရေစီးနှင့်အတူ မျောပါမသွားနိုင်ရန် ကုတ်တွယ်တားဆီးထားပြီး ရေကိုသာဖြတ်သန်းစီးဆင်းခွင့်ပြုကြသည်။ မြက်မျိုးအများစုမှာ အစေ့မှအပင်ပေါက်သဖြင့် မြက်စေ့များကို လူဖြင့်ဖြစ်စေ၊ မြက်စေ့၊ မြေဩဇာ၊ မြေစာနှင့် ရေတို့ကို ရောစပ်၍ စက်ဖြင့်ဖြစ်စေ ကြဲပက်စိုက်ပျိုးပြန့်ပွားစေနိုင်သည်။ အချို့သော မြက်များမှာ စနစ်တကျစိုက်ပျိုးခြင်းနှင့် ပုံမှန်ထိန်းသိမ်းပေးခြင်းမရှိလျှင် ထိန်းမနိုင်သိမ်းမရ ပြန့်ပွားမှုများဖြစ်လာကာ ပတ်ဝန်းကျင်ရှိ စိုက်ပျိုးပင်များအပေါ် လွှမ်းမိုးခြင်း၊ လူမှုပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေခြင်းနှင့် ခြောက်သွေ့ရာသီများတွင် မီးဘေးအန္တရာယ်စိုးရိမ်ရမှုကို မြင့်မားစေခြင်းစသည့်ဆိုးကျိုးများ ဖြစ်လာစေနိုင်သည့်အတွက် ယင်းသို့ မလိုလားအပ်သည်များ ဖြစ်လာနိုင်ခြေအနည်းဆုံးဖြစ်ပြီး မြေတွင်ကပ်ဝပ်၍ ပေါက်တတ်သည့် အရွက်တိုမြက်မျိုးများကိုသာ ရွေးချယ်ပြီး စိုက်သင့်သည်။

မြေကြီး၏အပေါ်ယံအလွှာ တိုက်စားခံရမှု (Sheet Erosion)အပြင် ထို့ထက်ပို၍ နက်ရှိုင်းစွာတိုက်စားခြင်း ခံရသည့် ရေစီးကြောင်းတိုက်စားမှု (Rill Erosion)နှင့် မြေကြီးမြေပြင်ကို အလွန်ဆိုးရွားစွာ ပျက်စီးစေသည့် မြောင်းပေါက်တိုက်စားမှု (Gully Erosion) စသည်တို့မှ အကောင်းဆုံးကာကွယ်ရန်အတွက်မူ မြေတွင် တွယ်ကပ်အား ကောင်းလှသည့် တွန့်ကောက်ရှည်လျားသည့်အမြစ်များနှင့် ဖြောင့်တန်းသေးသွယ်ပြီး ရှည်လျား တောင့်တင်းသည့် အရွက်များပါရှိသည့် ဗက်တီဗာခေါ် မြေထိန်းမြစ်ရှည် မြက်များကို မြက်ရိုးတန်းများဖြစ်လာစေရန် ရေညီပြင်အတိုင်း အတန်းလိုက် ကျယ်ပြန့်စွာ စိုက်ပျိုးအသုံးချရန်လိုသည်။ ဗက်တီဗမြက်မှာ အစေ့မှ အပင်မပေါက်နိုင်သည့်အတွက် မလိုလားအပ်သည့် ထိန်းမနိုင်သိမ်းမရ ပြန့်ပွားမှုမျိုးဖြစ်မလာနိုင်ပါ။

ဗက်တီဗာမြက်ဆိုသည်မှာ အိန္ဒိယနိုင်ငံအတွင်း မြေတိုက်စားမှုများမှ ထိန်းသိမ်းကာကွယ်ရာတွင် ရာစုနှစ်ပေါင်းများစွာ အောင်မြင်စွာအသုံးပြုခဲ့ကြသည့် အိန္ဒိယတောင်ပိုင်းမျိုးရင်း မြက်တစ်မျိုးဖြစ်သည်။ စိုက်ပျိုးသည့် မြေသားပေါ်မူတည်ပြီး ဗက်တီဗာမြက်၏ အမြစ်များသည် ၂ မီတာမှ ၄ မီတာ(၆ ပေခွဲမှ ၁၃ ပေ)ခန့်ထိ အောက်တည့်တည့်ကို ရှည်လျားဆန့်ထွက်နိုင်ပြီး အရွက်များက အမြင့် ၁ ဒသမ ၅ မီတာ(၄းပေ)အထိ ရှည်လျားစွာ ဖြောင့်တန်းထွက်ရှိတတ်သည့် မြက်ဖုတ်မျိုးဖြစ်သည်။

ဗက်တီဗာမြက်သည် နှစ်ရှည်ပင်ဖြစ်ပြီး ကောင်းစွာဖွံ့ဖြိုး ရန် အချိန် ခြောက်လခန့်သာလိုအပ်ပြီး နုတ်ပယ်ဖျက်ဆီးခြင်းမခံရပါက နှစ် ၅၀ ထက်ပို၍ ရှင်သန်နိုင်ကြသည်။ ဗက်တီဗာမြက်ကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခြင်းဖြင့် သစ်တောသစ်ပင်ပြုန်းတီးမှု၊ သတ္တုတူးဖော်ထုတ်လုပ်မှု၊ မြေပြုပြင်ခုတ်ထွင်ရှင်းလင်းမှု စသည်တို့ကြောင့် အကာအကွယ်မဲ့နေသည့် မြေပြင်များကို မိုးရေကြောင့် တိုက်စားပြုန်းတီးခံရခြင်းမှ ကောင်းစွာ အကာအကွယ် ပေးနိုင်သည်။

မြေတိုက်စားခံပြုန်းတီးရသည့် နေရာများတွင် တစ်ပင်နှင့် တစ်ပင်ကြား အများဆုံး ခြောက်လက်မခန့် ခွာလျက် ရေညီပြင်အတန်းလိုက် မြက်ရိုးတန်းဖြစ်အောင် စိုက်ပေးခြင်းဖြင့် အပင်ကြီးထွားလာမှုနှင့်အတူ တစ်ဆက်တစ်စပ်တည်း ဖြစ်လာကာ အချင်းချင်းပူးယှက်လာသည့် ဗက်တီဗာမြက်၏ အမြစ်နှင့်အရွက်များက သဘာဝမြေထိန်းနံရံတစ်ခုကဲ့သို့ လုပ်ဆောင်ပြီး မိုးရွာမှုကြောင့်တိုက်စားခံရသည့် သဲနုန်းတို့ကို မိုးရေနှင့်အတူ မျောပါမသွားအောင် တားဆီးကာ မိုးရေစီးနှုန်းကို လျှော့ကျစေပြီး မိုးရေအပြင် မြစ်ချောင်းရေကြောင့် မြေတိုက်စားခံရမှုများမှ အကောင်းဆုံး အကာအကွယ်ပေးနိုင်သည်။

အရွက်နုကို နွား၊ ကျွဲ၊ ဆိတ်၊ ဝက်၊ ဘဲစသည့် မွေးမြူရေးတိရစ္ဆာန်များက စားသုံးကြပြီး အရွက်ရင့်လာလျှင် အမျှင်ကြမ်းများထွက်လာသဖြင့် တိရစ္ဆာန်ကျွေး၍ မရသော်လည်း အိမ်အမိုးသက်ငယ်နှင့် လက်မှုပစ္စည်းစသည်များ ပြုလုပ်ရာတွင် အသုံးပြုနိုင်ကြပြီး အရွက်ခြောက်ကို လောင်စာအနေဖြင့်လည်း အသုံးချနိုင်သည်။ အမြစ်မှထုတ်သည့် အဆီကို ဗက်တီဗာရေမွှေးအဖြစ်လည်း ဖော်စပ်ထုတ်လုပ်ကြသည်။

ဗက်တီဗာမြစ်ရှည်မြက်ကို စိုက်ပျိုးမြေကာကွယ်ရေးနှင့် မြေအောက်ရေထိန်းသိမ်းရေးအတွက် ကမ္ဘာ့ဘဏ်က အိန္ဒိယနိုင်ငံတွင် ၁၉၈၆ ခုနှစ်မှစတင်ကာ စနစ်တကျအသုံးချခဲ့ပြီး ယနေ့ကမ္ဘာအနှံ့ နိုင်ငံအများစုတွင် နည်းလမ်းများစွာဖြင့် အောင်မြင်တွင်ကျယ်စွာ အသုံးချလျက်ရှိကြသည်။ မြန်မာနိုင်ငံအတွင်း ရှမ်းပြည်နယ် ရွာငံနှင့် ပင်းတယဒေသတစ်ဝိုက်တွင် မြေတိုက်စားပြုန်းတီးမှုများမှ ကာကွယ်ရန် ၁၉၉၇-၉၈ ခုနှစ်များတွင် FAO၊ UNDP စီမံကိန်းတစ်ခုအတွင်း စမ်းသပ်စိုက်ပျိုးခဲ့ကြသည်။ ယင်းမြက်များ၏ မျိုးဆက်မြက်များကို ချင်းပြည်နယ်အပါအဝင် မြန်မာပြည်အလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများတွင် အောင်မြင်စွာ စမ်းသပ်စိုက်ပျိုးထားပြီးဖြစ်သည်။ သဲဆန်သည့်မြေပေါ်တွင် နေရောင်နှင့်ရေ လုံလောက်စွာရရှိပါက ကြီးထွားဖွံ့ဖြိုးမှု အကောင်းဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

ဗက်တီဗာမြက်ကို မြေပြင်တွင် ရေညီပြင်အတန်းလိုက် စိုက်ပျိုးပေးခြင်းကြောင့် အရှိန်အဟုန်ဖြင့် စီးဆင်းလာသည့်မိုးရေကို တားဆီးကာ ရေစီးကိုဘေးသို့ ဖြန့်ကြက်စီးဆင်းစေခြင်းဖြင့် မိုးရေစီးနှုန်းများ လျော့ကျလာစေကာ အတားအဆီးမဲ့ စီးဆင်းလေ့ရှိသော တောင်ကျချောင်းများ၏ အန္တရာယ်ကို လျော့ပါးသွားစေသည်။ ထို့အတူ မြေကြီးအတွင်းသို့ အချိန်ကြာစွာ မိုးရေစိမ့်ဝင်မှု ဖြစ်စေသဖြင့် မြေအောက်ရေကိုလည်း တိုးလာစေသည်။ ကားလမ်း၊ ရထားလမ်းများဘေးရှိ ကုန်းစောင်းမြေများ၊ မြစ်၊ ချောင်း၊ တူးမြောင်းစသည်တို့၏ ကမ်းပါးများ၊ မြေသားတမံများနှင့် ရေပေးမြောင်းများ၏ မြေသားနံရံများကို ဗက်တီဗာမြက် စိုက်ပျိုးခြင်းဖြင့် ရေကြောင့် တိုက်စားခံရခြင်းများမှ ထိရောက်စွာကာကွယ်ပေးနိုင်သည်။ ဓာတုအညစ်အကြေးနှင့် အဆိပ်အတောက်များကို အမြစ်များက ကောင်းစွာ စုပ်ယူနိုင်ခြင်းကြောင့် မိုင်းတွင်းစွန့်ပစ်မြေများရှိ အဆိပ်အတောက်များနှင့် လုပ်ငန်းမျိုးစုံမှထွက်လာသည့် ရေဆိုးရေညစ်များကို စုပ်ယူသန့်စင်ရာတွင် ဗက်တီဗာမြက်ကို အကျိုးရှိစွာ အသုံးချနိုင်သည်။

ဗက်တီဗာမြေထိန်းမြစ်ရှည်မြက်များကို စိုက်ပျိုးအသုံးချခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေပြီး နည်းပညာအရလည်း မြင့်မားရှုပ်ထွေးမှုမရှိဘဲ လူတိုင်းလည်းပါဝင်ဆောင်ရွက်နိုင်ကာ နည်းလမ်းများစွာဖြင့် အသုံးချနိုင်ပြီး အကျိုးဖြစ်ကာ အသုံးချနိုင်မှုများစွာကိုလည်း ကမ္ဘာတစ်ဝန်းကျယ်ပြန့်စွာ စမ်းသပ်အတည်ပြုမှတ်တမ်းတင်ထားရှိပြီးလည်းဖြစ်သည်။ စိုက်ပျိုးအသုံးချမှုများ တိုးပွားလာလျှင် ဗက်တီဗာမြက်ကို ပိုမိုစိုက်ပျိုးလာကြခြင်းဖြင့် ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်လာစေနိုင်မည်ဖြစ်သည်။ ဗက်တီဗာမြက်စိုက်ပျိုးအသုံးချမှုများကို စနစ်တကျနှင့်ပိုမိုကျယ်ပြန့်လာစေရန် ဆောင်ရွက်ကြခြင်းအားဖြင့် အချိန်တိုအတွင်း ထိရောက်သည့် အကျိုးဖြစ်ထွန်းမှုများကို သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းထက် ပိုမိုဆောလျင်စွာ ရရှိလာနိုင်မည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် အလွန်အမင်းပျက်စီးနေပြီး ယင်း၏ဆိုးရွားသော အကျိုးဆက်များကို ကြိမ်ဖန်များစွာ ထပ်ခါတလဲလဲ ကြုံတွေ့ခံစားနေရသည့် မြန်မာနိုင်ငံတွင် သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့်အတူ မိုးရေကို ထိန်းချုပ်နိုင်ရန် မြေပြင်ကို ကောင်းမွန်သည့်နည်းလမ်းများဖြင့် ပြုပြင်ပေးပြီး ရေတိုအကျိုးဖြစ်နိုင်သည့် မြက်ကို စိုက်ပျိုးအသုံးချသည့် နည်းလမ်းများကိုလည်း တစ်ပြိုင်နက်တည်းပေါင်းစပ်လုပ်ဆောင်ကာကွယ်နိုင်ကြမှသာ ဆက်လက်ပြီး ပိုမိုဆုတ်ယုတ်လာနေဦးမည့် ရာသီဥတုပြောင်းလဲမှုများ နှင့်အတူ အနာဂတ်တွင် ပို၍သာဆိုးရွားလာမည့် သဘာဝဘေးဒုက္ခအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဖြစ်သည်။

## လားရှိုးအသင်း (ရန်ကုန်)
## ဒုတိယ အကြိမ် နှစ်ပတ်လည် အသင်းသား စုံညီ တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

လားရှိုးအသင်း (ရန်ကုန်) မှ ဒုတိယအကြိမ်နှစ်ပတ်လည် အသင်းသားစုံညီ တွေ့ဆုံပွဲ၊ သက်ကြီး ဘိုးဘွားပူဇော်ပွဲ နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ တို့ကိုအောက်ပါအစီအစဉ်အတိုင်း ကျင်းပ ပြုလုပ်မည်ဖြစ်ပါ၍ လားရှိုးသူ၊ လားရှိုးသားများ အသင်းဝင်ထားပြီးသည်ဖြစ်စေ၊ မဝင်ရသေးသည်ဖြစ်စေ တက်ရောက်ပေးကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

နေရာ ။ ။လှိုင်မင်္ဂလာခန်းမ (ယူနန်ဘုံကျောင်း)
အမှတ် (၂၂ - အေ)၊ အောင်ဓမ္မရိပ်သာလမ်း၊
ရန်ကုန် - အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်။

နေ့ရက်။ ။(၂၄-၁၁-၂၀၁၆) ကြာသပတေးနေ့ (အမျိုးသားနေ့)။

အချိန် ။ ။မွန်းလွဲ (၁ : ၀၀) နာရီ မှ ညနေ (၅ : ၀၀) နာရီထိ။
ပထမပိုင်း အစီအစဉ် ။ ။မွန်းလွဲ (၁ : ၀၀) နာရီ မှ (၃ : ၀၀)နာရီ
အစည်းအဝေးကို မွန်းလွဲ (၂ : ၀၀) နာရီ တိတိတွင် စတင်ပါမည်။
ဒုတိယပိုင်း အစီအစဉ်။ ။မွန်းလွဲ (၃ : ၀၀) နာရီ မှ (၅ : ၀၀)နာရီ
(ဖျော်ဖြေရေး နှင့် ဧည့်ခံကျွေးမွေးခြင်း)

မှတ်ချက်။ ။ သီးသန့်ဖိတ်စာပို့၍ ဖိတ်ကြားခြင်းမရှိသည့်အတွက် ဤကြေငြာအား ဖိတ်စာအဖြစ် မှတ်ယူ၍ တက်ရောက်ပေးကြပါရန် အသိပေးအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁။ ဦးစိုင်းခွန်နောင် ၀၉-၇၃၈ ၈၅၈၈၈
၂။ ဦးအောင်နိုင် ၀၉-၅၁၂ ၇၅၁၈
၃။ ဦးစိုးထွန်းဇော် ၀၉-၄၃၁ ၁၅၆၈၈
၄။ ဒေါ်နန်းမေလီစိုး ၀၉-၅၄၀ ၀၂၄၅
၅။ ဦးစိုင်းအောင်ငွေး ၀၉-၇၃၀ ၅၅၀၉၂
၆။ ဒေါ်ဆုမွန်သိမ့်သိမ့် ၀၉-၇၈၁၅၂၀၀၁၇
၇။ ဦးမျိုးနိုင် ၀၉-၇၇၆၁၄၄၈၄၂

အလုပ်အမှုဆောင်အဖွဲ့
လားရှိုးအသင်း (ရန်ကုန်)

---

## WISE College — Certificate in Business English

နိုင်ငံတကာနှင့် ဆက်သွယ်လုပ်ကိုင်နေသော ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများ လုပ်ငန်းခွင်၌ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်မှန်ကန်စွာ ပြောဆို ဆက်သွယ်လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သောသင်တန်းဖြစ်သည်။

အင်္ဂလိပ်ဘာသာစကားကို နိုင်ငံတကာအဆင့်မီ စနစ်တကျ မှန်ကန်စွာ အသုံးပြုပြီး၊ လုပ်ငန်းခွင်အခြေအနေအတိုင်း English for Negotiation, Customer Service English, Language of Meeting, English for Presentation, Business Writing စသော အကြောင်းအရာများကို ကျွမ်းကျင် မှန်ကန်စွာ ပြောဆို ရေးသား ဆက်သွယ်လုပ်ကိုင်နိုင်ရန် စာတွေ့လက်တွေ့သင်ကြား ပေးမည်ဖြစ်သည်။

**Starting Date : 19.11.2016**

**Downtown Campus**
1st floor, 38th Street Plaza, Seikkanthar Street, Upper Block, Kyauktada Township, Yangon, Myanmar.

**Ph : 09-440 463 819, 09-440 378 781**

---

## MCC.*i* နှင့် MCC.*p* တို့တွင်
### နိုင်ငံတကာ အဆင့် ပညာ သင်ကြားရန် ကုန်ကျစရိတ် သက်သာမည့် အချိန်ပိုင်းအစီအစဉ်

(အလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက်ဖြင့်လည်း တက်ရောက်နိုင်ပါသည်။)

| | အချိန်ပိုင်း |
|---|---|
| * **B.Sc (Hons) Business IT,** (ပထမနှစ်)<br>University of Greenwich, UK<br>(ကွန်ပျူတာ သိပ္ပံ ဒီဂရီ) | ကျပ် - ၁၀ သိန်း |
| * **M.Sc (Strategic Business IT),**<br>London Metropolitan Universtiy<br>ကွန်ပျူတာ မဟာ သိပ္ပံ ဒီဂရီ | ကျပ် - ၂၅ သိန်း |
| * **BTEC (HND ဒီပလိုမာ)**<br>အင်ဂျင်နီယာ /ကွန်ပျူတာ ဒီပလိုမာ သင်တန်း<br>- Construction & Built Environment (Civil Engineering)<br>- Mechanical Engineering<br>- Electrical and Electronic Engineering<br>- Computing & Systems Development | ကျပ် - ၁၀ သိန်း |
| * **Telecom Engineering**<br>- (Huawei Certificate) Telecommunication Engineering Diploma | ကျပ် - ၁၀ သိန်း |
| * တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးသူများ စတင်တက်ရောက်နိုင်မည့် **BTEC (Level - 3 )** သင်တန်း | ကျပ် - ၁၀ သိန်း |

(သင်တန်းကြေးများကို Semaster အလိုက် နှစ်ကြိမ် ခွဲ၍ ပေးသွင်းနိုင်ပါသည်။)

**Hot-Line: 01-246634, 01-249152**

www.facebook.com/mcc.institute
www.facebook.com/mcc.polytechnic

**Opening Date: 26 November 2016**

---

## LCCI
### (UK) စာရင်းကိုင်ဒီပလိုမာသင်တန်းများ
### LCCI Level - I, II &III

✓ စာမေးပွဲ ဖြေဆိုအောင်မြင်ပါက (UK) မှ ချီးမြှင့်သည့် ဒီပလိုမာလက်မှတ်ရရှိပါမည်။
✓ သင်တန်းပြီးဆုံးအောင်မြင်ပါက Dual Tech အသိအမှတ်ပြု Certificate ရရှိပါမည်။

1. Sat,Sun (7-9) am
2. Mon,Fri (5-7) pm

11.12.16 စမည်။

**10% Off**
20.11.16 အထိ

"လူဦးရေကန့်သတ်ထားပါသည်၊"

**DUAL TECH** Ph: 01 855 0596, 09 730 20803
(၂၀၆/၂)၊ ရန်ကင်းလမ်းမကြီး၊ ၁၂ရပ်ကွက်၊ ဝန်းမှတ်တိုင်(မီးပွိုင့်ဆောင်)၊ ရန်ကင်း။

---

## မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်း၊ အမှတ်တရနှင့် ဝန်ထမ်း Uniform များအတွက် အရောင်စုံ၊ အသားစုံ၊ Design စုံ ကြိုက်ရာယူ
- ချည်သား T.Shirt - 1200 ကျပ်
  Sport Shirt - 3250 ကျပ်
  Shirt လက်တို - 3200 ကျပ်
  ဦးထုပ် - 1100 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
- **Ph:01-292129, 01-9000260, 09-250388594**
- **E.mail kyonedoe@gmail.com**

---

## လမ်းမတန်း
## (၅)ထပ်တိုက်သစ်ရောင်းမည်။

မြောက်ဥက္ကလာမယ်လမှုဘုရားမီးပွိုင့်မှ ကိုက်(၅၀၀)အကွာ၊ ဘုန်းကြီးလမ်း (အာသာဝတီ) လမ်းမပေါ် ၂၀'×၅၀' ၅ထပ်RC၊ အခန်း ၁၈ခန်း၊ အခန်းတိုင်းအဲကွန်း၊ ရေခဲသေတ္တာ၊ ဘိုထိုင်တပ်ပြီး၊ ကြွေပြားကပ်ပြီး၊ ကိုယ်ပိုင်ထရန် စဖော်မာ၊ ကိုယ်ပိုင်မီးစက်၊ ဂရံအမည်ပေါက်
ဆက်သွယ်ရန် 0943021001 သိန်း(၅၀၀၀)ညှိနှိုင်း

---

## တိုက်သစ်/တိုက်ခန်း အမြန်ရောင်းမည်

BCC ကျပြီး တိုက်သစ်တိုက်ခန်းများ လိုင်စင်ရကန်ထရိုက်ကိုယ်တိုင်ရောင်းမည်။

၁။ ၉၄၊ ရိပ်သာလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း။ (၁၁½'× ၄၇')
ပထမထပ် (၂-ခန်း)×(၂၈၀ သိန်း)၊ တတိယထပ် (၂၄၀ သိန်း)၊
စတုတ္ထထပ် (၂-ခန်း) × (၂၁၀ သိန်း)

၂။ ၉၆၊ ရိပ်သာလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း။ (၁၁½'× ၄၇')
ပထမထပ်(၂-ခန်း) × (၂၈၀ သိန်း)၊ တတိယထပ် (၂၄၀ သိန်း)
စတုတ္ထထပ် (၂-ခန်း) × (၂၁၀ သိန်း)၊ ပဉ္စမထပ် (၁၉၀ သိန်း)

☎ - ၀၁-၈၅၅၀၉၈၈၊ ၀၉-၂၅၄၄၈၇၉၃၀၊ ၀၉-၃၁၀၅၃၄၄၄

---

ဗုဒ္ဓ-ဓမ္မ-သံဃ

## Swe Zin May Co.,Ltd

ဆွေဇင်မေ — Water Pump & Water Treatment Solutions
ရေပန့်အမျိုးမျိုးနှင့် ရေသန့်စက်ပစ္စည်းဖြန့်ချီရေး




**YANGON SHOW ROOM**
၈၃၆၊ မဟာဗန္ဓုလလမ်း(မော်တင်(လမ်းသစ်လမ်း)နှင့်၉-လမ်းကြား)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 01-230-3088, 09-4211-42266, 09-4211-42277, 09-4211-42288

**MANDALAY SHOW ROOM**
၃၀၀၊ ၈၁ လမ်း(၂၄ နှင့် ၂၅ လမ်းကြား)၊ မန္တလေးမြို့။
Tel:09-910 54109, 09-201 9900, 09-2586 66511, 09-9780 23511


၂ မိနစ်ပြောတိုင်း
၂ မိနစ် အလကား
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
၂မိနစ် ပြော
၂မိနစ် အလကား
၂မိနစ် ပြော
၂မိနစ် အလကား
၂မိနစ် ပြော
၂မိနစ် အလကား
ဤအစီအစဉ်ကို * 2 2 2 2 # သို့ ခေါ်ဆိုပြီး အခမဲ့ ရယူနိုင်ပါသည်။
• "ဆွေသဟာ" အစီအစဉ်ရယူထားသော MPT ဖုန်းအသုံးပြုသူများအားလုံး ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်အထိ ရယူအသုံးပြုနိုင်ပါသည်။
• ဤအစီအစဉ်သည် MPT ဖုန်းများသို့ ဖုန်းတစ်ကြိမ်ခေါ်ဆိုတိုင်း ဆက်တိုက်ပြောဆိုမှု (၁) နာရီအထိ အကျုံးဝင်ပါသည်။
*၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage
MPT OFFICIAL သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
CALL CENTER 106
(၂၄)နာရီ အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Since 1986
**KMD Institute**



**Hotline: 09 262 600450**

www.facebook.com/kmdedu.mm

**ဘာကြောင့် KMD မှာ တက်ရောက်သင့်တာလဲ ?**

- သင်ထောက်ကူပစ္စည်းများနှင့် သင်ရိုးညွှန်းတန်း ကောင်းမွန်စုံလင်ခြင်း
- အတွေ့အကြုံရင့်ကျက်သော ဆရာ/မ များမှ စနစ်တကျ သင်ကြားပေးခြင်း
- စင်တာခွဲပေါင်း (၁၃၈)စင်တာရှိခြင်းကြောင့် နီးစပ်ရာ ကျောင်းများတွင်အလွယ်တကူ တက်ရောက်နိုင်ခြင်း

**အလုပ်ရှာဖွေလိုသူများအတွက် KMD တွင် သင်တန်းတက်ရောက်ပြီးလုပ်ငန်းခွင်သို့ဝင်ရောက်နိုင်ပါသည်။**

**လုပ်ငန်းခွင်သုံး ကွန်ပျူတာသင်တန်းများ**

- i-Office 2016
- i-Office 2013 (Advanced)
- Layout Design Course
- Graphic Design Course
- Effective Presentation with Powerpoint
- Computerized Accounting (MYOB)
- LCCI Level I, II, III(Book Keeping & Accounting)
- AutoCAD 2014
- 3D Max Engineering
- Revit Architectural
- Excel in Business Application
- Computer for Kids

အစိုးရဌာနများ၊ ကုမ္ပဏီများ၊ ကျောင်းများ၊ အသင်းအဖွဲ့များအတွက် သင်တန်းများကို လိုအပ်ချက်ပေါ်မူတည်၍ ညှိနှိုင်းသင်ကြားပေးပါသည်။

| (ပန်းဆိုးတန်း) | (သိမ်ကြီးဈေး) | (တာမွေ) | (မြေနီကုန်း) | (လမ်းမတော်) | (လှည်းတန်း-၁၂) |
|---|---|---|---|---|---|
| ၃၈၁၀၃၅၊ ၃၈၅၈၇၇ | ၃၈၄၂၆၈၊ ၃၈၄၆၄၁ | ၅၄၁၃၂၈ | ၅၂၇၄၃၆၊ ၅၀၂၂၃၃ | ၂၂၀၅၅၅၊ ၂၃၀၃၀၈၁ | ၅၂၄၄၀၀၊ ၅၀၂၂၁၁ |

**MYANMAR SECURITY EXPO**

www.MyanmarSecurityX.com



Visit HIKVISION at booth **H01** for the latest video surveillance solutions, smart IP cameras, access control & alarm systems, security systems for both commercial and government use.

**MYANMAR SECURITY EXPO 2016**
TATMADAW EXHIBITION HALL, YANGON
17-18 November: 9.30am - 5.00pm
19 November: 9.30am - 4.00pm

**3 TRIPS TO SINGAPORE TO BE WON**
Register at **www.MyanmarSecurityX.com** today
Lucky draw will be conducted daily at the Conference Theatre

SOURCE from 75 brands and latest security solutions from 17 countries
LEARN more about physical and cybersecurity from industry experts
NETWORK with speakers, solution providers and other professionals, every evening

ADMISSION IS FREE

Organised by | Co-organised by | Supported by | Conference brought to you by | Badge Sponsor | Visitor Bag Sponsor | Lanyard Sponsor
INTERPOL · ISACA · PSSA · BOSCH Invented for life · alhua · Hytera · HIKVISION

**CALIFORNIA UNITEC**
**Institute of Engineering**

Edinburgh Napier UNIVERSITY

**Edinburgh Napier University (UK) မှပေးအပ်သော B.Eng (Hons) Civil Engineering ဘွဲ့အတွက် ကျောင်းသူ/ကျောင်းသားများအားစတင်လက်ခံနေပါပြီ။**

- ၁၀ တန်းအောင်၊ GCE "O" Level အောင်၊ တက္ကသိုလ် ပထမနှစ် ⟶ **Civil Engineering Foundation Course**
- GCE "A" Level၊ တက္ကသိုလ် ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် ⟶ **HND (Level 4)** ⟶ **HND (Level 5)**
- HND နှင့် B.Tech အောင်မြင်ပြီးသူများ ⟶ **B.Eng (Hons) Civil Engineering (Edinburgh Napier University – UK)**
- B.Eng (Hons) Civil Engineering Program အတွက် Edinburgh Napier University မှ Professor ကြီးများကိုယ်တိုင် လာရောက်သင်ကြားမည်ဖြစ်ပါသည်။

ပုလဲကွန်ဒို၊ Block C နှင့် D ကြား ၊ 3F (တတိယထပ်)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
**09 250 555 558, 09 250 555 559**
**09 255 71 72 30, 09 255 71 72 40, 09 421 00 55 44**
**www.californiaunitec.com**
**www.facebook.com/californiaunitec**













SPRING LINE
★ Hlaing River Landmark ★
MODERN COMPLEX BUSINESS CENTER
Have been built
7F
BEYOND
YANGON
★ Permanent Property ★
A new business center, next to the Aung Zay Ya bridge.
ပျော်ရွှင်သော ဘဝနှင့် စီးပွားရေးကို တစ်နေရာထဲတွင် ခံစားနိုင်သည့် ဘိုးဘွားပိုင်မြေ 800000 Sqft ရှိသော လှိုင်မြစ်လမ်း အောင်ဇေယျတံတားအနီးတွင်တည်ရှိပြီး လှပသော
အင်တာနေရှင်နယ်စတိုင်လ် အဆောက်အဦးတစ်ခု ဖြစ်လာတော့မည့် Spring Line သည် ရန်ကုန်မြို့၏ စီးပွားရေးစင်တာနှင့် နေအိမ်အဆောက်အဦးတစ်ခု ဖြစ်လာတော့မည်။
800000 square feet innovative RBD,
enjoy one-stop business and life.
International style buildings occupy the most beautiful
landscape of Hlaing River and Aung Zaya Bridge.
Spring Line is the iconic Business and
residential center at Hlaing River of Yangon.
Beyond Yangon today,
for tomorrow Yangon.
SHOPPING ARCADE
BOUTIQUE BUSINESS HOTEL
SMART STAR OFFICE
VOHO & SOHO
ELITE CLUB
Hlaing River
Aung Zay Ya Bridge
Hlaing River Rd
Ba Yint Naung Rd
Insein Rd
Hlaing River
TEL: 09 7930 66666
Shwe Oak Khai Construction Co.,Ltd
Add: No 461 Kanar Middle Qtr,Hlaing River Road,
Near Aung Zay Ya Bridge,Insein Township,Yangon

ကြော်ငြာ

**FULLY LIGHT** ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာ ခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...
လိပ်စာ - ဗဟိုစင်တာ(၁)ဘီဆောင်-၈၀၁၊မြေနီကုန်း၊စမ်းချောင်း
01-503815 ,09-333 777 82,09-42 101 3085

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**ရွှေအိုးကြီး**
မြဝတီ၊ မဲဆောက်၊ ဖဒေါ်၊
ဘားအံဘုရားဖူးနှင့်ချမ်းသာမြိုင်
Hotel တည်း S/P (Visa) ဆိုင်ထမင်းကျွေး
အသွားအပြန် (75000) Nov.11.18.25
09421073634, 777636630

**နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**
အောက်တိုဘာနှင့်နိုဝင်ဘာလတွင် စရံငွေ (၂)သိန်း စာရင်းပေးသွင်းသူများနှင့်
နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများကိုအောက်ပါ အထူးဈေးနှုန်းဖြင့် ပို့ဆောင်ပေးပါမည်။
၉.၅ သိန်း ➔ ၈ ရက်ခရီး - သံဝေဇနိယ(၄)ဌာန + အဝိဇဟိတသုံးဌာန( အိန္ဒိယ + နီပေါ) Hotel-2Days
၁၀ သိန်း ➔ ၁၂ ရက်ခရီး - သံဝေဇနိယ(၄)ဌာန + အဝိဇဟိတသုံးဌာန( အိန္ဒိယ + နီပေါ) Hotel-3Days
၁၁ သိန်း ➔ ၁၅ ရက်ခရီး - သံဝေဇနိယ(၄)ဌာန + အဝိဇဟိတ(၄)ဌာန + နယူးဒေလီ၊တပ်ရှိမဟာ Hotel-5Days
၁၁.၅ သိန်း ➔ ၁၅ ရက်ခရီး - သံဝေဇနိယ(၄)ဌာန + အဝိဇဟိတ(၄)ဌာန + နယူးဒေလီ၊တပ်ရှိမဟာ +
(ကိုလ်ကတ္တား + Shopping + သိပ္ပံကမ္ဘာ + ဝိတိုရိယဘုရင်မပြတိုက်) Hotel-4Days
(၁၂)ဦး စုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ (ခရီးစဉ်အားလုံး စရိတ်ငြိမ်း ဖြစ်ပါသည်။)
ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
အမှတ် - ၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၈၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉



**ဟွန်တာမင် Homtamin**
ကျန်းမာရေးအတွက် ဟွန်တာမင်
ဂျင်ဆင်းမြို့ ရဲ့ထူးခြားမှုကြောင့်...
- သွေးထဲရှိ အဆိပ်အတောက်များကို သန့်စင်ဖယ်ရှားပေးခြင်း၊
- ခွန်အားအထူးတိုးပွားစေခြင်း၊
- သွေးတွင်းသကြားဓာတ်များလျော့ကျစေခြင်း၊
- အစာကြေညက်စေခြင်း၊
- အမောလုံခြင်း၊အပင်ပန်းခံနိုင်ခြင်း၊သက်လုံကောင်းစေခြင်း၊
- သွေးတွင်းအဆီဓါတ်များလျော့နည်းစေခြင်း၊
- ကိုယ်ခံစွမ်းအားမြင့်တက်ခြင်း
စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။
သက်တောင့်ဆေး လိုအားကိုးနိုင်ပါတယ်။
ကိုရီးယားနိုင်ငံတွင် ထုတ်လုပ်ပြီး နိုင်ငံပေါင်း(၁၂)နိုင်ငံသို့ တင်ပို့လျက်ရှိပြီး ကိုရီးယားနိုင်ငံ
MINISTRY OF COMMERCE, INDUSTRY AND ENERGY မှဆုတံဆိပ်(၂)ခု ချီးမြှင့်ခဲ့ပါသည်။
Tel : 0973083319,09977111545(YGN), 092037314,0991012541(MDY), 057-24711(MLM), 0949350126(TGY)




**လှပြည့်** 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်
ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်

**တရုတ်**
Sayar.Yang
တရုတ်စကားပြောရုံပဲဆိုရင်
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
**ENGLISH**
Conversation Practice
ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
TAMWE - 540714, 09 5183636
09 49 285182

**Fortis**
အိန္ဒိယနိုင်ငံ Fortis ဆေးရုံမှ အသည်း၊ ကျောက်ကပ်၊ နှလုံးခွဲစိတ်ဆရာဝန်ကြီးများ၏ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ အခမဲ့အနား
Dr. Vivek Vij (Noida, Forits) မှ အသည်းအစားထိုးခြင်းအကြောင်း သိကောင်းစရာ
Dr. K M Mandana (Kolkata, Forits) မှ နှလုံးရောဂါ နှင့် ကုထုံးနည်းသစ်များအကြောင်း သိကောင်းစရာ
Dr. A R Dutta (Kolkata, Forits) မှ ကျောက်ကပ်အစားထိုးခြင်းအကြောင်း သိကောင်းစရာ
ဆက်သွယ်စာရင်းပေးရန်
No. (810), G/F, Bogyoke Road, Seinn Gay Har Housing (3), Lanmadaw Tsp, Yangon. Tele : 09 4539 555 01, 09 4539 555 02
Room (6), 1st Floor, Block (2), Mingalar Mandalay, 73 Street, Behind Ocean Center, Mandalay. Tele : 09 979 020 763
Yangon
Taw Win Garden Hotel, Conferences Hall, Level-8
(Taw Win Shopping Centre) No.45, Pyay Road, Dagon Township.
Date: 19.11.2016 (Saturday), Time: 1:00 PM ~ 4:00 Pm
Mandalay
Hazel Hotel Mandalay, Ball Room , Ground Floor
Corner of 53rd and 37th Street, Mahar Aung Myay Tsp, Mandalay.
Date: 20.11.2016 (Sunday), Time: 1:00 PM ~ 4:00 Pm

**ကုန်အမှတ်တံဆိပ် သတိပေးတားမြစ်ချက်**
FALCON SUPER LUBRICANT
Falcon Super Lubricant သည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် IV/1019/1995 ဖြင့် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် မှတ်ပုံတင် ဆောင်ရွက်ထားပြီးဖြစ်ပါသည်။
FALCON SUPER LUBRICANT
Falcon
မှတ်ပုံတင်အမှတ် IV/1019/1995
အထက်ပါကုန်အမှတ်တံဆိပ်အား အတန်းအစား(၄)တွင် အပါအဝင်ဖြစ်သော ချောဆီများ၊ အမဲဆီများ နှင့် ဝတ်သက်၍ သုံးစွဲပါသည်။ ဤကုန်အမှတ်တံဆိပ် အားလိမ်လည်လှည့်စားသော နည်းဖြင့် အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်းသို့မဟုတ် ခွင့်ပြုချက်မဲ့ သုံးစွဲကြောင်းတွေ့ရှိပါက တရားဥပဒေအရ အရေးယူမည်။
**ဆုချီးမြှင့်မည်**
မြန်မာပြည် ဈေးကွက်အတွင်း FALCON အင်ဂျင်ဝိုင်အတု တင်သွင်းဖြန့်ဖြူး ရောင်းချသူနှင့် လက်ခံရောင်းချပေးသော အရောင်းဆိုင်များအားတရားဥပဒေနှင့်အညီ အရေးယူနိုင်ရန် အတိအကျသတင်းပေးပေးတော်ထုတ်နိုင်သူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်။
Myanmar Han Industries Co.,Ltd.
အမှတ်(၄၁)၊ ၁၂လမ်းအလယ်ဘလောက်၊ ရန်ကုန်။ ဖုန်း- ၂၂၆၂၅၈၂၂၆၄၀၀




**မိုး**
ဒီဇယ်မောင်းဆီ ဓာတ်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄၄
၀၉ ၅၀၅၂၀၁၅

**ဒဂုံမြို့သစ်**
အငှားတိုက်
အိမ်ခန်း
တိုက်ခန်း
မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

**ပုလုတ်တုတ်**
ဒီဇင်ဘာလ ထွက်ပြီ။
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ထွက်ပြီ။
၁,၅၀၀ ကျပ်
တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။



**သင့်စီးပွားရေး အောင်မြင်မှုအတွက် လမ်းညွှန် ..**
**မြန်မာ စီးပွားရေး လမ်းညွှန်**




Myanmar Business DIRECTORY
www.myanmarbusiness-directory.com
YGN Hotline No. 09 448001662 l MDY Hotline No. 02 4000611

## ကြော်ငြာ


OD TOUR ပြည်တွင်း၊ ပြည်ပခရီးစဉ်များ

မြဝတီ - မဲဆောက် - ဘားအံ
ဘားအံ - တောင်ပိုင်း - ရေပြာအိုင်
မော်လမြိုင် - ကျိုက္ခမီ - စက်စဲ

5 +1 FOC
စနေနေ့တိုင်း
ထွက်ပါမည်

01-504808,523187,09-5187045,09-5108087

ODYSSEY

ပြည်တွင်းပြည်ပခရီးစဉ်အမျိုးမျိုး

01 246337 246338 392870 254178

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

GETC
building a better future

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို၊
ဘွဲ့ရနှင့် လုပ်ငန်းခွင်ဝင်နေသူများအတွက်



Communicative English
General English
Business English

Enroll Now
for November Intake!

| မြေနီကုန်း | တာမွေ | အင်းစိန် | မရမ်းကုန်း(ကမ္ဘာ့အေး) |
|---|---|---|---|
| 01-537895, 09262963776 | 01-549590, 09254148006 | 09259822226/ 7 | 01-663960, 09259822220 |

ရွှေဘုန်းပြည့် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

* ဗုဒ္ဓဂယာ ၇ ဌာန (၇ညရရက်)
* ဗုဒ္ဓဂယာ ၇ ဌာန ဟိုတယ် (၇ညရရက်)
* ဗုဒ္ဓဂယာ ၈ ဌာန+နယူးဒေလီ (၁၄ည၁၅ရက်)
* မွန်ဘိုင်+အာဂျန်တာ+အယ်လိုရာ (၇ညရရက်)
* သိရိလင်္ကာ ဗုဒ္ဓမြတ်စွယ်တော် (၇ညရရက်)

အမှတ်(၇၄၈)ဇေဒိုလလမ်း၊သဃ်န်းကျွန်းမြို့နယ်။
၀၁-၈၅၆၆၁၀၁၊၀၉-၇၃၀၆၀၀၄၈၊၀၉-၂၀၅၁၄၈၇၊

ရွှေပဒုမ္မာမြေ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

* (ဗုဒ္ဓဂယာ ၊ အဝိဇဟိတ )လေးဌာန ၊ နယူးဒေလီ ၊တာ့ချ်မဟာ ၁၅ရက်
* သံဝေဇနိယလေးဌာန ၊ရာဇဂြိုလ် ၊ နာလန္ဒာ ၈ရက်
* အောက်တိုဘာလ မှ ဧပြီလ အထိ အပတ်စဉ်တိုင်း ခရီးစဉ်များ ထွက်ရှိပါသည်။

GL ပြည်တွင်းအဆင့်မြင့် ခရီးသွားလုပ်ငန်း

* တောင်ကြီး၊အင်းလေး၊ပင်းတယ (4N/5D) Dec23,29
* ပုဂံ၊မန္တလေး၊ပြင်ဦးလွင် (4N/5D) Dec23,29
* မြဝတီ၊မဲဆောက်၊ဖဒေါ် (2N/3D) Dec23,30

0973040051,0973040052,09259280727,09259280728,09259280729

MOMO - My Ooredoo, My Offer

အူရီဒူးသုံးစွဲသူတစ်ယောက်ချင်းစီအတွက် MOMO ရဲ့ ၅၀% ငွေဖြည့်
အပိုလက်ဆောင်၊ အခမဲ့ အင်တာနက်၊ ၃ ဆ အပိုလက်ဆောင်၊
Unlimited Facebook အပြင် အခြားစိတ်လှုပ်ရှားစရာ
အစီအစဉ်များစွာကို ရယူလိုက်ပါ

ooredoo



*234# ကို
အပတ်တိုင်း
ခေါ်ဆိုပါ

မိတ္တူစက် တစ်လုံးဝယ် ၊ All in One တစ်လုံးလက်ဆောင်
တန်ဖိုးမြင့်ဆုလက်ဆောင် CASH BACK များနှင့် ခွဲဝေပေးမည်
အောက်တိုဘာ ၁ ရက် မှ နိုဝင်ဘာ ၃၀ ရက်နေ့အထိ



KONICA MINOLTA
PRINTING SOLUTIONS

လက်ဆောင်ပစ္စည်းများလည်း
ထပ်မံပေးအပ်ပါမည်။

3 Years Unlimited On-site Service

Call Now
09-253 547 981

buy any
Multifunction
Copier
print|copy|scan



Get
All in one
B/W Laser printer
print|copy|scan|Fax



PagePro1590MF

FREE DELIVERY INSTALL TRAINING

အကောင်းဆုံးနဲ့ အသေးငယ်ဆုံး
အိတ်ဆောင်ပရိုဂျက်တာ vivitek
Vivid Color, Vivid Life

Qumi Q3 Plus

* Pocket Projector
* Android OS
* Wi-fi, bluetooth
* Rechargeable battery



up to 30,000 hours lamp life



Since 1951
Authorized Distributer
Gandamar
Business Solutions
HOTLINE : 09-253 547 980

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး**
**ဒေါ်နုနုရီ အသက်(၆၆)နှစ်**
**မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်း(အကြံပေး)**
**အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(ဒု-ဥက္ကဋ္ဌ-၂)**
**Yan Hee International Hospital (မြန်မာပြည်ရုံးခွဲ)**

မမနုရေ လွန်ခဲ့တဲ့(၂၁)နှစ်လောက်ကနေပြီး ဒီနေ့အထိ ခင်မင်ခဲ့ရတာတွေကို ပြန်တွေးမိတိုင်း မနေ့တစ်နေ့ကလိုပဲနော်။ အမြွာသမီးလေး(၂)ယောက်ကို လူ့လောကထဲရောက်လာအောင် ကူညီခဲ့တဲ့ မမနုရဲ့ ကျေးဇူးတွေကိုလည်း မမေ့နိုင်ခဲ့ပါဘူး။ မနေရလို့သေရမယ်ဆိုပေမယ့် အကြွေစောလိုက်တာ မမနုရယ်။ အစစအရာရာ ကူညီဖေးမပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ အစ်မတစ်ယောက် ဆုံးရှုံးလိုက်ရတာမို့ ဖြေမဆည်နိုင်အောင် ဝမ်းနည်းရပါတယ်။

ညီမတို့ပြုသမျှ ကုသိုလ်ကောင်းမှုတွေကို ရောက်ရာဘုံဘဝကနေ သာဓုခေါ်ပါ မမနုရေ--

အမျှ- အမျှ- အမျှ

ညီမလေးဘုတ်နှင့်
သမီး မောင်စိုးထက်အောင်-မမြမဥ္ဇူ
အမြွာသမီးလေး လဝန်းမြင့်မိုရ်၊ လပြည့်မြင့်မိုရ်၊ မြေး ရွှေမြင့်မိုရ်ဟံ
(ဘုတ်ဆုံမ ငရုတ်သီးမှုန့် ရောင်းဝယ်ရေး)

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ခင်မင်ရတဲ့ မမနုရေ မမျှော်လင့်ဘဲ ခွဲခွာသွားရပေမယ့် အတူသွား၊ အတူစား အတူတူလည်ပတ်ခဲ့တဲ့ နေ့လေးတွေကို ဘယ်တော့မှ မမေ့နိုင်တော့ပါဘူး။ အမြဲတမ်းသတိရနေပါတယ်။ ပြုသမျှ ကုသိုလ်ကောင်းမှုများကို ရောက်လေရာဘဝမှ သာဓုခေါ်ပါ မမနုရေ . . .

**ချစ်ညီမများ -**

| | |
|---|---|
| မဝင်းစိန် | (ဝင်းမေတ္တာစက်ပစ္စည်းနှင့် အိမ်ဆောက်ပစ္စည်း၊ ကျိုက်လတ်မြို့။) |
| မကျင်သန်း | (ရွှေဒေါင်းဆန်စက်၊ ကျိုက်လတ်မြို့) |
| မစန်းစန်းဦး | (ဘုတ်ဆုံမငရုတ်သီးမှုန့်၊ ရန်ကုန်) |
| မနွယ်နွယ်ဌေး | (မုံရွာ ဘုတ်ဆုံစတီး၊ ရန်ကုန်) |
| မကေသီ၊ မဒေဇီ | (ဘုရင့်ရုပ်ရှင်ရုံနှင့် စိန်ရတနာ၊ မော်လမြိုင်) |
| မသန်းသန်းအေး | (ဝါဝါထွန်းဝေ ရွှေဆိုင်၊ ရန်ကုန်)။ |

စတယ်လာ(Spike) ချိုချိုဖြူ(ရန်ကုန်)

# မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပွဲနှင့် ရေပွဲသဘင် စစ်တောင်းမြစ်အတွင်း ခြိမ့်ခြိမ့်သဲဆင်နွှဲ

**မဒေါက် နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပွဲတော် နောက်ဆုံးနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဒေသအသီးသီးမှ လာရောက်လည်ပတ်ကြသော ဧည့်ပရိသတ်များနှင့် စည်ကားစွာ ကျင်းပသည်။

နံနက်ပိုင်းတွင် စတုဒိသာကျွေးမွေးခြင်းများ ပြုလုပ်ကြပြီး မွန်းလွဲပိုင်းတွင် ပွဲတော်ဗဟိုမဏ္ဍပ်ကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ရေပွဲသဘင်ကို ဆက်လက်ကျင်းပရာ စစ်တောင်းမြစ်ကမ်းပါးတစ်လျှောက် အကအလှဖျော်ဖြေရေးယိမ်းအဖွဲ့ ရေယာဉ်များ၊ ယိမ်းအကအလှ ယှဉ်ပြိုင်ရေးရေယာဉ်များ၊ တက်ခုတ်ယိမ်း တက်ပုံ့ယိမ်းနှင့် ကရင်ဒုံးယိမ်းရေယာဉ်များက ယှဉ်ပြိုင်ဖျော်ဖြေခဲ့ကြပြီး ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များနှင့် မြန်မာ့ရိုးရာလှေပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

ယင်းနောက် ညနေဆည်းဆာချိန်တွင် ရှင်ဥပဂုတ္တမထေရ်မြတ်ဖောင်တော် ဒေသစာရီကြွချီရာတွင် ဖောင်တော်နှင့်အတူ ထောင်ချီသောမီးကြာခွက်များကို ကျောင်းသူလေးများ၊ ဒေသခံ လုံမငယ်များနှင့် ဒေသတွင်းအဖွဲ့အစည်းအသီးသီး၊ လူတန်းစားအသွယ်သွယ်တို့ ပါဝင်လျက် စစ်တောင်းမြစ်အတွင်း မီးမျှောပူဇော်ပွဲကို တပျော်တပါး ဆင်နွှဲခဲ့ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၆ သို့** ❒






ရှင်ဥပဂုတ္တမထေရ်မြတ်ဖောင်တော် ဒေသစာရီ ကြွချီစဉ်(ဝဲပုံ)နှင့် မီးကြာခွက်များ မီးမျှောပူဇော်ကြစဉ်(ယာပုံ)။



# လမ်းမတော် တန်ဆောင်တိုင်ပွဲတော် ကြက်ပျံမကျ စည်ကား

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်မြို့ လမ်းမတော်လမ်းထိပ်မှ အနော်ရထာလမ်းမကြီးတစ်လျှောက် မော်တင်ကီလီလမ်းထိပ်ထိ ကျင်းပနေသော လမ်းမတော် တန်ဆောင်တိုင်မီးထွန်းပွဲ ဈေးပွဲတော်မှာ ကြက်ပျံမကျ စည်ကားလျက်ရှိသည်။**(ဝဲပုံ)**

"ဒီ မီးထွန်းပွဲတော်ကို လမ်းမတော်မိသားစုတွေအနေနဲ့ကျင်းပလာတာ လွန်ခဲ့တဲ့ ဖဆပလခေတ် ဝန်ကြီးချုပ် ဦးနု လက်ထက်ကတည်းက ကျင်းပလာခဲ့တာပါ။ အစတုန်းကတော့ ဒီလောက်မစည်ကားခဲ့ပါဘူး။ ဒါပေမယ့် အခုလို အနော်ရထာလမ်းတစ်လျှောက်မှာပဲ ကျင်းပတာမျိုးမဟုတ်ပါဘူး။ မဟာဗန္ဓုလလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကမ်းနားလမ်းတွေမှာပါ လမ်းအလိုက် အပြိုင်အဆိုင် တန်ဆောင်တိုင်မီးထွန်းပွဲတွေကို ကျင်းပဖြစ်ကြပါတယ်။ လမ်းထိပ်တွေမှာဆိုရင်လည်း ရုပ်သေးတွေ၊ ကဇာတ်တွေ၊ ရုပ်သေးရုပ်အကတွေကို လမ်းအလိုက် လူငယ်၊ အမျိုးသား၊ အမျိုးသမီးလေးတွေက စုပေါင်းပြီး ကျင်းပကြပါတယ်။ အဲတုန်းကဆိုရင် ဈေးရောင်းဈေးဝယ် တစ်ဆိုင်စ နှစ်ဆိုင်စ ပဲရှိပါသေးတယ်။ အဲဒီကနေ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

